

မိုးကျော်ခသူ
မြွေတားရှင်
တာဝဉ်

## မိုးကျော်သူ

# မြွေခါးရှင်

စာစဉ်(၅)

ထိုစာသည် မန်ချူးမြို့စားကြီး ချူးခိုစွန်းက စုပင်းကွမ်းတို့ ညီအစ်ကိုထံသို့ ပေးလိုက်သော စာဖြစ်သည်။

ထိုစာတွင် စုပင်းကွမ်းတို့ ညီအစ်ကိုအား ကျန်းနန်နယ်မှာ ရှိနေသော ဂိုဏ်းအဖွဲ့အစည်းများ၏ နယ်ပယ်ကို လုယူရန် ...

သိုင်းလောကမှ ဂိုဏ်းအချင်းချင်း အထင်လွဲ အမြင်လွဲ ဖြစ်အောင် လှုံ့ဆော်ရန်နှင့် ...

ကိုယ့်အင်အားကို စုစည်းပြီး မန်ချူးတပ် ဝင်ရောက်လာသောအခါ အကူအညီပေးရန် စသည့်အကြောင်းများပင် ဖြစ်လေသည်။

ထိုစာ၏ အောက်ဆုံးတွင် မန်ချူးမြို့စားကြီးကိုယ်တိုင် လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်ထားသည်ကို တွေ့ရသည်။

ထို့အပြင် ...

မန်ချူးဘာသာဖြင့် ရေးထားသော စာများကိုပါ တွေ့မြင်လိုက်ရသည်။

မွန်ကျူးမာက ဖတ်ကြား၍ ပြီးဆုံးသွားသောအခါ အားလုံးသောလူများသည် ...

ဆူဆူညံညံဖြင့် ဒေါသထွက်ကုန်ကြသည်။

ကျွန်းပိုင်ရှင် တိန့်ချီးယင်က လီကန်း၏ သွေးကြောကိုဖွင့်လိုက်၏။

"ကဲ ပြောစမ်း၊ မင်းတို့ ဘာတွေ ကြံစည်နေကြသလဲဆိုတာ"

လီကန်း ပါးစပ်ပိတ်ထားလိုက်သည်။

"ဖြန်း ... ဖြန်း"

တိန့်ချီးယင်၏ လက်ဝါးသည် လီကန်း၏ပါးသို့ ရိုက်ချလိုက်သည်။

ဝမ်စိန်ကြည်က ထိုစာများကို မည်ကဲ့သို့ရရှိကြောင်းကို ရှင်းပြလိုက်သည်။

လီကန်းသည် ဖုံးကွယ်၍ မရမှန်း သိလိုက်သည်နှင့် ရင်ကိုကော့လိုက်သည်။

"ဟုတ်တယ်၊ မန်ချူးဟာ မကြာမီ တစ်ပြည်လုံး အုပ်ချုပ်သွားတော့မှာ၊ ခင်ဗျားတို့က မန်ချူးကို သစ္စာခံရင် ချမ်းသာမယ်၊ ရာထူးရမယ်၊ နို့မဟုတ်ရင်"

သူ၏စကားမဆုံးမီ တိန့်ချီယင်၏ လက်သီးတစ်လုံးသည် သူ၏ ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

"ဝုန်း ..."

လီကန်း၏ ခန္ဓာကိုယ်သည် လွင့်စဉ်ကျသွားပြီး မေ့မြော သွားသည်။

မုစန်းရသေ့က ဟန့်တားလိုက်၏။



တိန့်ချီယင်က ...

"ဒီလို သစ္စာဖောက်ကို သတ်ပစ်လိုက်တာပဲ ကောင်းတယ်"

မုစန်းရသေ့က ပြုံးလိုက်လေသည်။

"မလုပ်ပါနဲ့ဗျာ၊ သူတို့ကို ကျုပ်က အသုံးချစရာ ရှိသေးတယ်ဗျ"

သူသည် အားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်၏။

"အခုတော့ အချိန်မရှိတော့ဘူး၊ နောက်မှပဲ အားလုံးနဲ့ ဆွေးနွေးတိုင်ပင်မယ်၊ သူတို့မှာ အပေါင်းအဖော် ရှိလိမ့်ဦးမယ်"

အားလုံးသော လူများသည် အသီးသီး ပြန်ကုန်ကြလေသည်။

မွန်ကျူးမာသည် မိမိမှာ မသမာသူများကြောင့် ယခုကဲ့သို့ ရန်ပွားဖြစ်ရသည်ကို နောင်တရသွားလေသည်။

သူသည် ကျောက်ကုန်လေအား တောင်းပန် ပြောဆိုလိုက်သည်။

* * *

ဧည့်သည်များ အားလုံးတို့သည် အသီးသီး ပြန်ကုန်ကြတော့မှ...

မုစန်းရသေ့က ကျောပေါ်မှ ကျားကွက်ပြားကို ဖြုတ်လိုက်သည်။

ထိုကျားကွက်ပြားကို စားပွဲပေါ်သို့ ချထားလိုက်ပြီး အိတ်ထဲမှ စစ်တုရင်ရုပ်များကို နှိုက်ယူလိုက်သည်။

သူသည် ဝမ်စိန်ကြည်အား ပြုံးပြလိုက်သည်။

"မင်းကိုငါ ဘာကြောင့် သတိရသလဲဆိုတာ သိလား"

ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"စစ်တုရင် ထိုးချင်လို့ မဟုတ်လား"

"ဟား...ဟား...ဟား"

မုစန်းရသေ့က ရယ်မောလိုက်သည်။

"မင်း မဆိုးဘူး"

ဝမ်စိန်ကြည်က ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

"ကျွန်တော်နဲ့ စစ်တုရင် ကစားချင်တယ် မဟုတ်လား"

မုစန်းရသေ့က ခေါင်းညိတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့"

ဝမ်စိန်ကြည်က ရယ်မောလိုက်သည်။

"ဒါဖြင့်လည်း တစ်ပွဲလောက် ထိုးကြတာပေါ့"

မုစန်းရသေ့က လက်ချောင်း သုံးချောင်း ထောင်ပြလိုက်သည်။

"သုံးပွဲထိုးမယ်"

သူတို့သည် ထိုင်၍ စတင်ကစားကြလေသည်။

ဝင်ချင်းချင်းမှာမူ နံဘေး၌ထိုင်၍ ကြည့်နေလေသည်။

ဝင်ချင်းချင်းသည် စစ်တုရင် အကြောင်းကို လုံးဝ နား မလည်ပါ။

သူမသည် ကြည့်ရင်း အိပ်ငိုက်သွားလေသည်။



မုစန်းရသေ့က ကျောက်ဝမ်းအော့ဘက်သို့ လှည့်လိုက်လေသည်။

"ဒီမှာ မိန်းကလေး သူ့ကို မင်း အခန်းထဲခေါ်ပြီး သိပ်ထားလိုက်ပါ"

ကျောက်ဝမ်းအော့ မျက်နှာနီရဲသွားသည်။

ဤရသေ့သည် စကားမဆင်မခြင် ပြောသည်ဟု မှတ်ယူကာ တိတ်ဆိတ်နေလိုက်သည်။

မုစန်းရသေ့ မျက်မှောင်ကုပ်သွားသည်။

"ငါပြောနေတာ မကြားဘူးလား"

ကျောက်ဝမ်းအော့ ပြန်လည်ပြောပြရန် ပါးစပ်ဟလိုက်ရာ...

မုစန်းရသေ့ ရယ်မောလိုက်သည်။

"မင်းက ဘာကြောင့်နေတာလဲ၊ သူက မိန်းကလေးကွယ်၊ ယောကျ်ားလို ဟန်ဆောင်ထားတာ"

ကျောက်ဝမ်းအော့ အံ့အားသင့်သွားသည်။

"အစ်ကိုကြီးစိန်ကြည် ဟုတ်ရဲ့လား"

ဝမ်စိန်ကြည် ရယ်မောလိုက်သည်။

"ဟုတ်တယ် အပြင်မှာ သွားလာနေရတော့ ယောကျ်ားလို ဝတ်ဆင်ထားတော့ ပိုပြီး လွယ်ကူတာပေါ့"

ကျောက်ဝမ်းအော့က ရယ်မောလိုက်ပြီး ဝင်ချင်းချင်းအား သူမအခန်းသို့ ခေါ်ဆောင်သွားလေသည်။

သူမသည် ဝင်ချင်းချင်းအား ခုတင်ပေါ်သို့ လဲလျောင်းစေပြီး၊

ခေါင်းပေါင်းကို ချွတ်ကြည့်လိုက်ရာ ဝင်ချင်းချင်းမှာ မိန်းကလေး အစစ်ဖြစ်ကြောင်း တွေ့ရှိရသည်။

o o o

ဝမ်စိန်ကြည်သည် နောက်ည ချိန်းဆိုထားသည်ကို အာရုံစူးစိုက်မိသဖြင့် စစ်တုရင်ကစားရာ၌ စိတ်မပါသောကြောင့် တစ်ပွဲ ရှုံးသွားသည်။

မုစန်းရသေ့ ရယ်မောလိုက်သည်။

"ဘယ်လိုလဲ မင်းကြည့်ရတာ စိတ်မပါဘူးနဲ့တူတယ်"

ဝမ်စိန်ကြည် ခေါင်းမော့လိုက်သည်။

"နေပါဦး ဝင်ချင်းချင်းက မိန်းကလေးဆိုတာ ဦးက ဘယ်လို သိလိုက်တာလဲ"

မုစန်းရသေ့က ရယ်မောလိုက်သည်။

"ငါနဲ့ မင်း ဦးလေးကို ချူစန်းနဲ့အတူ လွန်ခဲ့တဲ့ငါးရက်က မမျှော်လင့်ဘဲ မင်းကို တွေ့မိတယ်၊ တို့က မင်းကို လာမတွေ့ဘဲ မင်းလှုပ်ရှားမှုကို လိုက်ချောင်းတော့ အားလုံး သိတာပေါ့ကွ"

ဝမ်စိန်ကြည် မျက်နှာတစ်ခုလုံး နီရဲသွားလေသည်

"ကျွန်တော်...ကျွန်တော်က စည်းကမ်း မဖောက်ပါဘူးနော်"

မုစန်းရသေ့က ရယ်မောလိုက်သည်။

"အေးပါကွာ မင်းက စည်းကမ်းရှိတယ်၊ သိုင်းပညာလည်း သိပ်ပြီး တိုးတက်တာပဲကွ"



ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"ဒါပေမယ့် ကိုယ်ဖော့ပညာကိုတော့ ဦးရဲ့ ခြေဖျားတောင် မမီပါဘူးဗျာ"

ထိုစဉ်...

အခန်းအပြင်ဘက်၌ အသံအနည်းငယ် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လူသုံးယောက်သည် ခေါင်မိုးပေါ်မှ ဆင်းလာလေသည်။

ဝမ်စိန်ကြည်က မုစန်းရသေ့အား အကဲခတ်ကြည့်လိုက်သည်။

မုစန်းရသေ့မှာမူ အေးဆေးစွာဖြင့် စစ်တုရင်ကို အာရုံစူးစိုက်နေသည်ကို တွေ့ရသဖြင့်...

သူသည် ဆက်လက် စစ်တုရင်ကို ရွှေ့နေ၏။

မုစန်းရသေ့က ခေါင်းမော့လိုက်၏။

"မင်း အစ်ကိုကြီးနဲ့ အစ်မကြီးတို့ လှုပ်ရှားမှုအားလုံး ငါတွေ့ခဲ့ပါပြီကွာ၊ စိတ်ချစမ်းပါ၊ မနက်ဖြန် ငါ မင်းကို ကူညီပါ့မယ်"

ဝမ်စိန်ကြည်က...

"ကျွန်တော်က သူတို့နဲ့ ရန်မဖြစ်ချင်ပါဘူး၊ ဒါကြောင့် ဦးက ဖျန်ဖြေပေးပါ ခင်ဗျာ"

မုစန်းရသေ့က...

"မင်း ဘာဖြစ်လို့ ကြောက်နေတာလဲ၊ ရဲရဲဝံ့ဝံ့ ပြန်တိုက်စမ်းပါ၊ မင်းဆရာက အပြစ်တင်ရင် ငါနိုင်းတယ်လို့ ပြောလိုက်"

သူတို့ပြောဆိုနေစဉ် ခေါင်မိုးပေါ်မှ နောက်ထပ် လူလေးယောက် ခုန်ဆင်းလာကြသည်။

သံမဏိ ဓားငယ်လေးလက်သည် မုစန်းရသေ့နှင့် ဝမ်စိန်ကြည်ထံသို့ ပစ်လွှင့်လာလေသည်။

မုစန်းရသေ့က လေးခုစလုံး ဖမ်းယူလိုက်ပြီး ကြည့်ပင် မကြည့်ဘဲ စားပွဲပေါ်သို့ ချထားလိုက်သည်။

ထိုလူများသည် ဒေါသခြောင်းခြောင်း ထွက်လာလေသည်၊ သူတို့သည် အထဲသို့ လှမ်းဝင်လာ၏။ လက်ထဲတွင် ဓားကိုယ်စီ ကိုင်ဆောင်ထားသည်။

မုစန်းရသေ့က ပြုံးလိုက်သည်။

"ဟော့...မင်းက ငါ့ရဲ့ စစ်တုရင်ကို ခုနစ်ခုတိတိ စားပစ်နိုင်ပါ့မလား"

ဝမ်စိန်ကြည် သဘောပေါက်လိုက်၏။

"ကျွန်တော် ကြိုးစားပါ့မယ်"

ခေါင်မိုးပေါ်မှ ဆင်းလာသော လူခုနစ်ယောက်သည် နှစ်ယောက်က စုကျားကျေးရွာ ညီအစ်ကိုတို့ကို ဖေးမလိုက်သည်၊

ကျန်ရှိနေသာ လူငါးယောက်သည် ဓားကိုယ်စီဖြင့် မုစန်းရသေ့နှင့် ဝမ်စိန်ကြည်အား ခုတ်ချလိုက်သည်။

ဝမ်စိန်ကြည်က စစ်တုရင်များကို လက်ဖြင့် ဆုပ်ကိုင်ပြီးပစ်လိုက်သည်။

"ခြွမ်း...ခြွမ်း...ခြွမ်း"



"ဝုန်း...ဝုန်း...ဝုန်း"

ထိုလူခုနစ်ယောက်၏ ဓားများသည် လက်ထဲမှ လွင့်စဉ်သွားကြပြီး ဖင်ထိုင်လဲကျ သွားကုန်လေတော့သည်။

○ ○ ○

ကျောက်ဝမ်အော့သည် ဝင်ချင်းချင်းအား စောင့်ရှုပေးနေ၏။ အသံများကြားလိုက်ရသဖြင့် ကမန်းကတန်း ပြေးထွက်လာသည်။

ညှို့ခန်းထဲ ရောက်ရှိလာသောအခါ ဝမ်စိန်ကြည်နှင့် မုစန်းရသေ့တို့က စိတ်ဝင်စားစွာ စစ်တုရင်ကို ရွှေ့နေသည်ကို တွေ့ရသည်။

မြေပေါ်၌ လူခုနစ်ယောက် လဲလျောင်းနေသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရလေသည်။

သူမသည် စကားမပြောတော့ဘဲ လက်ခုပ်သုံးချက် တီးလိုက်ရာ အတွင်းခန်းဘက်မှ လူလေးငါးယောက် ထွက်လာသည်ကို တွေ့ရသည်။

ကျောက်ဝမ်အော့က သူတို့အား အမိန့်ပေးလိုက်သည်။

"ဒီလူတွေကို ကြိုးနဲ့ တုပ်နှောင်ထားလိုက်ပါ"

ထိုလူများသည် ကြိုးလုံးကြီးကို ဖြုတ်ယူလိုက်ပြီး ထိုလူခုနစ်ယောက်အား ချည်နှောင်ထားလိုက်လေသည်။

○ ○ ○

နောက်ထပ် နာရီဝက်ခန့် ကြာပြီးနောက် ဝမ်စိန်ကြည်နှင့် မုစန်းရသေ့တို့ ပွဲပြီးသွားကြပြီ ဖြစ်သည်။

ဝမ်စိန်ကြည်က သုံးပွဲ ရှုံးသွားသည်။

မုစန်းရသေ့က အလွန်သဘောကျသွားသည်။

"ဟဲ့...ဟဲ့ မင်းက သိုင်းပညာတိုးတက်ပေမယ့် စစ်တုရင်ပညာတော့ ဘာမှ မတိုးတက်ပါလား"

ဝမ်စိန်ကြည်က...

"ဦးရဲ့ပညာက သိပ်ပြီး တိုးတက်တာကိုး ကျွန်တော် လိုက်လို့ မမီပါဘူးဗျာ"

မုစန်းရသေ့က ကျောက်ဝမ်းအော့ဘက်သို့ လှည့်လိုက်လေသည်။

"သူတို့ ကိုယ်ပေါ်မှာ ရှာကြည့်စမ်း"

ကျောက်ဝမ်းအော့က လက်တစ်ချက် ဝှေ့ယမ်းလိုက်လေသည်။

သူမ၏ ငယ်သားများသည် ထိုလူများကိုယ်ပေါ်၌ ရှာဖွေကြသည်။

သူတို့၏ ကိုယ်ပေါ်တွင် လက်နက်ပုန်းနှင့် ငွေစများအပြင် စာများနှင့် လျှို့ဝှက်စာများ ရေးကူးထားသော စာအုပ်ငယ်ကို တွေ့ရှိရသည်။

ငွေစာများအနက် တစ်စောင်မှာ မန်ချူးမြို့စားကြီးက နေပြည်တော်မှာ နေထိုင်သော ကျို့ဝှာထံသို့ ပေးစာများ ဖြစ်သည်။



ငွေစာကို ဖတ်ကြည့်သောအခါ နယ်ခြားခံတပ်မှာ တင်းကျပ်စွာ စစ်ဆေးနေသောကြောင့် ပင်လယ်ဘက်မှ ပတ်ပြီးတော့ သံတမန်တစ်ယောက် စေလွှတ်လိုက်ကြောင်း၊ အရေးကြီးသော ကိစ္စရှိလျှင် စာပါသောလူ ဟုန်းစိန်ဟိုက်နှင့် ဆွေးနွေး တိုင်ပင်ရန်ဟု ပါရှိသည်ကို တွေ့ရ၏။

မုစန်းရသေ့ ဒေါသချောင်းချောင်း ထွက်လာ၏။

"တော်တော် ယုတ်မာတဲ့ လူတွေ၊ သေပေတော့"

သူသည် ထိုလူနှစ်ယောက်အား ခြေထောက်နှင့် ကန်ရန် ဟန်ပြင်လိုက်၏။

ဝမ်စိန်ကြည်က ဟန့်တားလိုက်၏။

"မလုပ်ပါနဲ့ဗျာ၊ သူတို့ကို မေးရဦးမယ်"

မုစန်းရသေ့က...

"ဒါဖြင့် မင်း မနက်ဖြန် ငါနဲ့ သုံးပွဲထိုးရဦးမယ်"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ ဦးက စိတ်ဝင်စားရင် ဆယ်ပွဲဆိုလည်း ထိုးပါမယ်"

မုစန်းရသေ့ ကျေနပ်သွား၏။

❂ ❂ ❂

ဝမ်စိန်ကြည်သည် စကားဝှက်နှင့် စာများကို သေသေချာချာ ဖတ်ကြည့်လိုက်သောအခါ သူသည် အကြံတစ်ခု ရလာသည်။

"အင်း၊ ငါ ကံကောင်းတာပဲ၊ ဒီစာနဲ့ ဒီကစားဖဲကိုရထားတဲ့ အတွက် ငါ နေပြည်တော်ကို ဝင်ပြီး စုံစမ်းနိုင်ပါပြီ"

သူသည် ထိုလူနှစ်ယောက်အနက် တစ်ယောက်အား သွေးကြောဖွင့်ပေးလိုက်၏။

"ဟုန်းစိန်ဟိုက်ဆိုတာ ဘယ်သူလဲ"

ထိုသူက ရပ်သွင် သန့်ပြန့်ပြီး အသက် ဆုံးဆယ်ကျော်ခန့်ရှိသော လူတစ်ယောက်အား ညွှန်ပြလိုက်၏။

"သူပါပဲ"

ဝမ်စိန်ကြည်က ထိုသူ၏သွေးကြောကို ဖွင့်ပေးလိုက်လေသည်။

"မင်းနာမည် ဟုန်းစိန်ဟိုက် ဟုတ်လား"

ထိုလူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

သူသည် ဟုန်းစိန်ဟိုက်၏ လက်မောင်းကို ဆွဲလိုက်ပြီး စာဖတ်ခန်းသို့ ခေါ်ဆောင်သွားသည်။

○ ○ ○

ဝမ်စိန်ကြည်သည် ဟုန်းစိန်ဟိုက်အား ထိုင်စေပြီးလျှင်...

"မင်းက မန်ချူးမြို့စားရဲ့ သံတမန် ဖြစ်တဲ့အတွက် သစ္စာတော့ ကောင်းမှာပဲ"

ဟုန်းစိန်ဟိုက်က ပါးစပ်ပိတ်ထားသည်။

ဝမ်စိန်ကြည်က...



"ငါမေးမယ်၊ မင်းက မှန်မှန်ဖြေရမယ်၊ မဖြေဘူးဆိုရင် မင်းအသားတွေ ပြင်းထန်စွာခံပြီး မသေမရှင် ဖြစ်သွားနိုင်တယ်"

ဟုန်းစိန်ဟိုက် မဲ့ပြုံး ပြုံးလိုက်၏။

"မင်းက ငါ့ကို သိုင်းပညာနဲ့ အနိုင်ရလိုက်တာမှ မဟုတ်ဘဲ၊ အောက်လမ်းပညာနဲ့ အနိုင်ယူတာကို ကျုပ် မကျေနပ်ဘူး"

ဝမ်စိန်ကြည်က...

"မင်းကိုယ်မင်း သိုင်းပညာ သိပ်တော်တယ်လို့ ထင်နေတယ် ဟုတ်လား"

ဟုန်းစိန်ဟိုက်က ပါးစပ်ပိတ်ထား၏။

ဝမ်စိန်ကြည်က...

"မင်းဟာ တရုတ်လူမျိုးဖြစ်ပြီး မန်ချူးနဲ့ပေါင်းတာ အမျိုးသားသစ္စာဖောက်တစ်ယောက် ဖြစ်တယ်၊ မင်းကို ငါ သတ်လိုက်ရင်လည်း ဘာမှ မဖြစ်ဘူး၊ ဒါပေမယ့် မင်းက သိပ်မကျေနပ်သေးဘူးဆိုရင် တို့ နောက်ထပ် ယှဉ်ပြိုင်ကြမယ်၊ မင်းရှုံးရင် ကျုပ်မေးတာကို မှန်မှန် ဖြေရမယ်"

ဟုန်းစိန်ဟိုက် ဝမ်းသာသွား၏။

"ကောင်းပြီလေ မင်းက ငါ့ကိုသာ အနိုင်ရတယ်ဆိုရင် မေးချင်တာမေး အကုန်ဖြေမယ်"

ဝမ်စိန်ကြည် ပြုံးလိုက်၏။

သူသည် စားပွဲရှိရာသို့ လျှောက်သွားပြီးလျှင် စာတစ်ရွက် ဖြန့်လိုက်၏။

ထို့နောက်...

မင်းများကိုသွေးပြီး စုတ်တံဖြင့် သုတ်လိုက်လေသည်။

ကဲ...ကျုပ်က ဒီမှာ စာရေးမယ်"

သူသည် အနည်းငယ် စဉ်းစားလိုက်၏။

"ဘာရေးရင် ကောင်းမလဲ"

သူသည် အနည်းငယ် စဉ်းစားလိုက်ပြီးမှ...

"ဟုတ်ပြီ ကျုပ်က စစ်ထွက်သူ ကဗျာရေးမယ်"

ဟုန်းစိန်ဟိုက်က ယှဉ်ပြိုင်ရန် အသင့်ပြင်ထားပြီးမှ ဝမ်စိန်ကြည်က စာရေးရန် အသင့် ပြင်ထားသည်ကို တွေ့ရသဖြင့် ကြောင်အမ်းအမ်းဖြင့် ထိုင်ချလိုက်သည်။

ဝမ်စိန်ကြည်က...

"မထိုင်ပါနဲ့"

သူသည် ဘယ်ဘက်လက်ဝါးကို ဆန့်ထုတ်လိုက်၏။

"ကျုပ်စာရေးမယ်၊ မင်းက ငါ့ကို ကြိုးစားပြီး တွန်းပါ၊ ငါ့ရဲ့ ခန္ဓာကိုယ် နည်းနည်းလေး လှုပ်သွားသည်ဖြစ်စေ၊ ငါရေးတဲ့ စာ တွန့်လိမ်သွားသည်ဖြစ်စေ၊ မင်းက အနိုင်ရမယ်၊ မင်းကိုလည်း ချက်ချင်း လွှတ်လိုက်မယ်"

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

"ငါ ကဗျာတစ်ပုဒ် ရေးပြီးသွားသည်အထိ မင်းက ငါ့ကို ရွေ့လျားအောင် မလုပ်နိုင်ဘူးဆိုရင် ငါမေးတဲ့ မေးခွန်းကို မလိမ်မညာဘဲ အမှန်အတိုင်း ဖြေရမယ်"



ဟုန်းစိန်ဟိုက် ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား"

သူသည် ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"တခြားနည်းနဲ့ ယှဉ်ပြိုင်ပါကွာ၊ ဒီနည်းနဲ့ ငါအနိုင်မယူပါဘူး"

ဝမ်စိန်ကြည်က...

"ဘာဖြစ်လို့လဲ"

ဟုန်းစိန်ဟိုက်က...

"မင်းဟာ အသက်ငယ်ပါသေးတယ်၊ သိုင်းပညာကို သိပ်ပြီး အမြင်ကျဉ်းတယ်၊ မင်းတတ်ထားတဲ့ ပညာနဲ့ အခုလို ယှဉ်ပြိုင်တာ မင်းရှုံးသွားမှာပေါ့ကွာ"

ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ မင်းနိုင်အောင်သာ ကြိုးစားပါ"

သူသည် စုတ်တံ မြှောက်ပြလိုက်သည်။

"ကဲ...ငါရေးတော့မယ်၊ မင်း ကြိုးစားပေတော့"

သူသည် စက္ကူအဖြူပေါ်သို့ စတင်၍ စာရေးလိုက်လေသည်။

ဟုန်းစိန်ဟိုက်သည် လက်ဝါးနှစ်ခုပေါ်သို့ ခွန်အားစုစည်းလိုက်၏။

လူ၏လက်ဝါးနှစ်ဖက်သည် ပင်လယ်လှိုင်း သိုင်းကွက်ဖြင့် ဝမ်စိန်ကြည်၏ ဘယ်ဘက်လက်ဝါးအား တွန်းလိုက်လေသည်။

ဝမ်စိန်ကြည်က လက်ဝါးကို အနည်းငယ် စောင်းပေးလိုက်

သည်နှင့် ဟုန်းစိန်ဟိုက်၏ လက်ဝါးနှစ်ဖက်သည် ချော်ထွက်သွားလေသည်။

ဟုန်းစိန်ဟိုက်သည် လက်ဝါးလွဲသွားသည်နှင့် သိုင်းကွက်ကို ပြောင်းလိုက်၏။

သူ၏ ဘယ်ဘက်လက်ဝါးသည် အောက်သို့ ဖိချလိုက်ပြီး ညာဘက်လက်ဝါးကို အပေါ်သို့ မတင်လိုက်သည်။

သူသည် ဝမ်စိန်ကြည်၏ လက်မောင်းကို ရိုက်ချိုးရန်ပင် ဖြစ်သည်။

ဝမ်စိန်ကြည်က လက်တစ်ဖက်ဖြင့် စာရေးရင်း...

"မင်းရဲ့ သိုင်းကွက်က မိုးအောက်မြေပြင် ဖြစ်ရမယ်၊ ဒီသိုင်းကွက်ဟာ စန်းတုံနယ် ပုဟိုက်ဂိုဏ်းရဲ့ ထူးခြားတဲ့ သိုင်းကွက်တစ်ကွက်ပဲ၊ ဒီလိုဆိုရင် မင်းက ပုဟိုက်ဂိုဏ်းသား တစ်ယောက်ဖြစ်ရမယ်"

သူသည် ပြောပြီး လက်ကိုပြန်လည် ရုပ်သိမ်းလိုက်ရာ သူ၏ လည်တစ်ဖက်သည် ငါးတစ်ကောင်ကဲ့သို့ လက်ဝါးနှစ်ခု ညှပ်ထားသည့်ကြားမှ ချော်ထွက်လာလေသည်။

"ဖပ်..."

ဟုန်းစိန်ဟိုက်၏ လက်ဝါးနှစ်ဖက်က အရှိန်လွန်သွားသဖြင့် အချင်းချင်း ရိုက်မိသွားသည်။

ဟုန်းစိန်ဟိုက် ခံပြင်းလာသည်။



သူ၏ ပုဟိုက်ဂိုဏ်း၊ သိုင်းပညာရပ်များကို အစွမ်းကုန်အသုံးပြုလိုက်ပြီး အဆက်မပြတ် တိုက်ခိုက်လေသည်။

ဝမ်စိန်ကြည်က ထိုင်လျက် လက်တစ်ဖက်ဖြင့် စာရေးရင်း ကျန်လက်တစ်ဖက်က သူ၏ တိုက်ကွက်များကို တစ်ကွက်ပြီး တစ်ကွက် ဖြေဖျောက်လိုက်သည်။

ဟုန်းစိန်ဟိုက် အံ့သြသွားသည်။

ဝမ်စိန်ကြည်၏ လှုပ်ရှားမှုမှာ ဘယ်ဘက် ပခုံးအထိသာ ဖြစ် သည်။

သူ၏ ခန္ဓာကိုယ် အပေါ်ပိုင်းသည် လုံးဝလှုပ်ရှားခြင်း မပြုပါချေ။

သူသည် ဖိ၍တိုက်ခိုက်သောအခါ လုံးဝ ယိမ်းယိုင်ခြင်း မရှိဘဲ တည်ငြိမ်စွာ စာရေးနေသည်ကို တွေ့ရ၏။

ဟုန်းစိန်ဟိုက်၏ နဂါးလက်ဝါး သိုင်းကွက်သည် ကုန်ဆုံးသွားတော့မည်ဖြစ်ရာ ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"မင်းရဲ့ နဂါးလက်ဝါး ကိုးကွက်ပဲ ကျန်တော့တယ်၊ ငါ့ကဗျာကတော့ ဆုံးတော့မယ်၊ မင်းကို ညာတာတဲ့အနေ ငါ စောင့်နေပါ့မယ်၊ မင်းက သိုင်းကွက်တစ်ကွက် တိုက်တဲ့အခါမှာ ငါစာတစ်လုံးပဲ ရေးမယ်"

ဟုန်းစိန်ဟိုက်သည် တိုက်ခိုက်ရင်း ထိတ်လန့်တုန်လှုပ်သွားသည်။

"ဒီလူက ဘာကြောင့် ငါ့သိုင်းကွက်ကို ဒါလောက်တောင် ကျွမ်းကျင်နေရတာလဲ"

သူသည် ယင်းသို့ စဉ်စားရင်း နောက်ဆုံးသိုင်းကွက် ကိုးကွက်ကို တစ်ကွက်ပြီး တစ်ကွက် တိုက်လိုက်လေသည်။

နဂါးလက်ဝါး၏ နောက်ဆုံး ကိုးကွက်မှာ အလွန်ပြင်းထန်ပြီး ထက်မြက်လှသည်။

ဟုန်းစိန်ဟိုက်သည် ဝမ်စိန်ကြည်အား မနိုင်မှန်းသိလိုက်သဖြင့် သူသည် တိုက်ကွက်အား ပြောင်းလိုက်၏။

သူ၏ ရည်ရွယ်ချက်မှာ ဝမ်စိန်ကြည် ထိုင်နေသော ကုလားထိုင်အား ရိုက်ချိုးနိုင်ခဲ့လျှင် ဝမ်စိန်ကြည်၏ ကိုယ်ခန္ဓာမှာ ရွေ့လျားသွားမည် ဖြစ်၏။

ထို့ကြောင့် သူသည် နောက်ဆုံး နှစ်ကွက် ကျန်ရှိသောအခါ...

သူ၏ လက်နှစ်ဖက်သည် ကုလားထိုင်ကို တွန်းထုတ်လိုက်သည်။

သို့သော်...

အဘယ်ကြောင့်မှန်းမသိ၊ စွမ်းအားတစ်ခုသည် သူ၏ ချိုင်းအောက်သို့ ဝင်ရောက်လာပြီး သူ၏ ခန္ဓာကိုယ်တစ်ခုလုံး မတင်၍ ပစ်လိုက်ခြင်း ဖြစ်၏။

သူ၏ ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်သွားပြီး မြေပေါ်သို့ ဖင်ထိုင်ကျသွားသည်။



သူသည် သတိရလာသောအခါ မိမိ ရှုံးနိမ့်သွားသည်ကို တွေ့ရှိရ၏။

သူသည် စိတ်ပျက်စွာဖြင့် လူးလိမ့်၍ ထလိုက်၏။

ထိုစဉ်မှာပင်...

ကျောက်ဝမ်းအော့က ရေနွေးကြမ်း ပန်းကန်လုံးယူ၍ အခန်းထဲသို့ ဝင်ရောက်လာသည်။

ကျောက်ဝမ်းအော့သည် ရေနွေးကြမ်း ပန်းကန်ကို ဝမ်စိန်ကြည်၏ စားပွဲပေါ်သို့ တင်ထားလိုက်၏။

ဝမ်စိန်ကြည်က စုတ်တံကို ချထားလိုက်ပြီး ရေးထားသော စာရွက်ကို ယူ၍ ပြလိုက်သည်။

"မင်းလာတာနဲ့ အတော်ပဲ၊ ငါရေးထားတဲ့ ကဗျာကို ကြည့်စမ်းပါ၊ စာလုံးများ လိန်သွားသလား၊ တွန့်သွားသလား"

ကျောက်ဝမ်းအော့ ကြည့်လိုက်သည်။

"အစ်ကိုကြီးက ဇော်သိုင်းပညာလည်း မဆိုးဘူး၊ ကဗျာရေးထားတာ တော်တော် လှသားပဲ"

ဝမ်စိန်ကြည်က ထိုစာရွက်ကို ဟုန်းစိန်ဟိုက်အား ထောင်ပြလိုက်သည်။

"မင်း ကျေနပ်ပြီ မဟုတ်လား"

ဟုန်းစိန်ဟိုက်က ပါးစပ်ပိတ်ထားလိုက်၏။

ကျောက်ဝမ်းအော့က ပြုံးလိုက်သည်။

"ဒီကဗျာကို ကျွန်မ အခန်းထဲမှာ ချိတ်ထားဖို့ ပေးပါလား ရှင်..."

ဝမ်စိန်ကြည် ရယ်မောလိုက်သည်။

"အခန်းထဲမှာပဲ ချိတ်ထားပါ၊ တခြားလူ တွေ့သွားရင် လက်ရေးမလှဘူးလို့ ကဲ့ရဲ့နေပါဦးမယ်"

ကျောက်ဝမ်းအော့က ကဗျာစာရွက်ကိုယူ၍ အခန်းထဲမှ ထွက်ခွာသွားသည်။

❂ ❂ ❂

ဝမ်စိန်ကြည်သည် ဟုန်းစိန်ဟိုက်အား စေ့စေ့ကြည့်လိုက်သည်၊

"ကဲ... ပြောစမ်း၊ မန်ချူးမြို့စားကြီးက မင်းကို ဘာခိုင်းလိုက်သလဲ"

ဟုန်းစိန်ဟိုက် မပြောဘဲ ပါးစပ်ပိတ်ထားသည်။

ဝမ်စိန်ကြည်က...

"မင်းက ငါ့ကို နိုင်သလား၊ ရှုံးသလား"

ဟုန်းစိန်ဟိုက် ခေါင်းငုံ့ထားလိုက်၏။

"ကျုပ် ရှုံးသွားပါတယ်"

ဝမ်စိန်ကြည်က...

"မင်းကိုယ်တိုင် မင်းရဲ့ ဘယ်ဘက်ချိုင်းအောက်က ဒုတိယ နံရိုးကို စမ်းကြည့်စမ်းပါ၊ ဘယ်လို ခံစားနေရသလဲဆိုတာ"



ဟုန်းစိန်ဟိုက်က စမ်းကြည့်လိုက်၏။

သူသည် ထိတ်လန့်သွားသည်။

"အဲဒီနေရာ ထုံကျင်နေပါလား"

ဝမ်စိန်ကြည်က...

"ညာဘက်ခါးကို စမ်းကြည့်စမ်းပါ"

ဟုန်းစိန်ဟိုက်က လက်ဖြင့် နှိပ်ကြည့်လိုက်ရာ...

"အောင်မယ်လေး နာလိုက်တာ"

ဟု လွှတ်ခနဲ အော်မိလေသည်။

ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"ဘယ်လို [illegible]"

ဟုန်းစိန်ဟိုက်က...

"သွားမထိရင် ဘာမှမဖြစ်ဘူး၊ ထိလိုက်တာနဲ့ နာသွားတော့တာပဲ"

ဝမ်စိန်ကြည် ပြုံးလိုက်၏။

"ဒီလို ဖြစ်ရမှာပေါ့"

သူသည် ကျောက်ဝမ်းအော့ လာရောက် ပို့သွားသော ရေနွေးကြမ်း ပန်းကန်ကိုယူ၍ သောက်ရင်း စားပွဲပေါ်မှ စာအုပ်တစ်အုပ်ကို ယူ၍ ဖတ်နေ၏။

ဟုန်းစိန်ဟိုက်က ဝမ်စိန်ကြည် ကိုယ့်ဘာသာကိုယ် စာဖတ်နေသည်ကို တွေ့ရသောအခါ...

သူသည် ထွက်ပြေးချင်သည်။

သို့သော်...

ထွက်မပြေးဝံ့ချေ။

အတန်ကြာတော့မှ...

ဝမ်စိန်ကြည် ခေါင်းမော့လိုက်၏။

"မင်း မသွားသေးဘူးလား"

ဟုန်းစိန်ဟိုက် ဝမ်းသာသွား၏။

"ကျုပ်ကို သွားခွင့်ပေးသလား"

ဝမ်စိန်ကြည်က...

"ငါ မင်းကိုမဖိတ်ဘဲ မင်းဟာမင်း [illegible]ာတာ၊ ဒါကြောင့် မင်းသွားမယ်ဆိုလည်း ငါမတားပါဘူး"

ဟုန်းစိန်ဟိုက် ဝမ်းသာသွား၏။

"ခင်ဗျားရဲ့ကျေးဇူး မမေ့ပါဘူး"

သူသည် အရိုအသေ ပြုလိုက်၏။

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်ပြီး စာဖတ်နေ၏။

ဟုန်းစိန်ဟိုက်သည် သူ့အား တစ်စုံတစ်ယောက်က ဟန့်တားမည်ကို စိုးရိမ်သဖြင့် ပြတင်းပေါက်မှ ခုန်ထွက်သွားသည်။

လှည့်ကြည့်လိုက်သောအခါ ဝမ်စိန်ကြည် စာဖတ်နေတုန်းပင် ဖြစ်သည်။

သူသည် စိတ်ချလက်ချဖြင့် ပြေးလွှား ထွက်ခွာသွားလေသည်။

❂ ❂ ❂



ကျောက်ဝမ်းအော့သည် ဝမ်စိန်ကြည်က မိမိတို့၏ မိသားစုအပေါ် ကျေးဇူးအလွန်ကြီးသည်ကို သိရှိနားလည်ထားသဖြင့် သူမသည် ဝမ်စိန်ကြည်အား လိုလေသေးမရှိ ပြုစုလေသည်။

သူမသည် ရေနွေးကြမ်း ပို့ပြီးသည့်နောက် မအိပ်သေးဘဲ အခြေအနေကို အကဲခတ်နေ၏။

ညဥ့်နက်သန်းခေါင်ကျော်ပြီး မိုးလင်းခါနီးအထိ အခန်းထဲမှ မီးရောင်များ ရှိနေသေးသည်ကို တွေ့ရသဖြင့် သူမသည် စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ပြုလုပ်၍ အခန်းထဲသို့ သွားရောက်ပို့ပေးလေသည်။

"အစ်ကိုကြီး မအိပ်သေးဘူးလား"

သူမသည် စားသောက်ဖွယ်ရာများ ချထားပြီး မေးမြန်းလိုက်သည်။

ဝမ်စိန်ကြည် ပြုံးပြလိုက်၏။

"ဟုတ်ကဲ့ အစ်ကိုက လူတစ်ယောက်ကို စောင့်နေလို့ပါ"

သူ၏ စကားမဆုံးမီမှာပင် ပြတင်းပေါက်မှ လူတစ်ယောက် ခုန်ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

❂ ❂ ❂

အခန်းထဲသို့ လူတစ်ယောက် ခုန်ဝင်လာသည်ကို တွေ့မြင်လိုက်ရသော ကျောက်ဝမ်းအော့သည် ထိတ်လန့်တုန်လှုပ်သွားသည်။

သူမက သေချာကြည့်လိုက်သောအခါ ထိုလူမှာ ဟုန်းစိန်ဟိုက် ဖြစ်သည်ကို တွေ့ရသည်။

သူသည် ကျောက်ဝမ်းအော့အား ခေါင်းညိတ်ပြလိုက်ပြီး ဝမ်စိန်ကြည်ရှေ့သို့ ဒူးထောက်လိုက်သည်။

"ကျုပ်အမှားကို သိပါပြီဗျာ၊ ကျုပ်အသက်ကို ကယ်ပါ"

ဝမ်စိန်ကြည်က...

"ကဲပါ ဒူးထောက်မနေပါနဲ့၊ ထပါ"

ဟုန်းစိန်ဟိုက် မထဘဲ ဒူးထောက်မြဲ ထောက်နေ၏။

"အခုချိန်ကစပြီး ကျုပ် နောင်တရပါပြီ၊ အမှားကိုလည်း ပြုပြင်ပါ့မယ်"

ကျောက်ဝမ်းအော့သည် ဟုန်းစိန်ဟိုက်၏ ပြုမူပုံများကို ကြည့်ကာ အံ့သြနေမိသည်။

ဝမ်စိန်ကြည်က လက်နှစ်ဖက်ဖြင့် ဟုန်းစိန်ဟိုက်၏ ချိုင်းအောက်သို့ မတင်လိုက်ရာ...

ဟုန်းစိန်ဟိုက်၏ ခန္ဓာကိုယ်သည် ကျွမ်းတစ်ပတ်ပတ်ပြီး မြေပေါ်သို့ ဖင်ထိုင်ကျသွား၏။

သူသည် မိမိ၏ ချိုင်းအောက်သို့ စမ်းကြည့်ရာ မျက်နှာတစ်ခုလုံး ဖြူးရွှင်သွားသည်။

သူသည် ရင်ဝကို ဖိကြည့်လိုက်သောအခါ မျက်နှာရှုံ့မဲ့သွားပြန်လေသည်။

ဝမ်စိန်ကြည်က...

"မင်း နားလည်ပြီလား"



ဟုန်းစိန်ဟိုက်သည် အလွန်ပါးနပ်သော လူတစ်ယောက် ဖြစ်သည်။

ဝမ်စိန်ကြည် သဘောကို နားလည်လိုက်၏။

"ခင်ဗျား မေးချင်တာမေးပါ၊ ကျုပ်သိသလောက် အမှန်အတိုင်း ပြောပြပါ့မယ်"

ကျောက်ဝမ်းအော့သည် အလိုက်သိစွာဖြင့် အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

ဟုန်းစိန်ဟိုက်သည် အခန်းထဲမှ ထွက်ခွာသွားပြီးမှ အဘယ်ကြောင့် ပြန်လည် ရောက်ရှိလာပါသနည်း။

အကြောင်းကား...

သူသည် ဝမ်စိန်ကြည်ထံမှ ထွက်ခွာသွားသောအခါ ကိုယ်ဖျောက်ပညာကို အသုံးပြုပြီး တည်းခိုခန်းမှ ပြန်သွားလေသည်။

အခန်းထဲရောက်သော် အင်္ကျီကို ချွတ်ကြည့်လိုက်သည်။

သူရင်ဘတ်ပေါ်၌ ကြေးပြားအရွယ်ရှိသော အနီကွက်ကလေး တစ်ကွက်ကို တွေ့ရှိလိုက်သည်။

လက်ဖြင့် စမ်းကြည့်သောအခါ မည်သို့မှ မခံစားဘဲ ရှိနေ၏။

ချိုင်းအောက်သို့ စစ်ဆေးကြည့်သောအခါ ပဲသီးစေ့အရွယ် အမည်းစက်ကလေးသုံးစက် ရှိနေသည်ကို တွေ့ရ၏။

သူသည် လက်ဖြင့်စမ်းကြည့်ရာ အလွန်နာကျင်ကြောင်း ခံစားလိုက်ရ၏။

သူသည် ခုတင်ပေါ်၌ တင်ပျဉ်ခွေ ထိုင်ချပြီး အတွင်းအားကို ရှူရှိုက်လိုက်သည်။

အသက်ကို ဖြည်းဖြည်းရှူလိုက်သည်နှင့် အလွန်နာကျင်သော ဝေဒနာကို ခံစားလိုက်ရသည်။

သူသည် ကမန်းကတန်း လဲလျောင်းလိုက်သောအခါ လုံးဝ နာကျင်ခြင်း မရှိသည်ကို တွေ့ရသည်။

ယင်းကဲ့သို့....

သုံးကြိမ်တိတိ စမ်းကြည့်လိုက်သောအခါ ဤအတိုင်း ဖြစ်နေ၏။

ထို့ကြောင့်...

သူသည် ဝမ်စိန်ကြည်၏ လက်ချက်ဖြစ်ကြောင်း နားလည်လိုက်လေသည်။

သူသည် စိတ်ပျက်စွာဖြင့် ဝမ်စိန်ကြည်ထံသို့ ပြန်လာရခြင်း ဖြစ်လေသည်။

○ ○ ○

ဝမ်စိန်ကြည်က...

"မင်းကိုယ်ပေါ်ရဲ့ နေရာနှစ်ခုမှာ ဒဏ်ရာနှစ်ခုရှိတယ်၊ တစ်နေရာမှာတော့ နာတယ်၊ အဲဒါ ငါက မင်းကို ကုပေးပြီးပြီ၊ ကျန်တဲ့ တစ်နေရာကတော့ ဘာမှ မခံစားရဘူး၊ ဒါပေမယ့် သုံးလကျော်သွားတာနဲ့ အဲဒီ ထုံကျင်တဲ့ နေရာဟာ တဖြည်းဖြည်း ကျယ်ပြန့်လာမယ်၊



မင်းရဲ့ရင်ဝမှာ ထုံကျင်လာတယ်လို့ ခံစားလိုက်ရတဲ့အခါမှာ သေရမယ့် နေ့လို့ပဲ တွက်ပါ"

ဟုန်းစိန်ဟိုက်က ခူးထောက်လိုက်ပြီး ကြမ်းနှင့်နဖူးနှင့် တိုက်လိုက်သည်။

ဝမ်စိန်ကြည်က...

"မင်းဟာ မန်ချူးရဲ့ လက်ပါးစေ ဖြစ်တဲ့အတွက် မင်းကို သတ်သင့် သတ်ထိုက်တယ်လို့ ယူဆတယ်၊ ဒါပေမယ့် မင်းက နောင်တရတယ်ဆိုရင် မင်းကို လမ်းတစ်ခု ဖွင့်ပေးလိုက်ရမှာပဲ"

ဟုန်းစိန်ဟိုက်၏ မျက်နှာအစုံတွင် မျက်ရည်များ ကျလာသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်အခုလို လုပ်ရတာ ကိုယ့်လူမျိုးနဲ့ ကိုယ့်နိုင်ငံအပေါ် သစ္စာဖောက်တယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"တစ်ချိန်တုန်းက ကိစ္စတစ်ခုကြောင့် မလွဲမရှောင်သာတဲ့ အခြေအနေ ဖြစ်သွားလို့ အခုလို ရန်သူရဲ့လက်ပါးစေ ဖြစ်သွားရတာပါ"

ဝမ်စိန်ကြည်သည် ဟုန်းစိန်ဟိုက်မှာ တကယ်ပင် နောင်တရလာသည်ကို တွေ့ရသဖြင့်...

"ကဲ...ထိုင်ပါဦး၊ မင်းရဲ့ အခက်အခဲ ဘာလဲဆိုတာ ပြောပါဦးလေ"

ဟုန်းစိန်ဟိုက်က ထ၍ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

"ကျုပ် အခုလို လုပ်မိလုပ်ရာ လုပ်ခဲ့တာက လူနှစ်ယောက် ကြောင့် ဖြစ်ပါတယ်"

ဝမ်စိန်ကြည် မျက်မှောင်ကုပ်သွား၏။

"ဘယ်သူများပါလိမ့်"

ဟုန်းစိန်ဟိုက်က...

"ဝါစန်းကိုဏ်းက စွန်းကျုံးချင်းနဲ့ ကွေ့စင်းလုမိန်းမ ဖြစ်တယ်"

ဝမ်စိန်ကြည် အံ့ဩသွားသည်။

"သူတို့နှစ်ယောက်ကိုး"

ဟုန်းစိန်ဟိုက်...

"ခင်ဗျားက သူတို့ကို သိသလား"

ဝမ်စိန်ကြည်က...

"သိရုံဘယ်ကမလဲ၊ ခုန "သူတို့နဲ့တောင် သိုင်းပညာချင်း ယှဉ်ပြိုင်ခဲ့သေးတယ်"

ဟုန်းစိန်ဟိုက် အံ့အားသင့်သွားသည်။

"သူတို့နှစ်ယောက် သိုင်းပညာ အလွန်တော်ပါတယ်၊ ဒါပေ မယ့် ခင်ဗျားကိုတော့ နိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် သူတို့ ဆရာ တပည့်နှစ်ယောက်က အလွန်ရက်စက် ကြမ်းကြုတ်တယ်၊ သူတို့ကို သတိထားရလိမ့်မယ်"

ဝမ်စိန်ကြည်က...

"ပြောပါဦး၊ သူတို့နှစ်ယောက်က မင်းကို ဘာလုပ်လို့လဲ"

ဟုန်းစိန်ဟိုက်က...



"ဒီလိုပါ၊ ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်က စွန်းကျုံးချင်း အပေါ် မေတ္တာရှိလို့ သူ့ကို သွားတောင်းရမ်းပါတယ်၊ လက်မခံရင် လက်မခံဘူးပေါ့၊ အခုတော့ အဲဒီလိုမဟုတ်ဘဲ သူ့ရဲ့ နားရွက်နှစ်ဖက် ကို ဖြတ်လိုက်ပါတယ်"

ဝမ်စိန်ကြည် မျက်မှောင်ကုပ်သွား၏။

ဟုန်းစိန်ဟိုက်က စကားဆက်လိုက်သည်။

"ကျုပ်က မခံချင်တာနဲ့ လူတွေစုပြီး သွားလုဖို့ ပြန်ကြိုးစား ပါတယ်၊ အဲဒီတုန်းက စွန်းကျုံးချင်းရဲ့ဆရာ ရောက်လာပြီး ကျုပ် မိတ်ဆွေကို သတ်လိုက်ပါတယ်၊ ကျန်တဲ့လူတွေ သေတဲ့လူက သေ ပြီး ပြေးတဲ့လူက ပြေးသွားကြပါတယ်"

ဝမ်စိန်ကြည်က...

"ဒါကတော့ မင်းက ရန်စတာကိုး"

ဟုန်းစိန်ဟိုက်က...

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျုပ်က အဲ့ဒီက ပြေးလာပြီး အိမ်ထဲမှာပဲ နေလိုက်ပါတယ်"

သူသည်ပြောရင်း အသံပင် တုန်ခါနေသည်။

"သူတို့က ကျုပ်ရဲ့လိမ်စာ စုံစမ်းပြီး လိုက်လာပါတယ်၊ ကျုပ်ရဲ့ အသက်ခုနစ်ဆယ်ရှိတဲ့ အမေရယ်၊ ကျုပ်ဇနီးနဲ့ သားသမီး သုံးယောက်စလုံးကို သတ်ပစ်လိုက်ပါတယ်"

ဝမ်စိန်ကြည်သည် နားထောင်ရင်း စွန်းကျုံးချင်းတို့က ရက် စက်ကြမ်းကြုတ်သည်ကို စိတ်မကောင်း ဖြစ်နေ၏။

ဟုန်းစိန်ဟိုက်က စကားဆက်လိုက်၏။

"ကျုပ်က သူတို့ကို ကလဲ့စားချေချင်တယ်၊ ဒါပေမယ့် သိုင်းပညာက သူတို့ကို မကျော်နိုင်ဘူး၊ ဒါကြောင့် မန်ချူးမြို့စား လက်အောက်ကို ခံယူလိုက်ရပါတယ်"

ဝမ်စိန်ကြည်က...

"သူက မင်းရဲ့အမေနဲ့ သားသမီးများကို သတ်ပစ်လိုက်တာ လွန်လွန်းပါတယ်၊ ဒါပေမယ့် ဒါဟာ သူနဲ့ မင်းတို့မိသားစုရဲ့ ရန်ငြိုးပါ၊ မင်းအခု လုပ်ရပ်ကတော့ မန်ချူးရဲ့ လက်ပါးစေ ဖြစ်နေတယ်၊ ဒါဟာ မလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စပဲ"

ဟုန်းစိန်ဟိုက်က ...

"ဟုတ်ပါတယ်၊ သူတို့လက်အောက်ကို ဝင်ပြီးမှ နောင်တရမိပါတယ်၊ အခုလည်း မလွှဲမရှောင်သာလို့ သူတို့ခိုင်းတာ လုပ်နေရတာပါ"

ဝမ်စိန်ကြည်က ...

"ကဲ ... ပြောစမ်းပါဦး၊ မန်ချူးမြို့စားကြီးက မင်းကိုဘာခိုင်းလိုက်လို့လဲ"

ဟုန်းစိန်ဟိုက်သည် မန်ချူးမြို့စားကြီးက ဝန်မင်းကျိုဝါဖုကို ချိန်းဆို၍ မန်ချူးတပ်မတော် ဝင်ရောက်လာသည့်အခါမှာ မြို့ရိုးတံခါးဖွင့်ပေးရန်နှင့် မည်ကဲ့သို့ လျှို့ဝှက် အမှတ်အသားများဖြင့် ဆက်သွယ်ရန် တို့ကို အသေးစိတ် ပြောပြလိုက်လေသည်။



ဝမ်စိန်ကြည်သည် ရန်သူ၏သတင်းကို ရရှိလိုက်သဖြင့် ဝမ်းသာသွားလေသည်။

"မင်းက အမှန်ပြောလိုက်တဲ့အတွက် မင်းကို ရွေးချယ်ခွင့်ပြုလိုက်မယ်၊ မင်းသွားလိုရာ သွားလိုသလား၊ ဒါမှမဟုတ် ငါ့ဆီမှာပဲ နေမလား"

ဟုန်းစိန်ဟိုက်က ဝမ်းသာသွားသည်။

"ကျုပ်က ခင်ဗျားဆီမှာပဲ နေပါ့မယ်"

ဝမ်စိန်ကြည်က ...

"မင်းက ဘာဖြစ်လို့ ငါ့ဆီမှာ နေချင်ရတာလဲ"

ဟုန်းစိန်ဟိုက်က ...

"ခင်ဗျားဆီမှာနေရင် စွန်းကျုံးချင်းတို့ လာပြီး ရန်မူမှာ မကြောက်ရတော့လို့ပါ"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ အခုချိန်ကစပြီး မင်းဟာ ငါရဲ့ ကိုယ်ရံတော်အဖြစ် နေပါ"

ဟုန်းစိန်ဟိုက်က ဝမ်းသာသွားလေသည်။

❁ ❁ ❁

မိုးလင်းသောအခါ ဝင်ချင်းချင်းက ရောက်ရှိလာလေသည်။

ဝင်ချင်းချင်း၏ လက်ထဲတွင် စစ်တုရင်ကိရိယာများကို ကိုင်ဆောင်ထားသည်။

"အစ်ကိုကြီးက အိပ်ရာထ နောက်ကျတာကိုး၊ မုစန်းရသေ့က စောင့်နေတာ ကြာလှပြီ"

ဝမ်စိန်ကြည်က ရယ်မောလိုက်သည်။

"နေပါဦး မင်းက မုစန်းရသေ့ဆီက ဘာလက်ဆောင်ရလာလို့ အခုလိုဝင်ပြီး ဆွယ်ပေးနေရတာလဲ"

ဝင်ချင်းချင်းက ပြုံးလိုက်သည်။

"ဟာ... ဟုတ်တာပေါ့၊ မုစန်းရသေ့က ကျွန်မကို သိုင်းပညာ တစ်ခုသင်ပေးတယ်ရှင့်"

ဝမ်စိန်ကြည်က ...

"ဟုတ်လား ဘယ်လို သိုင်းကွက်မျိုးလဲ"

ဝင်ချင်းချင်းက ...

"သိုင်းပညာရဲ့ နာမည်ကိုတော့ မပြောဘူး၊ သိုင်းပညာကတော့ တော်တော့်ကို ထူးခြားတယ်"

ဝမ်စိန်ကြည် မျက်မှောင်ကုပ်သွားသည်။

"ဘယ်လို ထူးခြားတာလဲ"

ဝင်ချင်းချင်းက ...

"သူများက ရှင့်ကို လက်သီးနဲ့ ထိုးသည်ဖြစ်စေ၊ ခြေထောက်နဲ့ ကန်သည်ဖြစ်စေ၊ ရှင်က ဘယ်ယိမ်း ညာယိမ်းနဲ့ ရှောင်လိုက်ရင် ရှင့်ကို ဘယ်နည်းနဲ့မှ မထိနိုက်နိုင်ဘူးရှင့်"

ဝမ်စိန်ကြည်က မျက်မှောင်ကုပ်သွားသည်။



"ဒါဖြင့် အစ်ကို့ကို စစ်တုရင် ကစားစေချင်ရင် ဒီပညာကို တစ်ဆင့်သင်ပေးပါလား"

ဝင်ချင်းချင်းက ပြုံးလိုက်သည်။

"ဘယ်ဆိုးလို့တုန်း၊ အစ်ကိုက သိုင်းလောက အမည်းရောင် သိုင်းသမား စည်းကမ်းများကို ပြောနေတာကိုး"

သူမက ခါးထောက်လိုက်သည်။

"ကောင်းပြီလေ ကျွန်မ သင်ပေးပါ့မယ်"

❂ ❂ ❂

နံနက်စာ စားပြီးသည့်နောက် ဝမ်စိန်ကြည်သည် မုစန်းရသေ့နှင့် စစ်တုရင် ကစားနေသည်။

သို့သော် ...

ဝမ်စိန်ကြည်က ကြိုးစား၍ ကစားသော်လည်း တစ်ပွဲရှုံးသွားသည်။

ထို့ကြောင့် ...

ဝမ်စိန်ကြည်က ခေတ္တ ရပ်နားလိုက်လေသည်။

သူသည် အခန်းရှိရာသို့ လျှောက်လာသောအခါ ဝင်ချင်းချင်း စောင့်နေသည်ကို တွေ့ရလေသည်။

ဝင်ချင်းချင်းက သူ့အား ပြုံးပြလိုက်လေသည်။

"မြန်မြန်လာစမ်းပါ၊ ရသေ့ သင်ပေးတဲ့ပညာကို ပြောပြချင်လို့ပါ"

သူမသည် သက်ပြင်းတစ်ချက် ချလိုက်၏။

"သူက ဒီပညာသင်ပေးတုန်းက ကျွန်မ ဘာကိုမှ နားမလည်ဘူး၊ ဒါပေမယ့် သူက မှာလိုက်တယ်၊ နားမလည်ရင် ကိစ္စမရှိဘူး၊ နောက်တော့ တဖြည်းဖြည်း နားလည်လာလိမ့်မည်လို့ ပြောပါတယ်"

ဝမ်စိန်ကြည်က ...

"ဒါဖြင့် ပြောပြစမ်းပါ"

ဝင်ချင်းချင်းသည် မုစန်းရသေ့ သင်ကြားပေးသော သိုင်းကွက်များကို လက်ဟန် ခြေဟန်ဖြင့် ရှင်းလင်းပြောပြလိုက်လေသည်၊

ဝမ်စိန်ကြည်သည် ထိုသိုင်းကွက်ကို တွေ့မြင်လိုက်သည်နှင့် မုစန်းရသေ့၏ အရိပ်မဲ့သိုင်း ဖြစ်သည်ကို နားလည်လိုက်လေသည်၊

ဝမ်စိန်ကြည်သည် သေသေချာချာ လေ့လာလေ့ကျင့်သောအခါ အချို့နေရာမှာ အနည်းငယ် မရှင်းသည်မှအပ အတော်များများ နားလည်လိုက်သည်။

ဝင်ချင်းချင်းက မုစန်းရသေ့ထံသို့ သွားရောက်မေးမြန်းပြီး ပြန်လည်ရှင်းပြလိုက်ရာ ...

ဝမ်စိန်ကြည်သည် အရိပ်မဲ့သိုင်းကွက်ကို ကောင်းစွာသဘောပေါက် နားလည်လိုက်သည်။

သူသည် အရိပ်မဲ့သိုင်းကွက်ကို အာရုံစူးစိုက်စွာဖြင့် လေ့ကျင့်နေသည်။

ကျောက်ဝမ်းအော့နှင့် ဝင်ချင်းချင်းတို့သည် ဝမ်စိန်ကြည် အရိပ်မဲ့ သိုင်းပညာကို နားလည်တတ်မြောက်သည်ကို တွေ့ရသောအခါ သူ့အား ဂုဏ်ပြုပြောဆိုကြလေသည်။



ထိုအချိန်၌ ...

မုစန်းရသေ့သည် မသိချင်ဟန်ဆောင်ပြီး အခန်းထဲ၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။

ဝမ်စိန်ကြည်သည် ချိန်းဆိုထားသည့်အတိုင်း အဝတ်အစားများ ပြင်ဆင်၍ အခန်းထဲမှ ထွက်လာသည်။

သူသည် အပြင်ဘက်သို့ ရောက်ရှိလာသောအခါ ဝင်ချင်းချင်းက ရပ်၍ စောင့်နေသည်ကို တွေ့ရလေသည်။

ဝမ်စိန်ကြည် မျက်မှောင်ကုပ်သွားသည်။

"မင်း ... ဘယ်သွားမလို့လဲ"

"အစ်ကို့နောက် လိုက်မလို့"

"ဟာ ... မင်း ... ဘာဖြစ်လို့ လိုက်ချင်ရတာလဲ"

"အရေးအကြောင်းရှိရင် ကူညီနိုင်အောင်လို့"

ဝမ်စိန်ကြည် ခေါင်းခါယမ်းလိုက်၏။

"ငါ အခုယှဉ်ပြိုင်ရမှာက ငါ့ရဲ့အစ်ကိုတို့ လင်မယား သိလား"

ဝင်ချင်းချင်း ခေါင်းညိတ်လိုက်သည်။

"သိတာပေါ့"

ဝမ်စိန်ကြည်က ...

"ငါက သူတို့ကို အရှုံးပေးမှာ၊ မင်းက ဘာကိစ္စနဲ့ လိုက်ရမှာလဲ"

ဝင်ချင်းချင်း နှုတ်ခမ်းစူလိုက်၏။

"ဘာပဲဖြစ်ဖြစ် ကျွန်မ လိုက်မယ်"

ဝမ်စိန်ကြည် မျက်မှောင်ကုပ်လိုက်သည်။

"မင်းလိုက်ချင်တယ်ဆိုရင် စကားလုံး၀ မပြောဘဲ ပါးစပ်ပိတ်ထားရမယ်"

ဝင်ချင်းချင်း ခေါင်းညိတ်လိုက်သည်။

"ကျွန်မ အ အယောင် ဆောင်နေမယ်"

သူတို့သည် ချိန်းဆိုထားသော နေရာသို့ ထွက်ခွာသွားလေတော့သည်။

ဤနေရာသည် မြို့တော်၏ အလွန်သာယာသော နေရာတစ်ခု ဖြစ်သည်။

သို့သော် ...

ညဦးနက်သန်းခေါင် အချိန်မှာမူ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ပြီး လူသူကင်းမဲ့နေ၏။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့ ရောက်ရှိသွားသောအခါ ကွေ့စင်းလုတို့သည် ရောက်မလာကြသေးပါ။

သူတို့သည် အတန်ကြာစောင့်နေပြီးမှ ကွေ့စင်းလုနှင့် သူ၏ ဇနီးတို့ ရောက်လာကြသည်ကို တွေ့ရသည်။

ကွေ့စင်းလု၏ ဇနီးလက်ပေါ်တွင် ကလေးငယ်တစ်ယောက် ပါရှိသည်။



ထို့နောက် ...

လူတစ်ယောက် ထပ်မံရောက်ရှိလာသည်။

စွန်းကျုံးချင်းပင် ဖြစ်သည်။

စွန်းကျုံးချင်းနှင့် ရှေ့ဆင့်နောက်ဆင့် လူပေစိမ်းနှင့် မေကျန့်ဖိုတို့ ဖြိုင်တူရောက်ရှိလာကြလေသည်။

ကွေ့စင်းလုက သူ၏ဇနီး ဖြစ်သူအား ...

"ကဲ ... အော့လျံ မင်းကပဲ သူ့ပညာကို စမ်းကြည့်ပါ"

အော့လျံက အေးတိအေးစက်ဖြင့် ...

"ဒီမှာ ဝမ်စိန်ကြည် တို့မှာ အရေးကြီးတဲ့ကိစ္စ ရှိသေးတယ်၊ အချိန်မပေးနိုင်ဘူး၊ မြန်မြန်ဆန်ဆန် ယှဉ်ပြိုင်ကြမယ်"

ဝမ်စိန်ကြည်က လက်နှစ်ဖက် ဆုပ်လိုက်သည်။

"ကျွန်တော် အခုလာတာက ယှဉ်ပြိုင်ဖို့ မဟုတ်ဘူး၊ တောင်းပန်ဖို့ပါ၊ ဆရာရဲ့ မျက်နှာထောက်ပြီး ကျုပ်ကို ခွင့်လွှတ်ပါ ခင်ဗျာ"

အော့လျံက မဲ့ပြုံး ပြုံးလိုက်သည်။

"မင်းဟာ ငါတို့ဂိုဏ်းက ဟုတ်မဟုတ်ဆိုတာ ဘယ်သူမှမသိသေးဘူး၊ ယှဉ်ပြိုင်စရာရှိတာကို ယှဉ်ပြိုင်ရမှာပဲ"

ဝမ်စိန်ကြည်က လုံး၀ မတိုက်ခိုက်ဘဲ တောင်းပန်နေ၏။

အော့လျံသည် ဝမ်စိန်ကြည်မှာ မိမိတို့၏ ဂိုဏ်းသား တစ်ယောက် ဟန်ဆောင်နေသည်ဟု အထင်မှားသွားလေသည်။

သူမသည် စကားမပြောတော့ဘဲ လျှပ်တစ်ပြက် ဝိုက်ခိုက်လိုက်လေသည်။

ဝမ်စိန်ကြည် ရှောင်တိမ်းလိုက်သည်။

အော့လျံမှာ အမျိုးသမီးတစ်ယောက် ဖြစ်လင့်ကစား သိုင်းပညာ အလွန်တော်သည်ဟု မှတ်ချက်ချလိုက်လေသည်။

အော့လျံသည် ဝါစန်းဂိုဏ်း သိုင်းကွက်ကို အသုံးပြု၍ ဆက်လက် တိုက်ခိုက်လိုက်လေသည်။

ဝမ်စိန်ကြည်သည် ထိုသိုင်းကွက်ကို ကျွမ်းကျင် နားလည်ထားပြီး ဖြစ်ရာ...

သူသည် လက်နှစ်ဖက်ကို တင်ပါး၏ နံဘေးသို့ ကပ်လျက် ပြန်လည် တိုက်ခိုက်လိုက်ခြင်း မပြုဟူသော သဘောဖြင့် ရှောင်တိမ်းလိုက်လေသည်။

အော့လျံသည် လေမုန်တိုင်းကဲ့သို့ လျင်မြန်စွာ တိုက်ခိုက်လိုက်ရာ...

သိုင်းကွက် ၁၀ ကွက် ကျော်ကျော် တစ်ဟုန်ထိုး တိုက်ခိုက်လိုက်သော်လည်း...

ဝမ်စိန်ကြည်က အသာအယာ ရှောင်တိမ်းနိုင်ခဲ့လေသည်။

ကွေ့စင်းလုက ကြည့်ရင်း အံ့သြသွားသည်။

သူသည် ဝမ်စိန်ကြည်အပေါ် အမျိုးမျိုး ဝေဖန်ကြည့်နေသည်။

ဤသူငယ်သည် သိုင်းပညာ အလွန်တော်သည်။

ကိုယ်ဖော့ပညာဖြင့် ရှောင်တိမ်းမှု၌ မိမိတို့ ဝါစန်းဂိုဏ်းမှ သိုင်းပညာ ပါဝင်သည်ကို တွေ့ရှိရသည်။

သို့သော်...



အချို့အစိတ်အပိုင်းများမှာ လုံးဝမတူ ဖြစ်နေသည်ကို တွေ့ရပြန်သည်။

ဤသို့ဆိုလျှင် မိမိတို့ ဝါစန်းဂိုဏ်း၏ သိုင်းပညာကို တိတ်တစ်ဆိတ် သင်ကြားပေးခြင်း ဖြစ်နိုင်သည်ဟု တွေးမိလေသည်။

အော့လျံသည် ဝမ်စိန်ကြည်အား သဲသဲမဲမဲ တိုက်ခိုက်လိုက်သည်။

ဝမ်စိန်ကြည်က တုံ့ပြန်ခြင်း မရှိသည်ကို တွေ့ရသဖြင့် ဝမ်စိန်ကြည်က မိမိအပေါ် အထင်သေးသည်ဟု ထင်မြင်မိလေသည်။

သူမသည် ဝမ်စိန်ကြည်က တုံ့ပြန်ခြင်း မရှိသည်ကို တွေ့ရသောကြောင့် ကာကွယ်သည့်သိုင်းကွက်ကို လုံးဝ မသုံးတော့ဘဲ တိုက်ခိုက်သည့် သိုင်းကွက်များကိုသာ အသုံးပြုလိုက်လေသည်။

ဝမ်စိန်ကြည်သည် အခက်ကြုံတွေ့နေသည်။

ဤအတိုင်းဆိုလျှင် အချိန်ကြာသွားပါက မိမိကသာ ရှုံးနိမ့်သွားနိုင်သည်ဟု ယုံကြည်သည်။

ဝမ်စိန်ကြည်မှာ တန်ပြန်ခြင်း မရှိဘဲ မိမိဆရာ၏ တိုက်ခိုက်ခြင်းကို ရှောင်တိမ်းနိုင်ခဲ့သည်ကို တွေ့ရသဖြင့် စိတ်ထဲ၌ မကျေမနပ် ဖြစ်လာသည်။

သူမသည် အမှတ်မထင် ဝင်ချင်းချင်းအား ကြည့်လိုက်လေသည်။

ဝင်ချင်းချင်းက မျက်နှာထား ရှင်ပြုံးစွာဖြင့် ကြည့်နေသည်ကို တွေ့ရသောအခါ ဒေါသထွက်လာသည်။

သူသည် မိမိဆရာ၏ ကလေးကို မေကျန့်ဟိုလက်ထဲသို့ပေးထားလိုက်ပြီး ဓားကို ဆွဲထုတ်လိုက်၏။

ထို့နောက် ...

ဝင်ချင်းချင်းထံသို့ ပြေးလွှားသွားကာ တိုက်ခိုက်လိုက်လေသည်။

ဝင်ချင်းချင်း ထိတ်လန့်သွားသည်။ ကမန်းကန်း ရှောင်တိမ်းလိုက်ရ၏။

သူမသည် ဝမ်စိန်ကြည် မှာထားသည့်အတိုင်း သူမ၌ ဓားပါမလာချေ။

ကပျာကယာ ရှောင်တိမ်းနေရသည်။

စွန်းကျုံးချင်း၏ သိုင်းပညာမှာ ဝင်ချင်းချင်းထက် သာလေသည်။

တစ်ဖန် ...

ဓားဖြင့် တိုက်ခိုက်နေသောကြောင့် အသာစီးမှာ လုံးဝရလိုက်၏။

ဝင်ချင်းချင်းက ထိတ်လန့်စွာဖြင့် မနည်းရှောင်တိမ်းနေရသည်။

ဝမ်စိန်ကြည်သည် ဝင်ချင်းချင်း၏ အော်သံကို ကြားလိုက်ရသော်လည်း ...



အော့လျံက ဖိ၍ တိုက်ခိုက်ထားသောကြောင့် ဝင်ရောက်ကူညီနိုင်ခြင်း မပြုနိုင်ချေ။

ကျွေ့စင်းလုက ဟန့်ထားလိုက်သည်။

"သူမျှားကို မသတ်ရဘူး"

စွန်းကျုံးချင်းက ...

"ဒီလူက မြွေစားသခင်ရဲ့သား၊ ဒါကြောင့် သတ်ဖို့ သင့်တယ်"

ကျွေ့စင်းလု ပါးစပ်ပိတ်ထားလိုက်၏။

စွန်းကျုံးချင်းသည် ကျွေ့စင်းလုက ကန့်ကွက်ခြင်း မရှိသည်ကို တွေ့ရသောအခါ ...

ဝင်ချင်းချင်းအား ပို၍ တိုက်ခိုက်လိုက်၏။

ဝင်ချင်းချင်းမှာမူ အသေအလဲ ရှောင်တိမ်း နေရတော့သည်။

ဝမ်စိန်ကြည်သည် အခြေအနေ ဆိုးဝါးလာမှန်း သိလိုက်သဖြင့် ...

သူသည် ရုတ်တရက် ခြေထောက်နှစ်ဖက်ဖြင့် ခြောက်ချက်တိတိ ကျွေ့အော့လျံအား ကန်လိုက်သည်။

ကျွေ့အော်လျံက နောက်သို့ဆုတ်၍ ရှောင်တိမ်းလိုက်ရသည်။

ဝမ်စိန်ကြည်က ချာခနဲ လှည့်လိုက်ပြီး စွန်းကျုံးချင်း၏ ဓားကိုလုရန် ဟန်ပြင်လိုက်သည်။

"ဟား"

ရုတ်တရက် လူတစ်ယောက်က သူ့ထံသို့ တိုက်ခိုက်လိုက်သည်။

ဝမ်စိန်ကြည်က ဘယ်ဘက်လက်ဖြင့် တိုက်ခိုက်လာသော လူ၏လက်ကို ဆွဲယူလိုက်သည်။

သို့သော် ...

ထိုလူက လုံးဝလှုပ်ရှားခြင်း မရှိဘဲ ရပ်မြဲ ရပ်နေသည်၊ သူ၏ခန္ဓာကိုယ်မှာမူ နောက်သို့ လွင့်စဉ်သွားသည်။

ဝမ်စိန်ကြည်သည် တစ်ကြိမ်တစ်ခါမှ ဤသို့ ခံစားဖူးခြင်း မရှိပေ။

သူသည် ရင်ထိတ်သွား၏။

ထိုသူမှာ ကွေ့စင်းလု ဖြစ်ရမည်ဟုလည်း ယုံကြည်လိုက်သည်၊

ထို့ကြောင့် ...

သူသည် ကနေ့မှ စတင် သင်ကြားခဲ့သော အရိပ်မဲ့သိုင်းဖြင့် မြန်လည်တိုက်ခိုက်လိုက်၏။

ကွေ့စင်းလု၏ လက်ဝါးသည် သူ၏ ခန္ဓာကိုယ်ပေါ်သို့ ရောက်လုနီးနီးအချိန်တွင် ကမန်းကတန်း ရပ်တန့်လိုက်သည်။

သူသည် ဝမ်စိန်ကြည်မှာ ဆရာ၏နောက်ဆုံး တပည့် တစ်ယောက်ဖြစ်သည်ကို ကြားသိရ၏။

အကယ်၍ ...

မိမိကြောင့် ဒဏ်ရာအကြီးအကျယ် ရရှိသွားလျှင် ဆရာဖြစ်သူက ပြစ်တင်ပြောဆိုမည်ကို စိုးရိမ်မိခြင်း ဖြစ်လေသည်။

သို့သော် ...

ဝမ်စိန်ကြည်မှာမူ သူ၏ တိုက်ခိုက်မှုအောက်တွင် ကွေ့ပတ်ကာ ရှောင်တိမ်းနိုင်ခဲ့သည်ကို တွေ့ရသဖြင့် အံ့သြသွားသည်။



ဤသို့ဖြင့် ...

သူတို့နှစ်ယောက်သည် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေ၏။

စွန်းကျုံးချင်းသည် ဝမ်စိန်ကြည်က ဆရာဖြစ်သူ ကွေ့စင်းလုနှင့် တိုက်ခိုက်နေသည်ကို တွေ့ရသောအခါ ...

သူမသည် ဝင်ချင်းချင်းအား ဖိ၍ တိုက်ခိုက်လိုက်တော့သည်။

လူပေစိမ်းနှင့် မေကျန့်ဟိုတို့က ကမန်းကတန်း ဟန့်တားလိုက်သည်။

"ညီမလေး လက်လွန်သွားမယ်"

ဟု ပြိုင်တူ ဟန့်တားလိုက်သည်။

သို့သော် ...

စွန်းကျုံးချင်း၏ဓားသည် ဝင်ချင်းချင်း၏ ရင်ဝသို့ တိုးဝင်သွားသည်။

ဝင်ချင်းချင်းက မရှောင်တိမ်းနိုင်တော့ဘဲ နောက်သို့ ပက်လက်လန် လှဲချလိုက်ပြီး မြေပေါ်၌ လိမ့်၍ ရှောင်တိမ်းလိုက်သည်။

စွန်းကျုံးချင်းက ဓားဖြင့် ကန့်လန့်ဖြတ် ခုတ်လိုက်ရာ ဝင်ချင်းချင်းက ခေါင်းငုံ့လိုက်၏။

ခေါင်းပေါ်မှ ဦးထုပ်လွင့်စဉ်သွားသဖြင့် ဆံပင်များ ဖရိုဖရဲ ဖြစ်သွားသည်။

စွန်းကျုံးချင်းသည် ဝင်ချင်းချင်းမှာ မိန်းကလေးတစ်ယောက် ဖြစ်သည်ကို တွေ့ရသဖြင့် အံ့အားသင့်သွားလေသည်။

ထိုစဉ်မှာပင်...

သစ်ပင်ထိပ်ဖျားမှ အသံတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"တော်တော်ရက်စက်တဲ့ မိန်းကလေးပါလား"

ထိုအသံနှင့်အတူ သစ်ပင်ပေါ်မှ အရိပ်တစ်ခု လျှင်မြန်စွာ ခုန်ဆင်းလိုက်ပြီး...

စွန်းကျုံးချင်း၏ ဓားကို ကန်ပစ်လိုက်သည်။

လရောင်အောက်တွင် ထိုလူမှာ ရသေ့တစ်ယောက်ဖြစ်ပြီး ဝင်ချင်းချင်းရှေ့တွင် အကာအကွယ်ပေး၍ ရပ်နေသည်ကို တွေ့လိုက်ရသည်။

သူမနှင့် မေကျန့်ဟိုတို့မှာ ထိုရသေ့ မည်သူမည်ဝါ ဖြစ်ကြောင်း မသိကြဘဲ ကြောင်အမ်းအမ်း ဖြစ်နေ၏။

ကွေ့အော့လျံမှာ ထိုရသေ့မှာ မိမိဆရာ အရင်နှီးဆုံးမိတ်ဆွေ မုစန့်ရသေ့ဖြစ်ကြောင်း ကောင်းစွာမှတ်မိ လိုက်လေသည်။

သူသည် ကမန်းကတန်း ဦးညွတ်၍ အရိုအသေ ပြုလိုက်လေသည်။

မုစန်းရသေ့ ပြုံးလိုက်၏။

"သူတို့အချင်းချင်း သိုင်းပညာလေ့ကျင့်တာကို ကြည့်ကြရအောင်"

ကွေ့အော့လျံတို့က လှည့်ကြည့်လိုက်ရာ ခင်ပွန်းဖြစ်သူ ကွေ့စင်းလုနှင့် ဝမ်စိန်ကြည်တို့ သဲသဲမဲမဲ တိုက်ခိုက်နေကြသည်ကို တွေ့ရလေသည်။



ဝမ်စိန်ကြည်သည် မြွေစားသခင်၏ မြွေသိုင်းကို အသုံးပြုနေသဖြင့်...

သူ၏ ခန္ဓာကိုယ်သည် မြွေတစ်ကောင်ပမာ ပြေးလွှား ကွေ့ပတ် တိုက်ခိုက်နေသည်ကို တွေ့ရလေသည်။

တစ်ခါတစ်ရံ မုစန်းရသေ့၏ အရိပ်မဲ့သိုင်းကို အသုံးပြု၍ တိုက်ခိုက်နေ၏။

သူတို့သည် တိုက်ကွက်ငါးဆယ်ကျော်မျှ တိုက်ခိုက်လာရာ...

မည်သူကမှ အသာစီး မရဘဲ ဖြစ်နေလေသည်။

ကွေ့စင်းလုက တိုက်ခိုက်ရင်း ရုတ်တရက် နောက်သို့ဆုတ်သွား၏။

ကွေ့စင်းလုက အဘယ်ကြောင့် နောက်သို့ ဆုတ်သွားသည်ကို ဝမ်စိန်ကြည်က နားမလည်နိုင်ဘဲ ရှိနေသည်။

ထိုစဉ်...

ကွေ့စင်းလုက ဘေးသို့လှည့်လိုက်ပြီး ဦးညွတ်အရိုအသေ ပြုလိုက်၏။

"ဆရာ ဘယ်တုန်းက ရောက်လာတာလဲဗျာ"

ဝမ်စိန်ကြည် အံ့အားသင့်သွား၏။

ကွေ့စင်လု ဦးညွတ်နေသောဘက်သို့ လှည့်ကြည့်လိုက်ရာ လူလေးယောက် ရှေ့ဆင့်နောက်ဆင့် လျှောက်လာနေသည်ကို တွေ့ရလေသည်။

ရှေ့ဆုံးမှလူသည် မိမိ၏ဆရာ မူလိန်ချိန်းပင် ဖြစ်နေ၏။

ဝမ်စိန်ကြည် ဝမ်းသာသွားသည်။

ကမန်းကတန်း ဒူးထောက်၍ ဂါရဝ ပြုလိုက်လေသည်၊

သူသည် ဂါရဝပြုပြီး ထရိပ်လိုက်ရာ ကိုချူစန်း၊ ဝမ်းကျင်းနှင့် ဆွဲ့အကြီး ဖြစ်နေသည်ကို တွေ့ရသည်။

ဝမ်စိန်ကြည်သည် ဆရာနှင့် မိတ်ဆွေဟောင်းများကို တွေ့မြင်လိုက်ရဖြင့် ဝမ်းသာသွားလေသည်။

သူသည် ဆွဲ့အကြီးအား လက်ဟန်ခြေဟန် ပြလိုက်ပြီး ဆရာရှေ့သို့ လျှောက်သွားလေသည်။

ကွေ့စင်းလု၏ မျက်လုံးလျှင်ပုံများကိုလည်း ကြိတ်၍ချီးကျူးမိသည်။

မူလိန်ချိန်းက ဝမ်စိန်ကြည်၏ ခေါင်းကိုပုတ်လိုက်သည်၊

"ဝမ်းကျင်းက မင်းအကြောင်းကို ပြောပြတယ်၊ မင်းလုပ်ပုံကိုင်ပုံ မဆိုးပါဘူး"

သူသည် ပြောပြီး မျက်နှာထား တည်လိုက်သည်။

"မင်းကလူငယ် ဘာကြောင့် ကိုယ့်အစ်ကိုကြီးနဲ့ တိုက်ခိုက်နေရတာလဲ"

ဝမ်စိန်ကြည် ခေါင်းငုံ့လိုက်သည်။

"ကျွန်တော် မှားသွားပါတယ် ဆရာ"

သူသည် ကွေ့စင်းလုနှင့် ကွေ့အော့လျံတို့အား ဦးညွတ်၍ တောင်းပန်လိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ်"



ကွေ့အော့လျံက...

"သူ့ကို အပြစ်မတင်ပါနဲ့ဆရာ၊ ကျွန်မတို့ လင်မယားက သူ့ကို စိန်ခေါ်တာပါ"

မူလိန်ချိန်းက...

"အကြောင်းကတော့ ရှိမှာပေါ့"

ကွေ့အော့လျံက...

"ဟုတ်ကဲ့ သူက အခြားဂိုဏ်းရဲ့ သိုင်းပညာကို အသုံးပြုပြီး ကျွန်မရဲ့တပည့်ကို စော်ကားခဲ့လို့ပါ"

မူလိန်းချိန်းက မေ့ကျန့်ဟိုဘက်သို့ လှည့်လိုက်သည်။

"ကဲ...မင်းတို့သုံးယောက်ပြောစမ်း၊ ဘာကြောင့် ဝမ်စိန်ကြည်ကို တိုက်ခိုက်ရတာလဲ"

မေကျန့်ဟိုသည် မလိမ်ဝံ့ဘဲ အမှန်အတိုင်း ပြောပြလိုက်လေသည်။

ဝင်ချင်းချင်းက ကြားဖြတ်၍ ပြောလိုက်သည်။

"သူတို့က သူများရဲ့ လက်တစ်ဖက်ကို အကြောင်းမဲ့ ဖြတ်လိုက်လို့ အစ်ကိုကြီး ဝမ်စိန်ကြည်က မခံနိုင်လို့ ဝင်စွက်မိတာ"

မူလိန်ချိန်း၏မျက်နှာ ခက်ထန်သွားလေသည်။

သူသည် ကွေ့စင်းလုဘက်သို့ လှည့်လိုက်သည်။

"ဒါ အမှန်ပဲလား"

ကွေ့စင်းလုတို့ ဇနီးမောင်နှံသည် ထိုအဖြစ်အပျက်ကို မသိလိုက်သဖြင့်...

စွန်းကျုံးချင်းအား လှည့်ကြည့်လိုက်သည်။

မေကျုန့်ဟိုက အသံတိုးတိုးဖြင့်...

"ညီမလေးက လူဆိုးမှတ်ပြီး လက်လွှန်သွားတာပါ၊ အခုဆိုရင် နောင်တရနေပါတယ်"

မူလိန်ချိန်းက ဒေါသထွက်လာသည်။

"တို့ဝါစန်းဂိုဏ်းရဲ့ ချထားတဲ့စည်းကမ်းဟာ အပြစ်မရှိတဲ့လူကို မသတ်ရဘူးလို့..."

သူသည် ကွေ့စင်းလုဘက်သို့ လှည့်လိုက်ပြီး...

"မင်း တပည့်ကို ဒီစည်းကမ်းချက်တွေ ပြောမပြဘူးလား"

ကွေ့စင်းလုသည် မိမိ၏ဆရာမှာ ယခုကဲ့သို့ ဒေါသမကြီးဘူးခဲ့ပေ။

ထို့ကြောင့်...

ကမန်းကတန်း ဒူးထောက်လိုက်၏။

"ကျွန်တော့် အပြစ်ပါ၊ သူ့ကို ပြင်းပြင်းထန်ထန် ဆုံးမပါ့မယ်"

ကွေ့အော့လျုံ၊ မေကျုန့်ဟို၊ လူပေစိမ်း၊ စွန်းကျုံးချင်းတို့ကလည်း ပြိုင်တူ ဒူးထောက်လိုက်ကြသည်။

မူလိန်ချိန်းက ဒေါသမပြေသေးပါ။

"မင်းက ဘာဖြစ်လို့ ဓားကိုသာ ချိုးပစ်လိုက်တာလဲ၊ သူ့ရဲ့လက်ကို ဘာကြောင့် မဖြတ်လိုက်တာလဲ၊ ကိုယ့်ဂိုဏ်းရဲ့သိက္ခာကို ဘာကြောင့် မထိန်းတာလဲ"



ဝမ်စိန်ကြည်က ဒူးထောက်လိုက်သည်။

"ကျွန်တော် မှားသွားပါတယ် ဆရာ"

မူလိန်ချိန်းက မဲ့ပြုံးပြုံးလိုက်ပြီး စွန်းကျုံးချင်းအား ကြည့်လိုက်လိုက်သည်။

"ငါ့ရှေ့ကိုလာစမ်း"

စွန်းကျုံးချင်းက ထိတ်လန့်တုန်လှုပ်သွားသည်။

ရှေ့သို့မတိုးဝံ့ဘဲ နဖူးနှင့် မြေကြီးနှင့် တိုက်၍နေ၏။

မူလိန်ချိန်းက...

"မင်းကို လာခိုင်းတာ မလာဘူးလား"

ကွေ့အော့လျုံသည် မူလိန်ချိန်းက စွမ်းကျုံးချင်း၏ သိုင်းပညာကို ဖျက်ဆီးပစ်လိမ့်မည်ဟု သိလိုက်လေသည်။

သူမသည် စွန်းကျုံးချင်းအပေါ် အလွန်သံယောဇဉ် ရှိနေသဖြင့် သူမသည် အနူးအညွတ် တောင်းပန်ပေးရသည်။

"စိတ်မဆိုးပါနဲ့ ဆရာရယ်၊ ပြန်တဲ့အခါမှာ သူ့ကို ကောင်းကောင်း ဆုံးမပါ့မယ်"

မူလိန်ချိန်းက...

ကောင်းပြီ ဒီလိုဆို မင်းလည်း သူ့ရဲ့ လက်တစ်ဖက် ဖြတ်ပြီး ကျောက်ကုန်းလေဆီသို့ သွားပို့လိုက်ပါ"

ကွေ့အော့လျုံက နောက်ထပ် မတောင်းပန်ဝံ့တော့ချေ။

ဝမ်စိန်ကြည်က...

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်က ကျောက်ကုန်းလေကို

တောင်းပန်ပြီးပါပြီ၊ နောက်ပြီးတော့ လက်တစ်ဖက်တည်းနဲ့ အသုံးပြုနိုင်တဲ့ သိုင်းပညာကို သင်ကြားပေးဖို့ ကတိပေးပြီးပါပြီ၊ ဒါကြောင့် ဒီကိစ္စ ပြေလည်သွားပါပြီ ခင်ဗျာ"

မူလိန်ချိန်းက နှာခေါင်းရှုံ့လိုက်၏။

"ကဲ...ဒါဖြင့်ရင် အားလုံးထကြ"

ဝမ်စိန်ကြည်တို့အားလုံး ထရပ်လိုက်ကြလေသည်။

မူလိန်ချိန်းက စွန်းကျုံးချင်းအား စိုက်ကြည့်လိုက်ရာ...

စွန်းကျုံးချင်းက ထိတ်လန့်စွာ ပြန်လည်ဒူးထောက် လိုက်လေသည်။

မူလိန်ချိန်းက...

"မင်းဓားကို ယူခဲ့စမ်း"

စွန်းကျုံးချင်းသည် ရင်တထိတ်ထိတ်ဖြင့် ဓားကို လက်နှစ်ဖက်ဖြင့် မြှောက်ကိုင်ထားပြီး...

မူလိန်ချိန်းရှေ့သို့ ဒူးထောက်၍ သွားသည်။

မူလိန်ချိန်းက ဓားကို ကိုင်လိုက်ပြီး အသာအယာ တစ်ချက်လှုပ်ခါလိုက်သည်။

စွန်းကျုံးချင်း၏ ဘယ်ဘက်လက် သွေးများ စီးဆင်းကျလာ၏။

သူမသည် ဘယ်ဘက်လက်သန်း တိခနဲ ပြတ်သွားခြင်း ဖြစ်သည်။

မူလိန်ချိန်းက ဓားကို တစ်ချက်လှုပ်ခါလိုက်ရာ ဓားထက်ပိုင်း ကျိုးသွားသည်။



"ချွမ်း"

မူလိန်ချိန်းက ဓားကို လွှင့်ပစ်လိုက်၏။

"အခုအချိန်ကစပြီး မင်း ဘယ်တော့မှ ဓားကို အသုံးမပြုရဘူး"

စွန်းကျုံးချင်းက ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့ ဆရာ"

မေကျန့်ဟိုသည် မူလိန်ချိန်းက လက်တစ်ချက်ခါလိုက်သည်နှင့် ဓားထက်ပိုင်း ကျိုးသွားသည်ကို တွေ့ရသောအခါ...

ဝမ်စိန်ကြည်က မိမိ၏ဓားကို ချိုးလိုက်သောပညာမှာ ဝါစန်းဂိုဏ်း၏ သိုင်းပညာဖြစ်မှန်း သဘောပေါက် နားလည်လိုက်သည်။

မိမိ၏ သိုင်းပညာလည်း အလွန် နုသေးသည်ကိုသိရှိ နားလည်လိုက်သည်။

သူသည် မူလိန်ချိန်းက ပြစ်ဒဏ်ခတ်မည်ကို စိုးရိမ်ထိတ်လန့်နေ၏။

မူလိန်ချိန်းက သူ့အား တစ်ချက်ကြည့်လိုက်ပြီး ဝမ်စိန်ကြည်ဘက်သို့ လှည့်လိုက်၏။

"မင်းက သိုင်းပညာ သင်ပေးမယ်လို့ ကတိပေးထားရင် ကောင်းကောင်း သင်ပေးပါ၊ မင်းက သူ့ကို ဘာသင်ပေးမလို့လဲ"

ဝမ်စိန်ကြည်၏မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"ဆရာဆီမှာ ခွင့်မတောင်းရသေးတဲ့အတွက် အခြားရထားတဲ့ သိုင်းပညာကို သင်ပေးမယ်လို့ ဆုံးဖြတ်ထားပါတယ်"

မူလိန်ချိန်းက…

"မင်း တတ်ထားတဲ့ပညာက များကို များလွန်းပါတယ်၊ ခုန မင်း အသုံးပြုသွားတာက မုစန်းရသေ့ရဲ့ သရဲရိပ်သိုင်းကွက် မဟုတ်လား"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ခင်ဗျာ"

မူလိန်ချိန်းက…

"မင်းတို့ မုစန်းရသေ့က တအားကူညီတာကိုး၊ မင်းအစ်ကိုကြီးက မင်းကို ဘယ်နိုင်ပါ့မလဲ"

မုစန်းရသေ့က ပြုံးလိုက်သည်။

"ဝမ်စိန်ကြည်၊ မင်းဆရာကို မင်း လိမ်ပြောဝံ့သလား"

ဝမ်စိန်ကြည်က…

"လိမ်မပြောဝံ့ပါဘူး"

မုစန်းရသေ့က…

"ကောင်းပြီ၊ ငါမေးမယ်၊ ဝါစန်းတောင်ကနေ မင်းထွက်သွားတဲ့ အခါကစပြီး ငါကိုယ်တိုင် မင်းကို သိုင်းပညာသင်ကြားပေးခဲ့ဘူးသလား"

ဝမ်စိန်ကြည်က ပြောရန် ပါးစပ်ဟလိုက်၏။

မုစန်းရသေ့က လက်ကာပြလိုက်သည်။

"နေဦး ငါမေးတာ သေချာနားထောင်၊ ငါကိုယ်တိုင် မင်းကို ပညာသင်ကြားခဲ့ဖူးလား"



မုစန်းရသေ့၏စကားကို ဝမ်စိန်ကြည် နားလည်လိုက်လေသည်။

"ဟုတ်ကဲ့ ကိုယ်တိုင်ကိုယ်ကျ မသင်ပေးခဲ့ပါဘူး၊ အခုတွေ့တွေ့ချင်းပဲ စစ်တုရင်တစ်ပွဲ ထိုးခဲ့ပါတယ်"

မုစန်းရသေ့ ရယ်မောလိုက်၏။

"ကဲ… ဒါပေါ့ကွာ၊ ငါကိုယ်တိုင် မင်းကို ဘာမှ သင်မပေးဘဲ"

မူလိန်ချိန်း ရယ်မောလိုက်၏။

"ခင်ဗျားကတော့ဗျာ၊ သူများ အပြစ်တင်တာကို လွတ်အောင် လုပ်တတ်ပါပေတယ်"

ကျွေ့စင်းလုက…

"ဆရာ ဒီကိုရောက်တာ ဘယ်လောက် ကြာကြာ နေမှာလဲ ခင်ဗျာ"

မူလိန်ချိန်းက…

"အခုလာမယ့် ဆောင်းရာသီမှာ မန်ချူးတွေ ဝင်ရောက်တိုက်ခိုက် လာလိမ့်မယ်ထင်တယ်၊ မင်းတို့လင်မယားက ကိုယ့်လူတွေကိုစုပြီး မန်ချူးကိုမောင်းထုတ်ဖို့ ကြိုးစားကြရမယ်"

ကျွေ့စင်းလုတို့က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ဆရာ"

မူလိန်ချိန်းက ဝမ်စိန်ကြည်ဘက်သို့ လှည့်လိုက်ပြန်သည်။

မင်းနဲ့ မင်းသူငယ်ချင်းနဲ့ ပီကင်းမြို့ကိုသွားပါ၊ အဲဒီကနေ သတင်းနားထောင်ပြီး အရေးကြီးတဲ့ သတင်းရရင် ရှမ်းစီးနယ်ကို ရောက်အောင်လာပြီး သတင်းပို့ပါ"

ဝမ်စိန်ကြည် ဦးညွှတ်လိုက်လေသည်။

"ဟုတ်ကဲ့ဆရာ"

မူလိန်ချိန်းက မုစန်းရသေ့ ဘက်သို့လှည့်လိုက်၏။

"ငါကတော့ လူတွေစုစည်းရအောင် ဆရာစုလိပ်နဲ့ တိမ်ချိုးယင်ဆီကို သွားမယ်၊ ခင်ဗျားက ဘယ်သွားမှာလဲဗျ"

မုစန်းရသေ့က ရယ်မောလိုက်၏။

"ခင်ဗျားတို့က တိုင်းရေးပြည်ရေးအတွက် အလုပ်ရှုပ်နေကြပါတယ်၊ ကျုပ်ကတော့ ဘာမှအလုပ်မရှိဘူး၊ ဒါကြောင့် ခင်ဗျားတပည့်ကို သုံးလေးရက်လောက် ခေါ်ထားချင်တယ်၊ ရတယ် မဟုတ်လား"

မူလိန်ချိန်း ရယ်မောလိုက်သည်။

"သူက လူများကို သိုင်းပညာသင်ပေးမယ် ကတိခံထားသေးတယ်၊ ဒီမှာ သုံးလေးရက်လောက်တော့ နေဦးမှာပေါ့၊ မင်းမှာ ပညာဘယ်လောက်ကျန်သေးသလဲ၊ သူ့ကို အားလုံး သင်ပေးလိုက်ပေါ့ဗျာ"

သူသည် ပြောပြီး ချက်ချင်း ဝမ်းကျင်းနှင့် ကိုချူစန်းတို့အား ခေါ်၍ထွက်သွားလေသည်။

ဆွံ့အကြီးက မူလိန်ချိန်းအား ခြေဟန်လက်ဟန် ပြလိုက်လေသည်။

မူလိန်ချိန်း ရယ်မောလိုက်သည်။

"မင်းက ဝမ်စိန်ကြည်နဲ့ နေချင်ရင် နေခဲ့ပေါ့ကွာ"



ဆွံ့အကြီးက ဝမ်းသာသွားပြီး ဝမ်စိန်ကြည်ထံသို့ ပြေးသွားပြီးလျှင် ပွေ့ချီလိုက်လေသည်။

ဝမ်စိန်ကြည်သည် ဆရာနှင့် ကိုချူစန်းတို့နှင့် ထပ်မံခွဲခွာရမည်ဖြစ်သဖြင့် စိတ်မကောင်း ဖြစ်နေလေသည်။

မူလိန်ချိန်း ပြုံးလိုက်သည်။

"ဝမ်စိန်ကြည် မင်းမဆိုးဘူး ဆက်လုပ်"

သူသည် ပြောပြီးသည်နှင့် ဆက်လက်ထွက်ခွာသွားလေသည်။

ကျွဲစင်းလုတို့သည် မူလိန်ချိန်းတို့ ထွက်ခွာသွားပြီးနောက် ကားတစ်ခွန်းမှ မပြောဘဲ မုစန်းရသေ့အား ခေါင်းညိတ်ပြလိုက်ပြီး...

ကလေးငယ်အားချီ၍ တပည့်သုံးယောက်အား ခေါ်ဆောင်ကာ ထွက်ခွာသွားလေသည်။

မုစန်းရသေ့က ဝမ်စိန်ကြည်အား သတိပေးလိုက်၏။

"သူတို့က မင်းကို မုန်းနေပြီ၊ နောက်တော့ သတိထားရလိမ့်မယ်"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

သူသည် ကျွဲစင်လုတို့နှင့် မသင့်မတင့် ဖြစ်သည်ကို စိတ်မကောင်း ဖြစ်နေသည်။

နောက်တစ်နေ့။

ဝမ်စိန်ကြည်သည် ပျင်းပျင်းရှိသောကြောင့် အိပ်ရာထ နောက်ကျလေ၏။

ဝင်ချင်းချင်း မျက်နှာတစ်ခုလုံး ပြုံးရွှင်စွာဖြင့် ဖိတ်စာတစ်စောင်ယူ၍ သူထံသို့ လျှောက်လာလေသည်။

"ဟောဒီမှာ မွန်ကျူးမာက ပေးလိုက်တဲ့စာ"

ဝမ်စိန်ကြည်က ဖိတ်စာအိတ်ကို ဖောက်လိုက်ပြီး စာကို ကြည့်လိုက်၏။

စာအိတ်ထဲ၌ အိမ်စာချုပ်နှင့် အခန်းတိုင်းမှာ ပါရှိသော ပရိဘောဂ စာရင်းများ ပါရှိလေသည်။

မွန်ကျူးမာက ကတိပေးထားသည့်အတိုင်း သူ၏အိမ်ဂေဟာကို လာရောက်ပေးအပ်ခြင်း ဖြစ်လေသည်။

ဝမ်စိန်ကြည် စိတ်မကောင်း ဖြစ်သွားသည်။

သူသည် ဝင်ချင်းချင်းနှင့်အတူ မွန်ကျူးမာထံသို့ သွားရောက်၍ ပြန်ပေးရန် ထွက်ခွာသွားလေသည်။

သို့သော်...

အိမ်ဂေဟာသို့ ရောက်ရှိသွားသောအခါ မွန်ကျူးမာနှင့်အတူ ဂေဟာမှာရှိသော အိမ်ဖော်များပင် တစ်ယောက်မှ မရှိသည်ကို တွေ့ရသည်။

ခြံစောင့်တစ်ယောက်တည်း ကျန်ရှိသည်ကို တွေ့ရသဖြင့်...

"ဒါနဲ့ မွန်ကျူးမာ ဘယ်ပြောင်းသွားကြတာလဲ"



ထိုလူက ခေါင်းခါယမ်းလိုက်၏။

"မသိဘူး၊ သူက ခင်ဗျားတို့ လာရင် အိမ်သော့ပေးပြီးမှသွားပါလို့ မှာခဲ့လို့ ကျွန်တော်က စောင့်နေတာပါ"

ဝမ်စိန်ကြည်က မတတ်နိုင်တော့ဘဲ ကျောက်ကုန်းလေထံသို့ ရောက်ရှိသွားသည်။

သူသည် ကျောက်ကုန်းလေအား အကျိုးအကြောင်း ပြောပြလိုက်သည်။

ကျောက်ကုန်းလေကလည်း စိတ်မကောင်း ဖြစ်သွားလေသည်။

"ကဲပါဗျာ၊ သူတို့က ပေးသွားမှတော့ လက်ခံလိုက်ပါ၊ လိုအပ်တာကို ကျုပ်က ကူညီပါ့မယ်"

ညနေ။

ကျောက်ဝမ်းအော့သည် လူစုလူဝေးနှင့် ရောက်ရှိလာပြီး အိမ်ဂေဟာကို သန့်ရှင်းပေးသည်။

ပြီးနောက်...

ဝင်ချင်းချင်းအား ပြုစုနိုင်ရန် မိန်းကလေး အိမ်ဖော်နှစ်ယောက်၊ ထမင်းချက်၊ ပန်းဥယျာဉ်မှူး၊ ယောကျ်ားအိမ်ဖော်၊ ညစောင့်၊ မြင်းလှည်းမောင်းသမား စသည့် စုံစုံလင်လင် စီမံခန့်ခွဲပေးသွားသည်။

ဟုန်းစိန်ဟိုက်မှာမူ အလိုအလျောက် အိမ်တော်ထိန်း နေရာကို ရရှိသွားသည်။

ဝင်းချင်းချင်းက ပြုံးလိုက်သည်။

"ကျောက်ဝမ်းအောက်ကိုပါ ခေါ်ထားဖို့ ကောင်းတယ်"

ဝမ်စိန်ကြည် မျက်မှောင်ကုပ်သွားသည်။

"ဘာလုပ်မလို့လဲ"

ဝင်ချင်းချင်း ပြုံးလိုက်သည်။

"သူ့ကို အိမ်ရှင်မ နေရာပေးလိုက်ရင် ကောင်းမှာပဲ"

ဝမ်စိန်ကြည် ပါးစပ်ပိတ်ထားလိုက်တော့သည်။

❂ ❂ ❂

"ဒေါင်...ဒေါင်"

အုန်းမောင်း ခေါက်သံ နှစ်ချက်တိတိ ထွက်ပေါ်လာသည်၊

တစ်ခဏအကြာတွင်...

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် မအိပ်ကြသေးဘဲ မြွေဓားသခင်၏ မြေပုံကို ထုတ်၍ အိမ်အနေအထားနှင့် ကိုက်ကြည့်နေကြသည်။

အိမ်ခန်းများမှာ အပြောင်းအလဲ ရှိခဲ့သည်ကို တွေ့ရသော်လည်း မူအားဖြင့် မပျက်ပါ။

သူတို့သည် မြေပုံဖော်ပြသည့်အတိုင်း ရှာဖွေကြ၏။

နောက်ဆုံး...

နောက်ဘက် ပန်းဥယျာဉ်ထဲသို့ ရောက်ရှိသွားကြလေတော့သည်။



မြေပုံဖော်ပြချက် အရဆိုလျှင် ထင်းမျိုး သိုလှောင်ထားသော အခန်းတစ်ခန်းတွင် ဖြစ်၏။

ဖမ်စိန်ကြည်က ဆွဲ့အကြီးကို သွားရောက်ခေါ်လိုက်သည်။

ထို့နောက်...

ဖခန်းထဲမှ ထင်းစည်းများကို ရွှေ့ထုတ်လိုက်သည်။

ထင်းစည်းများ ကုန်ဆုံးသွားပြီးနောက် ဂေါ်ပြားဖြင့် မြေပေါ်သို့ တူးဆွသည်။

ဝင်ချင်းချင်းမှာမူ ဓားတစ်လက်ကိုင်၍ အခန်းဝ၌ စောင့်ကြပ်နေ၏။

ဆွဲ့အသည် ပေါက်ပြားဖြင့် နာရီဝက်ကြာခန့် ပေါက်ထားသောအခါ...

"ချွမ်း"

ပေါက်ပြားသည် မာကျောသော အရာတစ်ခုနှင့် ထိတွေ့သွားသည်။

ဆွဲ့အသည် နားမကြားသဖြင့် ဆက်လက်ပေါက်နေ၏။

ဝမ်စိန်ကြည်က သူ၏လက်ကို ဆွဲထားလိုက်တော့မှ ရပ်တန့်သွားသည်။

သူသည် ပေါက်ပြားဖြင့် ခြစ်ထုတ်တန် လက်ဟန် ပြလိုက်သည်။

ဆွဲ့အသည် ပေါက်ပြားဖြင့် ခြစ်ထုတ်လိုက်သည်။

ကြီးမားသော ကျောက်ပြားတစ်ပြားကို တွေ့ရှိရ၏။

သူတို့သည် ကျောက်ပြားအား မယူ၍ ဖယ်ရှားလိုက်ရာ...

ကျောက်ပြားအောက်တွင် မြေတွင်းကြီးတစ်ခု ဖြစ်နေသည်ကို တွေ့ရလေသည်။

"တွေ့ပြီ"

ဝမ်စိန်ကြည်က လွတ်ခနဲ အော်လိုက်သဖြင့် ဝင်ချင်းချင်းက ပြေးဝင်လာသည်။

"အစ်ကိုကြီး တွေ့ပြီ မဟုတ်လား"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် မင်း အပြင်ဘက်မှာ စောင့်နေပါ"

ဝင်ချင်းချင်းက အပြင်သို့ ထွက်ခွာသွားပြန်သည်။

ဝမ်စိန်ကြည်သည် ထင်းစည်းနှစ်စည်းအား မီးရှို့၍ မြေတွင်းထဲသို့ ပစ်သွင်းလိုက်သည်။

မြေတွင်းမှ ထွက်ပေါ်လာသော စိမ်းစိုစို အငွေ့အသက်များ ကုန်ဆုံးသွားတော့မှ မြေအောက်သို့ဆင်းရန် ကျောက်လှေကားထစ်အတိုင်း ဆင်းသွားကြသည်။

မီးရောင်အောက်တွင် သံသေတ္တာကြီး ဆယ်လုံး အစီအရီရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

သံသေတ္တာတိုင်းမှာ ကြီးမားသော သော့ခလောက်ဖြင့် ခတ်ထားသည်။

သို့သော်...

သော့တစ်ချောင်းမှ မတွေ့ရပေ။



ဆွဲ့အက သွားရောက်၍ လက်နှစ်ဖက်ဖြင့် မကြည့်လိုက်ရာ အလွန်လေးလံသည်ကို တွေ့ရသည်။

ဝမ်စိန်ကြည်သည် မြေပုံအားယူ၍ နှိုက်လိုက်သည်။

ရတနာသိုက် ညွှန်ပြရာ ဘယ်ဘက်ထောင့်တွင် သေးငယ်သော မြွေနဂါးတစ်ကောင် ရေးဆွဲထားသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် အကြံတစ်ခု ရလာ၏။

ပေါက်ပြားအားယူ၍ မြေပုံ ညွှန်ပြသော နေရာကို ထပ်မံပေါက်လိုက်သည်။

လေးငါးချက်မျှ ပေါက်လိုက်သည်နှင့် သံသေတ္တာကလေးတစ်လုံးအား တွေ့မြင်လိုက်၏။

သံသေတ္တာကလေးမှာ သော့ခတ်မထားသည်ကို တွေ့ရလေသည်။

သူသည် သံသေတ္တာကလေးထဲတွင် အဆိပ်မြား ပါရှိနေမည်ကို စိုးရိမ်သဖြင့် သံသေတ္တာ၏ အပေါ်ဖုံးမှ ကွင်းကလေးအား ကြိုးဖြင့်ချည်လိုက်ပြီး ခပ်လှမ်းလှမ်းမှရပ်၍ ဆွဲဖွင့်လိုက်လေသည်။

အတန်ကြာ...

မည်သို့မျှ ထူးခြားသည်ကို မတွေ့ရသဖြင့် မီးပုံးအနီးသို့ ဆွဲ၍ ကြည့်လိုက်သည်။

သေတ္တာကလေးထဲ၌ သော့တွဲတစ်တွဲနှင့် စာရွက်နှစ်ရွက် ပါရှိနေသည်။

စာရွက်တစ်ရွက်ပေါ်တွင်...

ငါဦးလေး သစ္စာဖောက်ပြီး နန်းလုသည်။ မြို့စားကြီး ဝေက သစ္စာရှိပြီး ယုံကြည်ရတဲ့အတွက် ဒီရတနာသေတ္တာများကို အပ်နှင်းလိုက်သည်။ တစ်နေ့ တော်လှန်ရေးအတွက် အသုံးပြုရန် ဖြစ်သည်၊

(ပုံ) ဘုရင်ကွန်မွန်

(၄)နှစ် (၆)လ

ဟု ရေးသားထားသည်ကို တွေ့ရသည်။

ဝမ်စိန်ကြည်က စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်ပြီး အခြားစာရွက် တစ်ရွက်ကို ဖတ်ကြည့်ရာ...

ထိုစာရွက်ပေါ်တွင် ဘုရင်ကွန်မွန်က တိုင်းပြည် မငြိမ်မသက်သည်ကို တွေ့ရှိ၍ စိတ်ထိခိုက်ပြီး ရေးသားထားသော ခံစားမှုကဗျာပင် ဖြစ်လေသည်။

ထိုရတနာသိုက်မှာ ဘုရင်ကွန်မွန်က မြို့စားကြီးဝေ ထံသို့ အပ်နှံထားသည်မှာ ထင်ရှား၏။

ထိုရတနာများကို တိုင်းပြည်အတွက် အသုံးပြုရန် ဟူသော ရည်ရွယ်ချက် ထားရှိသည်ကိုလည်း သိသာနိုင်ပေ၏။

သို့သော်...

မြို့စားကြီးဝေ ကျဆုံးသွားပြီးနောက် ယင်းမြေပုံ အဘယ်ကြောင့် မြွေစားသခင်လက်ထဲသို့ ရောက်ရှိသွားသည်ကို နားမလည်နိုင်ဘဲ ဖြစ်နေလေသည်။



ဝမ်စိန်ကြည်သည် သော့ဖြင့် သော့ခလောက်များအား ဖွင့်လိုက်သည်။

သေတ္တာအဖုံး ဖွင့်လိုက်သောအခါ သေတ္တာထဲ၌ ရွှေငွေကျောက်သံပတ္တမြားများ ဝင်းလက်တောက်ပနေသည်ကို တွေ့ရသည်။

အခြားသေတ္တာတစ်လုံး ဖွင့်ကြည့်ပြန်ရာ အလွန်အဖိုးတန်သော ပုလဲများ၊ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ပစ္စည်းများကို တွေ့ရသည်။

သူသည် အပြင်သို့ ထွက်လာပြီး ဝင်ချင်းချင်းအား သော့တွဲပေးလိုက်၏။

"ငါစောင့်နေမယ်၊ မင်း ဝင်ပြီးကြည့်စမ်း"

ဝင်ချင်းချင်း မြေတွင်းထဲ ဝင်သွား၏။

တစ်ခဏအကြာတွင်...

သူမသည် ခွံ့အနှင့်အတူ ထွက်လာလေသည်။

သူမ၏ မျက်နှာတစ်ခုလုံး အံ့ဩခြင်း၊ ဝမ်းသာခြင်း အရိပ်အယောင်များ ပေါ်လွင်နေ၏။

ဝမ်စိန်ကြည်က သူမအား အကဲခတ်လိုက်ရင်...

"ကဲ...ရတနာသိုက်တော့ တွေ့ပြီ၊ တို့ ဘာဆက်လုပ်မလဲ"

ဝင်ချင်းချင်းက...

"အစ်ကို့ သဘောကော"

ဝမ်စိန်ကြည် ပြုံးလိုက်၏။

"မင်းသဘောကို ပြောပါလေ"

ဝင်ချင်းချင်း အနည်းငယ် စဉ်းစားလိုက်၏။

"ဒီရတနာတွေက ဘုရင်တို့က ပြည်သူလူထုဆီက မတရား ယူထားတာ ဖြစ်ရမယ်၊ မဟုတ်လား"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ဝင်ချင်းချင်း ဝမ်စိန်ကြည်အား ကြည့်၍ ပြုံးလိုက်၏။

"ဒီပစ္စည်းတွေက ပြည်သူလူထုဆီက ရလာတာဆိုရင် ပြည်သူ့ လူထုအတွက်ပဲ အသုံးပြုသင့်တယ်လို့ ကျွန်မ ယူဆတယ်"

ဝမ်စိန်ကြည် ဝမ်းသာသွားသည်။

သူသည် ဝင်ချင်းချင်း၏ လက်နှစ်ဖက်အား တင်းကျပ်စွာ ဖမ်းဆုပ်ထားလိုက်၏။

"ငါ့ညီမက ငါနဲ့ စိတ်သဘောထားခြင်း တစ်ထပ်တည်းပါပဲ လား"

ဟု လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်၏။

"ကဲ ညီမလေး၊ ဒီရတနာတွေ ရမှတော့ တို့ နေပြည်တော်ကို သွားပြီး လှုပ်ရှားဖို့ အားအင်ရှိပြီ"

ဝင်ချင်းချင်း ပြုံးလိုက်၏။

"ဟုတ်တယ်၊ ဒီကကိစ္စ မြန်မြန်ပြီးအောင် ဆောင်ရွက်ပြီး နေပြည်တော်ကို သွားကြပါစို့"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ"



ဆယ်ရက်အတွင်း...

ဝမ်စိန်ကြည်သည် လက်တစ်ဖက် ပြတ်နေသော လိုရစ်ယုအား ခေါ်ယူပြီး လက်တစ်ဖက်ဓားများကို သင်ကြားပေးပြီး ဖြစ်လေသည်။

မွန်ကျူးမာ၏ အိမ်ဂေဟာကိုလည်း ပြန်လည်ပေးအပ်ရန် ကျောက်ကုန်းလေထံ လွှဲပေးခဲ့သည်။

စုပင်မွန်တို့ သုံးယောက်ကိုလည်း သက်ဆိုင်ရာ အာဏာပိုင် လက်ထဲသို့ ပေးပို့လိုက်၏။

ဝမ်စိန်ကြည် အစစအရာရာ ဆောင်ရွက်ပြီးနောက်...

မြင်းလှည်းများငှား၍ သေတ္တာဆယ်လုံးခွဲပြီး တင်ဆောင် လိုက်၏။

သူသည် ဝင်ချင်းချင်း၊ ဆွံ့အ၊ ဟုန်းစိန်ဟိုက်တို့နှင့်အတူ မြင်းလှည်းများကို ဦးဆောင်၍ ထွက်ခွာလာကြလေသည်။

ကျောက်ကုန်းလေနှင့် သမီးဖြစ်သူ ကျောက်ဝမ်းအော့တို့က ချန်ကျန်းမြစ် တစ်ဖက်ကမ်းအထိ လိုက်လံပို့ဆောင်လေသည်။

ချန်ကျန်းမြစ် မြောက်ဖက်ကမ်း နယ်မြေသည် ကျောက်ကုန်း လေတို့၏ ရွှေနဂါးဂိုဏ်း၏ နယ်မြေဖြစ်သည်။

ထို့ကြောင့်...

လမ်းခရီးတစ်လျှောက်လုံး ရွှေနဂါးဂိုဏ်းများက စောင့်ရှောက် ကြသည်။

ညှိခံပြုစုကြသည်။

သူတို့သည် ဆယ်ရက်ကျော်ကျော် ခရီးနှင်လာသောအခါ စန်းတုံးနယ်သို့ ချင်းနင်း ဝင်ရောက်လာသည်။

ဟုန်းစိန်ဟိုက်က သတိပေးလိုက်၏။

"ဆရာ ကျွန်တော်တို့က ရွှေနဂါးနယ်မြေထဲက ထွက်လာကြပြီ၊ ဒါကြောင့် အစစအရာရာ သတိထားရလိမ့်မယ်"

ဟုန်းစိန်ဟိုက်က...

"တိုင်းပြည်က မငြိမ်သက်တော့ သူပုန်တွေ သူခိုးတွေ အတော်ကိုပေါတယ်၊ အထူးသဖြင့် စန်းတုံးနယ်က အပေါဆုံးပါပဲ"

ဝင်ချင်းချင်းက...

"ဒါဖြင့် ဒီနယ်ထဲမှာ အဖွဲ့အစည်း ဘယ်နှစ်ခု ရှိသလဲ"

ဟုန်းစိန်ဟိုက်က...

"အဖွဲ့အစည်းကတော့ များသားပဲ၊ ဒါပေမယ့် အင်အားအကောင်းဆုံးကတော့ အဖွဲ့နှစ်ဖွဲ့ပဲ ရှိတယ်"

ဝင်ချင်းချင်း ပြုံးသည်။

"ဂိုဏ်းနှစ်ဂိုဏ်းကတော့ ရှင်တို့ ပုလိုက်ဂိုဏ်း မဟုတ်လား"

ဟုန်းစိန်ဟိုက် ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ပုလိုက်ဂိုဏ်းက ရေလမ်းခရီးကိုပဲ အလုပ်လုပ်ကြပါတယ်၊ ကုန်းပေါ်ကပစ္စည်းကိုတော့ မထိပါဘူး"

ဝမ်စိန်ကြည်က...

"ဒါဖြင့် စန်းတုံးနယ်က ဂိုဏ်းနှစ်ဂိုဏ်းမှာ ဘယ်ဂိုဏ်းက အင်အား အကောင်းဆုံးလဲ"



ဟုန်းစိန်ဟိုက်က...

"အင်အား အကောင်းဆုံးကတော့ သံမဏိ လက်ဝါး သုကရယ် အဖွဲ့ပါ"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

"နောက်တစ်ဖွဲ့ကကော"

ဟုန်းစိန်ဟိုက်က...

"နောက်တစ်ဖွဲ့ကတော့ ကျားဆိုးတောင်ကုန်းမှာ စခန်းချထားပါတယ်၊ ခေါင်းဆောင်ခြောက်ယောက်စလုံး သိုင်းပညာ အလွန်တော်တယ်လို့ သိရပါတယ်"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ တို့အစစ အရာရာ သတိထားရမှာပေါ့လေ"

နောက်တစ်နေ့...

ဝမ်စိန်ကြည်တို့သည် သတိကြီးစွာဖြင့် ဆက်လက် ခရီးသွားသည်။

လမ်းတစ်လျှောက်လုံးတွင် မြင်းစီးသော လူများသည် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲဖြင့် သွားလာ လှုပ်ရှားနေသည်ကို တွေ့မြင်ရလေ၏။

ဟုန်းစိန်ဟိုက်က စိုးရိမ်ပူပန်လာ၏။

"ဆရာ ဒီလူတွေ ကြည့်ရတာ မရိုးဘူးထင်တယ်"

ဝမ်စိန်ကြည် ပြုံးလိုက်၏။

"မင်းတို့ မြင်းလှည်းကိုသာ ကောင်းကောင်း ကြည့်ထား၊ ရန်သူလာရင် ငါ ကြည့်ရှင်းမယ်"

သူသည် ပြောပြီး ဆွဲ့အကြီးအား သတိထားရန် လက်ဟန်ခြေဟန်ဖြင့် ပြောလေ၏။

သူတို့ဆက်လက် ထွက်ခွာလာရာ မွန်းတည့်ချိန် ရောက်ရှိလာသောအခါ...

တောအုပ်တစ်ခုသို့ ရောက်ရှိလာကြ၏။

မြင်းလှည်းများသည် တောအုပ်ထဲသို့ ဖြတ်ဝင်လိုက်သည်နှင့်...

"ဗိုး"

သတိပေးသော မြားတစ်စင်းသည် မြင်းလှည်းပေါ်မှဖြတ်၍ ပစ်လွှင့်သွားသည်ကို တွေ့လိုက်ရ၏။

ဝမ်စိန်ကြည် လက်မြှောက်၍ အချက်ပြလိုက်ရာ...

မြင်းလှည်းများသည် အားလုံးရပ်တန့် သွားကြလေ၏။

ထိုစဉ်မှာပင်...

တောအုပ်၏ တစ်ဖက်တစ်ချက်တွင် လူများထွက်လာကြ၏။

ထိုလူများမှာ နှစ်ရာခန့် ရှိသည်ဟု ထင်ရသည်။

အစိမ်းရောင်ပဝါဖြင့် ခေါင်းစည်းထားပြီး အနက်ရောင်အင်္ကျီ အနက်ရောင် ဘောင်းဘီဝတ်ကာ လက်နက်ကိုယ်စီကိုင်လျက် သွားလမ်းကို ပိတ်၍ ရပ်နေကြ၏။

မြင်းလှည်းမောင်းသမားများသည် အခြေအနေ မဟန်မှန်း သိလိုက်သဖြင့်...

မြင်းလှည်းပေါ်မှ ခုန်ဆင်းလာပြီးလျှင် လက်နှစ်ဖက် ခေါင်းပေါ်တင်ကာ မြေပေါ်၌ ထိုင်ချလေသည်။



ဤသည် သူတို့၏ ဓလေ့တစ်ခု ဖြစ်သည်။

ရန်သူများနှင့် ရင်ဆိုင်သောအခါ ပြေးလွှားခြင်း မပြုဘဲ ယင်းကဲ့သို့ နေလိုက်လျှင်...

ရန်သူက သူတို့အား လုံးဝ အနှောင့်အယှက် မပြုပေ။

ထိုစဉ်မှာပင် ခရာသံများ ထွက်ပေါ်လာ၏။

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

မြင်း ၁၄ ကောင် ၁၅ ကောင်သည် ဝမ်စိန်ကြည်တို့ မြင်းလှည်းတန်း၏ နောက်တွင် လာရောက်ပိတ်ဆို့ ရပ်တန့်လိုက်ကြသည်။

ထွက်မပြေးနိုင်ရန် ဟန့်တားခြင်း ဖြစ်သည်။

ဝမ်စိန်ကြည်သည် ရှေ့မှဟန့်တားနေသော လူများအား သေသေချာချာ ကြည့်လိုက်ရာ...

လူအုပ်ကြားမှ လူခုနစ်ယောက်သည် ရှေ့သို့လှမ်းထွက်လိုက်ပြီး တန်းစီ၍ရပ်လိုက်၏။

ထိုလူခုနစ်ယောက်အနက် အသက်သုံးဆယ်ကျော် မျက်နှာဖြူဖွေးသော လူတစ်ယောက်က ရှေ့သို့ ခြေတစ်လှမ်း တိုး၍ ထွက်လာသည်။

သူ၏လက်တဲတွင် လက်နက် လုံးဝမပါဘဲ ယပ်တောင်တစ်ခုကိုသာကိုင်၍ အသာအယာ ယပ်ခပ်နေ၏။

ယပ်တောင်ပေါ်တွင် ကျားတစ်ကောင် ရေးဆွဲထားပြီး...

"ဆား"

ဟူသော စာတစ်လုံး ထင်ထင်ရှားရှား ရေးသားထားသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူက ဝမ်စိန်ကြည်အား လက်နှစ်ဖက်ဆုပ်၍ အရိုအသေ ပြုလိုက်သည်။

"မိတ်ဆွေကြီးက ဝမ်စိန်ကြည် ဟုတ်ပါစ"

ဝမ်စိန်ကြည်သည် ထိုလူ၏ ယပ်တောင်ပေါ်မှ အမှတ်အသား ကို တွေ့မြင်လိုက်သည်နှင့်...

ယင်းလူမှာ ကျားဆိုးတောင်ကုန်းမှ ခေါင်းဆောင် တစ်ယောက် ဖြစ်ကြောင်း အကဲခတ်မိသည်။

သူသည် ပြန်လည် အရိုအသေ ပြုလိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျားက ကျားဆိုးဂိုဏ်းက ခေါင်းဆောင် ကြီး "ဆား" ဖြစ်ပါသလား ခင်ဗျာ"

ထိုလူ့မျက်နှာပေါ်တွင် အံ့အားသင့်သော အရိပ်အယောင်များ လွှမ်းသွားသည်။

သူသည် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ"

ဝမ်စိန်ကြည်က ပြုံးလိုက်၏။

"အခုလို တွေ့ရတာ ဝမ်းသာပါတယ်"

ထိုလူသည် ကျားဆိုးတောင်ကုန်းမှ ခေါင်းဆောင်ဖြစ်သူ "ဆားထင်းကန်း"ပင် ဖြစ်သည်။

သူသည် ဝမ်စိန်ကြည်တို့ စန်းတုံးနယ်ထဲ ချင်းနင်းဝင်ရောက် လာသည်နှင့်...

သတင်းအစုံအလင် ရရှိထားပြီ ဖြစ်သည်။



ဝမ်စိန်ကြည်တို့ မြင်းလှည်းပေါ်တွင် ရတနာသေတ္တာများ ပါလာသည်ကိုလည်း...

သူ၏ လက်အောက်ငယ်သားတို့က သေချာစွာ စုံစမ်းပြီး သတင်းပို့ထားပြီး ဖြစ်သည်။

ထို့ကြောင့်...

သူသည် အောက်လက်ငယ်သားများဖြင့် ယခုကဲ့သို့ လာ ရောက်၍ လုယက်လိုက်ခြင်း ဖြစ်သည်။

ဆားထင်းကန်းသည် ယပ်တောင်ကို အသာအယာ ခတ်ရင်း

"ခင်ဗျားတို့ အခုလို ခရီးဝေးက လာကြတယ်ဆိုတော့ အလွန် ပင်ပန်းမှာပဲနော်"

ဝမ်စိန်ကြည်က ခေါင်းခါယမ်းလိုက်၏။

"ပင်ပန်းတော့ မပင်ပန်းပါဘူး၊ ဒါပေမယ့် ဝန်စည်စလယ် က အတော်များပြီး လေးလံနေတော့ သွားရတာ လာရတာ မလွယ် ကူဘူးပေါ့ဗျာ"

ဆားထင်းကန်းက ရယ်မောလိုက်၏။

"ခင်ဗျားတို့ ဘယ်သွားကြမလို့လဲဗျာ"

ဝမ်စိန်ကြည်က...

"နေပြည်တော်ကို သွားမလို့ပါ"

ဆားထင်းကန်းက...

"နေပြည်တော်ကို သွားမယ်ဆိုတော့ စာမေးပွဲ ဖြေမလို့လား"

ဝမ်စိန်ကြည်က...

"မဟုတ်ပါဘူး၊ ကျုပ်အဖေက ကျုပ်ကို ရာထူးတစ်ခုရအောင် သွားပြီး လှုပ်ရှားနိုင်းတာ၊ ဒါကြောင့် ရွှေငွေ ပါလာပါတယ်"

ဆားထင်းကန်းက ရယ်မောလိုက်၏။

"ခင်ဗျားက ဘွင်းဘွင်းသမားပါလားဗျ"

ဝမ်စိန်ကြည်က ရယ်မောလိုက်၏။

"ခင်ဗျား ရောက်လာလိမ့်မယ်လို့ ကျုပ် ကြိုတင်သိထားပါတယ်"

ဆားထင်းကန်းက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ကြိုတင်သိတယ် ဟုတ်လား"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ဆားထင်းကန်းက...

"ခင်ဗျားက ဘယ်လိုလုပ် ကြိုတင်သိသလဲ"

ဝမ်စိန်ကြည်က...

"မိတ်ဆွေတစ်ယောက်က လာပြောပြလို့ပါ၊ ခင်ဗျား ဒီမှာ ကျုပ်တို့ကို စောင့်လိမ့်မယ်၊ ဒါကြောင့် ကျုပ် တစ်လမ်းလုံး သတိထားလာတာ၊ အခုတော့ ဒီမှာ တကယ့်ကို လာဆုံတွေ့တာပဲ"

ဆားထင်းကန်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဝမ်စိန်ကြည် ပြုံးလိုက်၏။



"ခင်ဗျားတို့လည်း နေပြည်တော်ကို သွားကြမလို့ ဟုတ်လား၊ အတော်ပဲ ကျုပ်လဲ အဖော်ရတာပေါ့ဗျ"

ဆားထင်းကန်းက ကြိတ်၍ ရယ်မောလိုက်မိ၏။

"ဒီလူငယ်က ဘာမှ မသိပါလား"

သူသည် ပြုံးပြလိုက်၏။

"ခင်ဗျားတို့ စာပေသမားဆိုတာ အိမ်မှာ အေးအေး ဆေးဆေး နေဖို့ ကောင်းတယ်၊ လောကပေါ်မှာ အလွန်ကြမ်းတမ်းတယ်ဆိုတာ ခင်ဗျား နားမလည်ဘူးနဲ့ တူတယ်"

ဝမ်စိန်ကြည် ရယ်မောလိုက်၏။

"ကျုပ် အိမ်မှာနေတုန်းက သိုင်းလောကမှာ လူလိမ် လူကောက်များတယ်၊ ဓားပြများတယ်လို့ သူများပြောတာ ကြားခဲ့ဖူးတယ်၊ ဒါပေမယ့် ကျုပ်က အဝေးတောင် ရောက်ခဲ့ပြီး ဘယ်သူ့ကိုမှ မတွေ့ပါလား"

ဆားထင်းကန်းက ဝမ်စိန်ကြည်မှာ သိုင်းလောက အကြောင်းလုံးဝနားမလည်သော စာပေသမားတစ်ယောက် ထင်မှတ်ကာ ခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

"မယုံမရှိနဲ့၊ အခုပဲ တွေ့ရတော့မယ်"

သူသည် ယပ်တောင်တစ်ချက် ဝှေ့ယမ်းလိုက်ရာ အစိမ်းရောင် ခေါင်းစည်းထားသော လူများသည် မြင်းလှည်းများအား ဝိုင်းရံထားလိုက်တော့၏။

ဝမ်စိန်ကြည်သည် ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်...

တောအုပ်ထဲမှ ဝါးရွက်ဖြင့် မှုတ်၍ မြည်သော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"နီ...နီ"

ထိုအသံသည် စူးရှ၍ ကျယ်လောင်လှ၏။

ဆားထင်းကန်း၏ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

လက်ထဲမှ ယပ်တောင်ဖြင့် တစ်ချက်ဝှေ့ယမ်းလိုက်ရာ မြင်းလှည်းများကို ဝိုင်းရံထားသော လူများသည် နောက်သို့ ချက်ချင်း ဆုတ်သွားပြန်၏။

ထိုစဉ်မှာပင်...

တောအုပ်ထဲမှ လူနှစ်ယောက် မြင်းနှစ်ကောင် မောင်းနှင် ထွက်လာသည်။

ရှေ့ဆုံးမြင်းပေါ်မှ လူသည့် ဆံပင်နှင့် မျက်ခုံးမွေးပါ ဖြူဖွေးသော အဘိုးအိုတစ်ယောက် ဖြစ်လေ၏။

သူ၏ နောက်တွင် အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဖြစ်၏။

ထိုမိန်းကလေး၏ လက်ထဲ၌ ဝါးရွက်သုံးလေးရွက် ကိုင်ဆောင်ထားသည်။



သူတို့နှစ်ယောက်သည် ဆားထင်းကန်းနှင့် ဝမ်စိန်ကြည်တို့ ကြား၌ မြင်းကို ရပ်တန့်လိုက်၏။

ဆားထင်းကန်း မျက်မှောင်ကုပ်သွား၏။

"ဒါက စန်းတုံးနယ်မြေဗျ"

အဘိုးအို ပြုံးလိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က မဟုတ်ပါဘူးလို့ ပြောနေလို့လား"

ဆားထင်းကန်းက...

"ကျုပ်တို့ ထိုက်စန်း အစည်းအဝေးတုန်းက ဘယ်လို စည်းကမ်းချက်တွေ ထားခဲ့ကြသလဲ"

အဘိုးအိုက...

"ကျုပ်တို့ ဝါးစိမ်းဂိုဏ်းက စန်းတုံနယ်ကိုလာပြီး ဓားပြမတိုက်ရဘူး၊ ခင်ဗျားတို့လည်း ဟိုပေ့နယ်ကိုလာပြီး အမှုမလုပ်ရဘူး"

ဆားထင်းကန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား မှတ်မိသားနဲ့ ဘာဖြစ်လို့ စန်းတုံနယ်ကို ရောက်လာတာလဲ"

အဘိုးအိုက...

"ကျုပ်တို့မှာ ရွှေငွေသေတ္တာတွေ ဟိုပေ့နယ်ကို ရောက်လာမယ့် သတင်းကြားရတာနဲ့ ဟုတ် မဟုတ် သေချာအောင် ကြိုတင်လာကြည့်တာပါ"

ဆားထင်းကန်း၏ မျက်နှာ မည်းမှောင်သွား၏။

"ဒါကတော့ ခင်ဗျားတို့ ဟိုပေနယ်ရောက်မှ ကြည့်လည်း ဖြစ်ပါတယ်"

အဘိုးအို ရယ်မောလိုက်၏။

"ဘယ်ဖြစ်ပါ့မလဲ ရွှေငွေတွေဟာ ကျုပ်တို့နယ်ထဲ မရောက်ခင် ခင်ဗျားတို့လက်ထဲ ရောက်သွားမှာပေါ့"

ဝမ်စိန်ကြည်သည် ယင်းဘိုးအိုမှာ ဟိုပေနယ်က ဝါးစိမ်းဂိုဏ်းမှ ခေါင်းဆောင် ဖြစ်ကြောင်း သိရှိလိုက်လေသည်။

ထို့ကြောင့်...

သူသည် အခြေအနေကို အကဲခတ် စောင့်ကြည့်နေ၏။

ထိုအဘိုးအို၏ စကားကြောင့် ကျားဆိုး တောင်ကုန်းမှ လူများ လှုပ်လှုပ်ရှရှ ဖြစ်ကုန်လေသည်။

အချင်းချင်းလည်း ဝေဖန်ပြောဆို နေကြသည်ကို ကြားလိုက်ရလေသည်။

သူတို့ပြောသော စကားထဲတွင် ထိန်ချင်းချိုဟူသော အမည်လည်းပါနေ၏။

ထို့ကြောင့်...

ယင်းအဘိုးအိုမှာ ဝါစိမ်းဂိုဏ်း၏ ခေါင်းဆောင် ထိန်ချင်းချို ဖြစ်ကြောင်း ခန့်မှန်း၍ ရလေသည်။

အဘိုးအိုက အော်ပြောလိုက်၏။



"မင်းတို့ ဘာတွေ ပြောနေကြတာလဲ၊ ငါ နားလေးတယ် ကျယ်ကျယ်ပြောပါ"

ဆားထင်းကန်း ယပ်တောင်တစ်ချက် ဝှေ့လိုက်၏။

ဆူဆူညံညံ ဖြစ်နေကြသော အောက်လက်ငယ်သားတို့သည် ရုတ်ခြည်း ရပ်တန့်သွားကြလေသည်။

ဆားထင်းကန်းက အဘိုးအိုအား...

"ကျုပ်တို့က အများရှေ့မှာ ပြုထားတဲ့ကတိကို မိတ်ဆွေကြီးက အခုလို ဖျက်ပစ်တာ မရှက်ဘူးလား"

အဘိုးအိုက သူ့အနီးမှ မိန်းကလေးအား လှမ်းမေးလိုက်သည်။

"အကြူး ငါမလာခင်တုန်းက ဘာတွေ ပြောခဲ့သလဲ"

မိန်းကလေးက...

"အဘက စန်းတုံးနယ်ကိုသွားပြီး ရတနာတွေ ကြည့်ရအောင်လို့ ပြောခဲ့တာ"

အဘိုးအိုက...

"တို့က ပစ္စည်းယူမယ်လို့ ပြောသလား"

အကြူးက...

မပြောပါဘူး၊ အခုလည်း ကျွန်မတို့ဘာမှလဲ မယူပါလား"

အဘိုးအိုက ဆားထင်းကန်းဘက်သို့ လှည့်လိုက်၏။

"ကဲ ခင်ဗျား ကြားတယ် မဟုတ်လား၊ ကျုပ်က စန်းတုံးနယ်မှာလာပြီး လုယူမယ်လို့ မပြောပါလား"

ဆားထင်းကန်း၏မျက်နှာ ပျော့ပျောင်းသွားလေသည်။

"ဒီလိုမှပေါ့ဗျာ၊ ခင်ဗျား အခုလို ရောက်ပြန်တော့လဲ တော်ကြ တစ်ခုတော့ ခွဲပေးမှာပါ"

အဘိုးအိုသည် သူ၏စကားကို နားမထောင်ဘဲ အကြူးဘက် သို့ လှည့်လိုက်၏။

"အကြူးတို့ အိမ်မှာ ဘာပြောခဲ့သေးသလဲ

အကြူးက ...

"အဘကပြောတယ်၊ ရတနာတွေ မနည်းဘူး၊ တော်ကြ သူများလုယူတာကို ခံနေရဦးမယ်တဲ့"

အဘိုးအိုက ...

"ဟုတ်ပြီ တကယ်လို့ သူများက လုယူသွားရင်ကော"

အကြူးက ...

"သူများကဝင်လုရင် အဘက ဝင်ပြီးတော့ ကာကွယ်ပေး မယ်လို့ ပြောခဲ့ပါတယ်"

"ဟား ... ဟား ... ဟား"

အဘိုးအို ရယ်မောလိုက်၏။

"မင်း အသက်ငယ်ငယ်နဲ့ မှတ်ဉာဏ်ဒါလောက်ကောင်းတာ မဆိုးပါဘူး"

သူသည် ဆားထင်းကန်းဘက်သို့ လှည့်လိုက်၏။

"အခုလောက်ဆို ခင်ဗျား သဘောပေါက်ပါပြီ"

"ကျုပ်တို့က စန်းတုံးနယ်ကို ကျော်လွန်ပြီး အလုပ်မလုပ်ရ တာတော့ မှန်တယ်၊ ဒါပေမယ့် ကျုပ်က အလုမခံရအောင် ကာကွယ် ဖို့ကတော့ စည်းကမ်းချက်မှာ မပါပါဘူးနော်"



ဆားထင်းကန်း၏ မျက်နှာ ညိုမည်းသွားသည်။

"နားလည်ပါပြီဗျာ၊ ဒီပစ္စည်းတွေကို ကျုပ်တို့မရအောင် ခင်ဗျားက ကာကွယ်ပေးပြီး ခင်ဗျားတို့နယ်ရောက်သော့မှ လုယူ မလို့မဟုတ်လား"

အဘိုးအို ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒီလိုဆိုရင် ကျုပ်က စည်းကမ်းဖောက်ပါဘူး နော်"

ဆားထင်းကန်း၏ လူစုတို့သည် ဒေါသချောင်းချောင်း ထွက် လာကြသည်။

သူတို့သည် အဘိုးအိုနှင့် မိန်းကလေးအား တိုက်ခိုက်ရန် ဟန်ပြင်ကြသည်။

အကြူးက ဝါးရွက်ဖြင့် ပါးစပ်ထဲထည့်၍ မှုတ်လိုက်လေသည်။

"ရှီ ... ရှီ ... ရှီ"

တောအုပ်ထဲမှ ရုတ်တရက် လူပေါင်းနှစ်ရာကျော်ခန့် ပြေး ထွက်လာကြ၏။

သူတို့ အဝတ်အစားများသည် ဆင်တူဝတ်ဆင်ထားကြသည် မဟုတ်ကြချေ။

ခေါင်းပေါ်၌ ဝါးရွက်တစ်ရွက်စီ ထိုးထားသည်ကို တွေ့မြင် လိုက်ရ၏။

ဆားထင်းကန်း ရင်ထိတ်သွား၏။

ဝါးစိမ်းဂိုဏ်းသားတို့မှာ ကြိုတင်စီစဉ်ထားကြောင်း နားလည်လိုက်၏။

သူသည် ယပ်တောင်တစ်ချက် ဝှေ့ယမ်းလိုက်ရာ သူ၏ဘက်တော်သားတို့သည် နေရာယူ၍ တိုက်ခိုက်ရန် အသင့်ပြင်ထားကြ၏၊

* * *

ဝမ်စိန်ကြည်က ဝင်ချင်းချင်းဘက်သို့ လှည့်လိုက်၏။

"ကဲ ... တွေ့လား၊ တို့တောင် ဘာမှမလုပ်ရသေးဘူး၊ သူတို့အချင်းချင်း အကြီးအကျယ် တိုက်ခိုက်တော့မယ် ထင်တယ်"

ဝင်ချင်းချင်း ပြုံးလိုက်၏။

"ကောင်းပါတယ်၊ ဒါမှ ကျွန်မတို့ ကြားကနေ အမြတ်ထုတ်နိုင်မှာပေါ့"

ဝမ်စိန်ကြည်က ဟုန်းစိန်ဟိုက်အား လက်ယပ်ခေါ်လိုက်သည်၊

ဟုန်းစိန်ဟိုက်က အနီးသို့ လျှောက်လာ၏။

ဝမ်စိန်ကြည်က ...

"ဝါစိမ်းဂိုဏ်းက အခြေအနေ ဘယ်လိုလဲဗျ"

ဟုန်းစိန်ဟိုက်က ...

"ဟိုပေ့နယ်တစ်လျှောက်မှာ ဝါးစိမ်းဂိုဏ်းရဲ့ အာဏာသက်ဝင်နေရာဖြစ်တယ်"

ဝမ်စိန်ကြည်က ...

"ဟို အဘိုးကြီးက ခေါင်းဆောင်နဲ့တူတယ်"



ဟုန်းစိန်ဟိုက်က ...

"ဟုတ်တယ်၊ သူ့နာမည်က ထိန်ချင်းချို ဖြစ်တယ်၊ သူ့ကိုအသက်ကြီးတယ်ဆိုပြီး အထင်သေးလို့ မရဘူး"

ဝင်ချင်းချင်းက ...

မိန်းကလေးကော သူရဲ့သမီးလား"

ဟုန်းစိန်ဟိုက်က ...

"သူက မိန်းမမှမရှိဘဲ၊ မွေးစားသမီး ဖြစ်ချင်ဖြစ်မှာပေါ့"

သူတို့သည် ယင်းသို့ ပြောနေစဉ်မှာပင် ကျားဆိုးတောင်ကုန်းမှ လူများနှင့် ဝါးစိမ်းဂိုဏ်းသားများ တိုက်ခိုက်ရန် အသင့်ပြင်ထားပြီး ဖြစ်၏။

ထိုစဉ်မှာပင် ...

တောင်ဘက်လမ်းမပေါ်တွင် မြင်းလည်ပင်းမှ ခြူသံများနှင့်အတူ မြင်းခွာသံ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ဝမ်စိန်ကြည်က လှည့်ကြည့်လိုက်ရာ မြင်းသုံးကောင်သည်အရှိန်ပြင်းထန်စွာဖြင့် ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရ၏။

ရှေ့ဆုံးမှ ပြေးဝင်လာသော မြင်းပေါ်မှ လူသည် အသံကျယ်လောင်စွာဖြင့် ...

"မိတ်ဆွေတို့ အချင်းချင်း ရန်မဖြစ်ကြပါနဲ့ဗျာ"

ဟု အော်ဟစ်လာ၏။

ဝမ်စိန်ကြည် မျက်မှောင်ကုပ်သွား၏။

ထိုစဉ် ...

မြင်းသုံးကောင် အနီးသို့ ရောက်ရှိလာကြပြီး ဖြစ်ရာ ရှေ့ဆုံးမှ လူမှာ အသက်ငါးဆယ်ကျော်ခန့် သူဌေး သူကြွယ် ဟန်ရှိသောလူ ဖြစ်သည်။

သူ၏ ကိုယ်ပေါ်တွင် ပန်းမွှင့် ပိုးဖဲအင်္ကျီရှည် ဝတ်ဆင်ထားသည်။

လက်ထဲမှ အလုံးကြီးသော ဆေးတံရှည်တစ်လက် ကိုင်ဆောင်ထားသည်။

သူ့နောက်မှ ပါလာသော လူနှစ်ယောက်မှာ တစ်ယောက်က အရပ်အမောင်း အလွန်မြင့်ပြီး တစ်ယောက်က အရပ်အလွန်ပု၏။

ထိုလူနှစ်ယောက်၏ ဝတ်စားပုံမှာ ရိုးသားလှကြောင်း တွေ့ရသည်။

ထိုသူဌေးနှင့်တူသော လူသည် လူစုနှစ်စုကြားမှာ ရပ်တန့်လိုက်သည်။

ဆေးတံကို တစ်ချက် လှုပ်ခါလိုက်ပြီး ရယ်မောလိုက်လေသည်။

"အားလုံး အချင်းချင်းတွေပဲ၊ တစ်ယောက်နဲ့ တစ်ယောက် ဆွေးနွေးရင် မဖြစ်ဘူးလား၊ တော်ကြာ ရယ်စရာ ဖြစ်နေပါဦးမယ်"

ဆားထင်းကန်းက လက်နှစ်ဖက် ဆုပ်လိုက်၏။

"မိတ်ဆွေကြီး ခင်ဗျာ၊ ခင်ဗျားရောက်လာတာနဲ့ အတော်ပါပဲ၊ ဘယ်သူက မှားတယ်၊ ဘယ်သူက မှန်တယ်ဆိုတာ ဆုံးဖြတ်ပေးပါဗျာ"



သူသည် ဝါးစိမ်းဂိုဏ်း နယ်ကျွံလာသော အကြောင်းများကို ...ပြလိုက်လေသည်။

ထိန်ချင်းချိုမှာမူ စကားမပြောဘဲ ပါးစပ်ပိတ်ထားသည်။

ဝမ့်စိန်ကြည်က ဟုန်းစိန်ဟိုက်အား ကြည့်လိုက်၏။

"အခု ရောက်လာတဲ့လူက ဘယ်သူများပါလိမ့်"

ဟုန်းစိန်ဟိုက်က ...

"ဒီလူကတော့ သူဌေးကြီး သုဟန်လု လို့ ခေါ်ပါတယ်၊ ...နဲ့ ဆားထင်းကန်းတို့ဟာ စန်းတုံးနယ်မှာ ခေါင်းဆောင်နှစ်ယောက် ...တယ်"

ဝင်ချင်းချင်းက ...

"သူက သူဌေးကြီး ဟုတ်လား"

ဟုန်းစိန်ဟိုက်က ပြုံးလိုက်သည်။

"သူဌေးကြီးဆိုတာ ဟန်ပြတာပါ၊ အမှန်ကတော့ သူလည်း ...းပြတစ်ယောက်ပါပဲ"

ထိုစဉ် ...

သုဟန်လုက ထိန်ချင်းချိုဘက်သို့ လှည့်လိုက်လေသည်။

"ဒီမှာ အစ်ကိုကြီး ဒီအတိုင်းဆိုရင် ခင်ဗျား မှားနေပြီ ...တယ်"

ထိန်ချင်းချိုက ...

"ကျုပ်က ဘယ်မှာ မှားတာလဲ"

သုဟန်လုက ...

"ကျုပ်တို့ ထိုက်စန်းတောင်မှာ ဆွေးနွေးပွဲလုပ်တုန်းက ကျုပ်လည်း ပါပါတယ်၊ အဲဒီမှာ ချမှတ်ထားတဲ့ စည်းကမ်းက နယ်ကျွံပြီးတော့ အလုပ်မလုပ်ရဘူးလို့ ကတိပြုထားတယ် မဟုတ်လား"

ထိန်ချင်းချိုက ...

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့က အလုပ်လာလုပ်တာ မဟုတ်ဘူး၊ စေတနာသန့်သန့်နဲ့ သူတို့ကိုလာပြီး ကာကွယ်ပေးတာ"

သူသည် စကားဆက်လိုက်သည်။

သူဌေးကြီးကလည်း သတင်းအနံ့ခံတာ မြန်သားပဲ၊ ဘယ်နေရာမှာ အမြတ်အစွန်း ရှိတယ်လို့ ကြားလိုက်တာနဲ့ ခင်ဗျားနဲ့ဆေးတံက အဲ့ဒီကို ရောက်လာတာပဲ"

"ဟား ... ဟား ... ဟား"

သူဟန်လုက ရယ်မောလိုက်၏။

သူသည် နောက်မှလူနှစ်ယောက်အား ညွှန်ပြလိုက်၏။

"ဟောဒီ မိတ်ဆွေနှစ်ယောက်ကို မိတ်ဆက်ပေးရဦးမယ်"

သူသည် အရပ်ရှည်သောလူအား ညွှန်ပြလိုက်သည်။

"သူကတော့ ဝိုက်အင်းနယ်က သိုင်းသမား ယုဝါစိန်ပါ"

သူသည် အရပ်ပုသောလူအား ညွှန်ပြလိုက်ပြန်၏။

"သူကလည်း ဝိုက်အင်းနယ်က သိုင်းသမား ချန်းဟာင်းပါပဲ"

ထိန်ချင်းချို မျက်မှောင်ကုပ်သွားသည်။

"သူတို့ကလာပြီး သတင်းပေးတာလား"

သူဟန်လု ခေါင်းညိတ်လိုက်၏။



"ဟုတ်ပါတယ်၊ ကျုပ်က လူကဝလာတယ်ဆိုတော့ ဘယ်ကိုမှ မသွားချင်ပါဘူးဗျာ၊ ဒါပေမယ့် သူတို့ရဲ့စေတနာကို အားနာမိတာနဲ့ လိုက်လာခဲ့တာပါ၊ မမျှော်လင့်ဘဲ ခင်ဗျားတို့ကို ဒီမှာ လာပြီးတွေ့ရတော့တယ်"

ဝင်ချင်းချင်းနှင့် ဝမ်စိန်ကြည်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

ဝင်ချင်းချင်းက ပြုံး၍ အသံတိုးတိုးဖြင့် ...

"ပစ္စည်းခွဲချင်တဲ့ လူတစ်ယောက် တိုးလာပြီ"

ဆားထင်းကန်းကလည်း စဉ်းစားတွေးတောနေ၏။

"သူဟန်လုရဲ့ သိုင်းပညာ မခေဘူး၊ အင်အားလည်းကြီးတယ်၊ သူနဲ့ပေါင်းလိုက်ရင်တော့ ဘာပဲဖြစ်ဖြစ် ဝါးစိမ်းဂိုဏ်းကို မောင်းထုတ်နိုင်မှာပဲ"

သူသည် ယင်းသို့ စဉ်းစားပြီး သူဟန်လုအား ပြုံးပြလိုက်သည်။

"မိတ်ဆွေကြီးက ကျုပ်တို့ စန်းတုံးနယ်ကပဲ၊ ဒါကြောင့် ကျုပ်တို့နဲ့ဆိုရင် တစ်ယောက်တစ်ဝက် ပေးသင့်ပါတယ်၊ တခြားလူကိုတော့ ကျုပ်က လုံးဝ မခံနိုင်ဘူး"

သူဟန်လုက အဘိုးအိုဘက်သို့ လှည့်လိုက်၏။

"မိတ်ဆွေကြီးက ကြားတယ် မဟုတ်လား၊ ဒါကြောင့် နောက်ဆုတ်သွားရင် ကောင်းမယ်ထင်တယ်"

ထိန်ချင်ချို ရယ်မောလိုက်သည်။

"ကျုပ်ကတော့ မဆုတ်နိုင်ပါဘူး၊ ကြိုက်သလို ရှင်းနိုင်ပါတယ်"

သုဟန်လုက ဆားထင်းကန်ဘက်သို့ လှည့်လိုက်၏။

"ခင်ဗျားကော ဘယ်လိုသဘောရသလဲ"

ဆားထင်းကန်းက ...

"တို့စန်းတုံးနယ်ကိုလာပြီး စော်ကားတာကိုတော့ လုံးဝသည်းမခံနိုင်ပါဘူး"

သူ၏စကားသည် သုဟန်လုအား မိမိတို့ဘက်ပါအောင် စည်းရုံးထားလိုက်ခြင်း ဖြစ်သည်။

ထိန်ချင်းချို အပျင်းတစ်ချက် ဆန့်လိုက်သည်။

"ပြေနေတာ ကြာပါပြီဗျာ၊ တစ်ယောက်ချင်း စိန်ခေါ်မလား၊ အုပ်စုလိုက် တိုက်ကြမလား၊ ကျုပ်က အဆင်သင့်ပါဘဲ"

ဆားထင်းကန်းက ယပ်တောင်ကို ဆတ်ခနဲ ဖွင့်လိုက်လေသည်။ သူသည် သုဟန်လုဘက်သို့ လှည့်လိုက်၏။

"ခင်ဗျားကော ဘယ်လိုသဘောရသလဲ"

သုဟန်လု လက်ကာပြလိုက်သည်။

"ဒီလိုဆိုရင် အချင်းချင်းတွေ ထိခိုက်ဒဏ်ရာ မဖြစ်ရလေအောင် တစ်ဦးချင်း ယှဉ်ပြိုင်တာပဲ ကောင်းပါတယ်"

ထိန်ချင်းချို ရယ်မောလိုက်၏။

"ဘယ်လို ယှဉ်ပြိုင်မလဲဆိုတာ ရှင်းရှင်းလင်းလင်း ပြောပါ"



သုဟန်လုက ဆေးတံဖြင့် လှည်းတန်းကို ညွှန်ပြလိုက်လေသည်။

"မြင်းလှည်းပေါ်မှာ ရွှေငွေသေတ္တာ ဆယ်သေတ္တာရှိတယ်၊ တို့တစ်ဖက်စီ လူဆယ်ယောက် ယှဉ်ပြိုင်ဖို့ ရွေးလိုက်မယ်၊ ဆယ်ပွဲတိတိ ယှဉ်ပြိုင်မယ်၊ ယှဉ်ပြိုင်တဲ့အခါမှာ ထိခိုက်ဒဏ်ရာရအောင် မလုပ်ရဘူး"

ထိန်ချင်းချိုနဲ့ ဆားထင်းကန်းတို့က တိတ်ဆိတ်စွာ နားထောင်နေ၏။

သုဟန်လုက စကားဆက်လိုက်၏။

"တစ်ပွဲနိုင်ရင် ရတနာသေတ္တာတစ်လုံး ယူနိုင်တယ်၊ ဒီလိုဆိုရင် တရားမျှတမှု ရှိလိမ့်မယ်လို့ ထင်ပါတယ်"

ထိန်ချင်းချို သဘောတူလိုက်လေသည်။

ဆားထင်းကန်းကလည်း သဘောတူလိုက်သည်။

သုဟန်လုသည် မြင်းလှည်းပေါ်မှ ရတနာသေတ္တာများကို တစ်၊ နှစ်၊ သုံး၊ လေး စသည့် ဂဏန်းများ ရေးမှတ်ထားလိုက်လေသည်။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် လက်ပိုက်ကြည့်နေသည်။ ထိန်ချင်းချိုနှင့် ဆားထင်းကန်းတို့မှာမူ ယှဉ်ပြိုင်မည့်လူများကို ရွေးချယ်ကြလေသည်။

ထို့နောက် ...

လူများသည် စက်ဝိုင်းပမာ မြေကွက်တစ်ခုအား ဝိုင်းရံထားလိုက်လေသည်။

သုဟန်လုမှာ မြေကွက်၏ အလယ်ဗဟိုမှာ ရပ်လျက် ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ရန် အသင့်ဖြစ်နေ၏။

သူသည် နှစ်ဖက်သောလူများကို လှည့်ကြည့်လိုက်ပြီး ဆေးတံကို အပေါ်ထောင်လိုက်သည်။

"ကဲ ... အားလုံး အဆင့်သင့် ရှိနေကြပြီလား"

ဆားထင်းကန်းနှင့် ထိန်ချင်းချီတို့က ပြိုင်တူခေါင်းညိတ်ပြလိုက်သည်။

သုဟန်လုက ခေါင်းညိတ်လိုက်၏။

"ကဲ ... ပထမပွဲစပြီ"

ဆားထင်းကန်းဘက်တွင် အလွန်ထွားကျိုင်းသော လူတစ်ယောက် မြေကွက်အလယ်သို့ လျှောက်လာလေသည်။

ထိုလူ၏ ကိုယ်ခန္ဓာ အလွန်သန်စွမ်းပြီး အရပ်အလွန်မြင့်သည်ကို တွေ့ရသည်။

ထိန်ချင်းချီဘက်မှလည်း လူတစ်ယောက် ထွက်လာ၏။

ထိုလူမှာလည်း၊ အလွန်ထွားကျိုင်း၏။

သုဟန်လုက လက်တစ်ဖက် မြှောက်လိုက်၏။

"အသင့်ပြင်"

ထိုလူနှစ်ယောက်သည် တိုက်ခိုက်ရန် အနေအထား ဟန်ပြင်ထားသည်။

သုဟန်လုက မြှောက်ထားသော လက်ကို ချလိုက်ရင်း ...

"စတင်တိုက်ခိုက်"



ထိုလူနှစ်ယောက်သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြလေသည်။

နှစ်ယောက်စလုံးမှာ ခွန်အားကို အသုံးပြုကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် သူတစ်ပြန် ကိုယ်တစ်ပြန် လက်သီးဖြင့် ထိုးနှက်ကြသည်။

ဆားထင်းကန်း၏ ဘက်တော်သားသည် အလစ်တွင် ခြေထောက်ဖြင့် ချိတ်လိုက်ရာ ထိန်ချင်းချီ၏လူက ပက်လက်လန်လဲကျသွားသည်။

သူသည် ထပ်မံတိုက်ခိုက်ရန် မတ်တတ်ရပ်လိုက်ရာ သုဟန်လုက ဟန့်တားလိုက်၏။

"မင်းရှုံးသွားပြီ ထွက်တော့"

ထိုလူက ခေါင်းငိုက်စိုက်ချကာ ထွက်ခွာသွား၏။

ဆားထင်းကန်းဘက်မှ အနိုင်ရရှိလိုက်သဖြင့် သုဟန်လုသည် တစ် ဂဏန်းရေးသားထားသော သေတ္တာပေါ်၌ စန်းတုံးဟူသောစာ ရေးမှတ်ထားလိုက်လေသည်။

ဆားထင်းကန်း၏ ဘက်တော်သားတို့သည် ကောင်းချီးသြဘာ ပေးကြလေသည်။

ဒုတိယပွဲ စတင်ပြန်လေသည်။

စန်းတုံးနယ်ကပဲ ထပ်မံအနိုင်ရရှိလိုက်လေသည်။

ထို့ကြောင့် ...

သုဟန်လုက အမှတ်နှစ်ဂဏန်းရေးထားသော သေတ္တာပေါ်မှာ စန်းတုံးဟု ရေးမှတ်လိုက်ပြန်လေသည်။

ဆားထင်းကန်း၏ ဘယ်တော်သားတို့က ဝမ်းသာ အုမြူးနေစဉ် တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ ပွဲစဉ် လေးခုစလုံးတွင် ရှုံးနိမ့်သွားသည်။

သတ္တမပွဲတွင် လက်နက်ချင်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။

စန်းတုံးနယ်က အနိုင်ရလိုက်သည်။

ယခုမှာမူ ...

သေတ္တာသုံးလုံးတည်းသာ ကျန်တော့သည်။

ထို့ကြောင့် ...

သုဟန်လုက မိမိကဝင်ပြီး မယှဉ်ပြိုင်လျှင် မဖြစ်တော့သည်ကို တွေ့ရှိရသည်။

ထို့ကြောင့် ...

သူသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ဆားထင်းကန်းအား ပြုံးပြလိုက်သည်။

"ကဲ ဒီတစ်ပွဲတော့ ကျုပ်ကိုယ်တိုင် ဝင်ပြိုင်ပါမယ်ဗျာ"

ဆားထင်းကန်းက သဘောတူလိုက်သည်။

သုဟန်လုသည် ထိန်ချင်းချိုအား လက်နှစ်ဖက် ဆုပ်၍ အရိုအသေ ပြုလိုက်၏။



"ဒီတစ်ပွဲတော့ ကျုပ်အလှည့်ပါပဲ၊ ကျုပ်နဲ့ ယှဉ်ပြိုင်ဖို့ တစ်ယောက်ယောက်ကို လွှတ်လိုက်ပါဗျာ"

ထိုစဉ် ...

ထိန်ချင်းချို နံဘေးတွင် ရပ်နေသော အကြူးက သူ့ထံသို့ လျှောက်လာသည်။

သူမ၏ သက်ထဲတွင် လက်နက်လုံးဝမပါဘဲ သေးငယ်သော ဝါးတံနှစ်ချောင်းသာ ပါရှိသည်ကို တွေ့ရသည်။

သုဟန်လုက နောက်သို့ ဆုတ်သွားသည်။

သူသည် ဆားထင်းကန်းဘက်သို့ လှည့်လိုက်သည်။

"ကျုပ်က မိန်းကလေးကို အနိုင်မယူချင်ပါဘူးဗျာ၊ ခင်ဗျားပဲ လူတစ်ယောက် လွှတ်လိုက်ပါ"

ဆားထင်းကန်းက သူ၏ ဘက်တော်သားဘက်သို့ လှည့်လိုက်ပြီး ...

"ကဲ ... ခင်ဗျားတို့ထဲမှာ မိန်းကလေးနဲ့ ယှဉ်ပြိုင်ဖို့ ဝါသနာပါရင် တစ်ယောက်ယောက် ထွက်ခဲ့ပါဗျာ"

လူအုပ်ကြားမှ လူတစ်ယောက်က ခြေလှမ်းကျဲလဲဖြင့် ထွက်လာသည်။

ဆားထင်းကန်းက ကြည့်လိုက်ရာ ထိုလူမှာ ရုပ်အလွန်ချောပြီး လက်ထဲတွင် စုတ်တံလက်နက် ကိုင်ဆောင်ထားသည်ကို တွေ့ရ၏။

ယင်းလူမှာ ကျင်းတုံး ဖြစ်သည်။

သူသည် အကြူးမှာ အလွန်ချောမောသည်ကို တွေ့ရှိရသဖြင့် ယခုကဲ့သို့ ယှဉ်ပြိုင်ရန် ထွက်လာခြင်း ဖြစ်သည်။

ကျင်းတုံးသည် သူ၏ကိုယ်ဖော့ပညာကို ဦးစွာပြသလိုသဖြင့် ရုတ်တရက် ထခုန်လိုက်ပြီး အကြူးရှေ့သို့ ပေါ့ပါးစွာ ခုန်ဝင်လာသည်။

ထို့နောက် ...

သူသည် စကားပြောရန် ပါးစပ်ဟလိုက်ရာ ရုတ်တရက် အကြူးက သူ၏ဝါးတံဖြင့် ရိုက်ချလိုက်လေသည်။

သူသည် မမျှော်လင့်ဘဲ တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် ကမန်းကတန်း ရှောင်တိမ်းလိုက်၏။ သို့သော် အကြူး၏လက်နှစ်ဖက်မှ ဝါးတံနှစ်ချောင်းသည် အဆက်မပြတ် လျင်မြန်စွာ တိုက်ခိုက်လိုက်သဖြင့် ...

သူသည် ကမန်းကတန်း မြေပေါ်သို့ အိပ်ချလိုက်ပြီး လိမ့်၍ မြေပေါ်သို့ ရှောင်ထွက်သွားသည်။

သူသည် ရန်သူအပေါ် ပေါ့ပေါ့တန်တန် အထင်သေးမိသဖြင့် တကိုယ်လုံး ဖုန်များ ပေကျံကုန်သည်။

စိတ်ထဲ၌ ခံပြင်းလာသောကြောင့် အကြူးအား ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်လိုက်၏။

သို့သော် ...

အကြူးမှာ အသက်ငယ်ရွယ်သောသူ ဖြစ်သော်လည်း သူမ၏ သိုင်းပညာမှာ အလွန်အဆင့်မြင့်သည်ဖြစ်ရာ သူမသည် ဘယ်ဘက်



လက်မှ ဝါးတံကို မြေပေါ်ထောက်ပြီး သူ၏ ခန္ဓာကိုယ် အပေါ်သို့ မြောက်တက်သွား၏။

တစ်ချိန်တည်းမှာပင် သူ၏ ညာဘက်မှ ဝါးတံသည် ကျင်းတုံး၏ ခေါင်းပေါ်သို့ ရိုက်ချလိုက်၏။

ကျင်းတုံးက ရှောင်တိမ်းလိုက်ရာ အကြူးသည် ညာဘက် ဝါးတံဖြင့် မြေပေါ်ထောက်ပြီး ခန္ဓာကိုယ် အပေါ်သို့ ခုန်တက်သွားသည်။

တစ်ချိန်တည်းမှာပင် ...

ဘယ်ဘက်လက်မှ ဝါးတံဖြင့် ရိုက်ချလိုက်ရာ ကျင်းတုံး၏ လက်ကောက်ဝတ်အား ရိုက်ချမိလိုက်သဖြင့် စုတ်တံလက်နက် လွင့်ကျသွားပြီး ကျင်းတုံး၏မျက်နှာ တစ်ခုလုံး နီရဲသွားပြီး နောက်သို့ ဆုတ်သွားရ၏။

အကြူးသည် အနိုင်ရရှိလိုက်သဖြင့် နောက်သို့ ဆုတ်သွားရန် လှည့်လိုက်ရာ သုဟန်လုက ဟန့်တားလိုက်သည်။

"နေပါဦးဗျာ မိန်းကလေးရဲ့ သိုင်းပညာကို အလွန်လေးစားလို့ ကျုပ်နဲ့ တစ်ပွဲလောက် ယှဉ်ပြိုင်ပါလားဗျာ"

အကြူးက ရယ်မောလိုက်၏။

"ရပါတယ်ရှင် ဦးက ဘယ်လို လက်နက်များ သုံးပါသလဲရှင်"

သုဟန်လုက ပြုံးလိုက်၏။

"ကျုပ်ကလူကြီးပဲ ငယ်ရွယ်သူကို လက်နက်နဲ့ မတိုက်ပါဘူး"

အကြူးက ခေါင်းညိတ်လိုက်၏။

"ဒါဖြင့် သတိထားပေတော့"

သူမသည် ပြောရင်း ဝါးတံဖြင့် တိုက်ခိုက်လိုက်တော့သည်၊

သုဟန်လုမှာမူ အတွင်းအားကို တစ်ကိုယ်လုံးပေါ်၌ စုစည်းထားလိုက်၏။

အကြူး၏ ဝါးတံသည် သူ၏ကျောပေါ်သို့ သုံးလေးချက်ရိုက်မိသွားသည့်တိုင်အောင် သူက လုံးဝ မမှုပေ။

ဝမ်စိန်ကြည်က ကြည့်နေရာမှ မျက်မှောင် ကုပ်သွားလေသည်၊

"ကြည့်စမ်း၊ ဒီလူက ကိုယ့်သမီးလောက်ရှိတဲ့ မိန်းကလေးကို အသေသတ်ဖို့ ကြံစည်နေပြီနဲ့တူတယ်"

ဝင်ချင်းချင်းသည် မိမိနှင့်ရွယ်တူဖြစ်သော အကြူးအပေါ် ကိုယ်ချင်းစာစိတ်များ ပေါ်ပေါက်လာသည်။

"အစ်ကိုကြီး ဒီအတိုင်း ကြည့်နေတော့မှာလား"

ထိုစဉ် ...

ထိန်ချင်းချိုက အခြေအနေမဟန်မှန်း သိလိုက်သဖြင့် ...

"အကြူး မင်း နောက်ဆုတ်ပါ၊ သူ့ကို အနိုင်ပေးလိုက်ပါ"

အကြူး နောက်သို့ ဆုတ်လိုက်၏။

သို့သော် ...

သုဟန်လုက ဟန့်တားလိုက်၏။

"ငါ့ကို လေးငါးချက်ရိုက်ပြီးမှ ဆုတ်သွားလို့ ဖြစ်မလား"

သူသည် ပြောရင်း လက်ဝါးနှစ်ဖက်ဖြင့် အကြူးထံသို့ ရိုက်ချလိုက်၏။



ထိန်ချင်းချိုက သူ့အနီး၌ ရပ်နေသော ငယ်သားတစ်ယောက်ထံမှ ဝါးလုံးကို ယူလိုက်ပြီး အကြူးအား ဝင်ရောက်ကာကွယ်ပေးလိုက်၏။

"ရပ်လိုက်"

ထိုအချိန် ဆားထင်းကန်းက ရုတ်တရက် ဝင်ရောက်လာပြီး ထိန်ချင်းချိုအား .တိုက်ခိုက်လိုက်၏။

ထိန်ချင်းချိုသည် ပြန်လည်တိုက်ခိုက်ရာ သုဟန်လုက အကြူးအား တိုက်ခိုက်လိုက်သည်။

အကြူး ထိတ်လန့် တုန်လှုပ်သွားသည်။

ကိုယ်ဖော့ပညာကို အသုံးပြုပြီး ရှောင်တိမ်းနေရ၏။

သူမ၏ တစ်ကိုယ်လုံး၌ ချွေးများ စို့ရွှဲသွားသည်။

ထိန်ချင်းချိုက ဝင်ရောက်ကာကွယ်လိုသော်လည်း ဆားထင်းကန်းက ဟန့်တားထားသဖြင့် မည်သို့မှ မကူညီနိုင်ဘဲ ဖြစ်နေသည်။

ထိုစဉ် ...

ဝမ်စိန်ကြည်က အသံကျယ်လောင်စွာဖြင့် ...

"အမယ်လေးဗျာ"

ဟု အော်ရင်း သူ၏မြင်းပေါ်သို့ မှောက်လျက် ကျသွားသည်။

မြင်းသည် တစ်ဟုန်ထိုး ပြေးထွက်လာပြီး သုဟန်လုနှင့် အကြူးတို့ နှစ်ယောက်ကြားသို့ တိုးဝင်လာ၏။

မြင်းတစ်ကောင်က သူတို့နှစ်ယောက်အား ခြားလိုက်သဖြင့် အကြူး သက်သာသွားသည်။

ဝမ်စိန်ကြည်သည် မြင်း၏လည်ပင်းကိုဖက်ကာ မြင်းကျော
ပေါ်မှ နောက်သို့ ကျသွား၏။

"အမယ်လေးဗျ"

သူသည် အော်ဟစ်ရင်း မြင်းကျောပေါ်သို့ အလုအယက်
တက်နေပြန်၏။

တစ်ဖန် မြင်းပေါ်မှ ကျလာပြန်သည်။

ထို့ကြောင့် ...

သုဟန်လုကလည်း အကြူးအား တိုက်ခိုက်ရန် မည်သို့မှ
မဖြစ်နိုင်တော့ပါ။

အတန်ကြာတော့မှ ...

မြင်းက ရပ်တန့်သွားသည်။

ဝမ်စိန်ကြည်က မောဟိုက်စွာဖြင့် မြင်းပေါ်မှ ဆင်းလိုက်သည်၊

သူသည် လက်ဝါးဖြင့် မြင်း၏တင်းပါးကို ရိုက်ချလိုက်လေ
သည်။

"တိရစ္ဆာန် မင်းကြောင့် ငါကံကောင်းလို့ မသေတာ"

ထိုစဉ် ...

အကြူးက သူမ၏ လူအုပ်ကြားသို့ ဆုတ်သွားသဖြင့် သုဟန်
လုလည်း နောက်သို့ ဆုတ်သွားရသည်။

✿ ✿ ✿

သုဟန်လု နောက်သို့ဆုတ်သွား၏။



ဆားထင်းကန်းနှင့် ထိန်ချင်းချိုမှာမူ ပြင်းထန်စွာ တိုက်ခိုက်
နေကြ၏။

တိုက်ကွက် သုံးဆယ်ခန့် ရောက်သောအခါ သူတို့နှစ်ယောက်
စလုံး ဒဏ်ရာကိုယ်စီ ရရှိသွားကြတော့၏။

နှစ်ဖက်သော အောက်လက်ငယ်သားများတို့သည် မိမိတို့၏
ခေါင်းဆောင် ဒဏ်ရာရရှိသွားသည်ကို တွေ့ရသဖြင့် အသီးသီး
ဝင်ရောက် တိုက်ခိုက်ကြလေသည်။

သုဟန်လုက ကမန်းကတန်း ကြားဝင်ဟန့်တားလိုက်၏။

"အားလုံး ရပ်ကြပါဗျာ"

နှစ်ဖက်သောလူများသည် တိုက်ခိုက်ရာမှ ရပ်တန့်သွားကြပြီး
နောက်သို့ ဆုတ်သွားကြ၏။

သူသည် လက်တစ်ဖက် မြှောက်လိုက်၏။

"ကဲ ... တစ်ယောက်နဲ့ တစ်ယောက် ခင်မင်မှု မပျက်ကြပါနဲ့
ဗျာ၊ သေတ္တာကို ခွဲဝေကြရအောင်"

ဆားထင်းကန်းက ...

"နောက်ဆုံး သေတ္တာကို ဘယ်လို ဆုံးဖြတ်မလဲ"

သုဟန်လုက ...

"ခင်ဗျားတို့နှစ်ယောက် အရှုံးအနိုင် မရှိတဲ့အတွက် တစ်
ယောက် တစ်ဝက်ယူပေါ့"

အကြူး လက်မြှောက်လိုက်သည်။

"အဋ္ဌမသေတ္တာကတော့ ကျွန်မ အနိုင်ရတာ၊ ဒါပေမယ့်
ကျွန်မ မလိုချင်ဘူး၊ ပိုင်ရှင်ကို ပြန်ပေးပါ"

သုဟန်လု မျက်မှောင်ကုပ်သွား၏။

"ဘာဖြစ်လို့လဲ"

အကြူးက ...

"သူ့ရဲ့မြင်းက စိတ်ပေါက်ပြီး ရောက်မလာရင် ကျွန်မ အခုဆို ဦးလေး လက်ချက်နဲ့ ဒဏ်ရာရသွားပြီ၊ ဒါကြောင့် သူ့ကို ကျေးဇူးတင်တဲ့ အနေနဲ့ သူ့ကို ပြန်ပေးပါလို့ ပြောတာပါ"

သုဟန်လု ရယ်မောလိုက်၏။

"မင်းက ကျေးဇူး သိတတ်သားပဲ"

သူသည် လက်နှစ်ဖက် မြှောက်ထားလိုက်သည်။

"ကိုယ့်အမှတ်အသား ရေးထားတဲ့သေတ္တာကို ယူကြပေတော့၊ ဒါပေမယ့် ကိုယ့်အမှတ်အသားကို ကြည့်ယူကြပါ၊ မှားမှာစိုးလို့ပါ"

အောက်လက် ငယ်သားများတို့သည် မြင်းလှည်းရှိရာသို့ စုရုံးရောက်ရှိလာပြီး သေတ္တာများသယ်ယူရန် ဟန်ပြင်လိုက်ရာ ဝမ်စိန်ကြည်က ဟန့်တားလိုက်၏။

"ခင်ဗျားတို့ ဘာလုပ်ကြမလို့လဲ"

အကြူးက ခစ်ခနဲ ရယ်မောလိုက်၏။

"ကျွန်မတို့ သေတ္တာသယ်မလို့၊ ရှင်မသိဘူးလား"

ဝမ်စိန်ကြည် လက်ကာပြလိုက်၏။

"အားနာစရာ ကောင်းလိုက်တာ မလိုပါဘူး၊ ဒီမြင်းလှည်းကို နေပြည်တော်အထိ ငှားထားတာဗျ"

အကြူး ရယ်မောလိုက်၏။



"ရှင့်အတွက် သယ်ပေးဖို့ မဟုတ်ဘူး၊ ကျွန်မတို့ ယူသွားမှာ..."

ဝမ်စိန်ကြည်၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

"ဟောဗျာ၊ ဒီသေတ္တာက ကျုပ်ပစ္စည်းပဲ၊ ခင်ဗျားတို့ ဘာဖြစ်လို့ သယ်ယူချင်ရတာလဲဗျာ"

ဆားထင်းကန်း၏ ငယ်သားတစ်ယောက်က ခေါင်းခါယမ်းလိုက်သည်။

"သူနဲ့ပြောရင် ရှုပ်ကုန်လိမ့်မယ်၊ ကိုယ့်ဘာသာကိုယ်သယ်ကြပါ"

ဝမ်စိန်ကြည်၏ မျက်နှာထား တင်းမာသွား၏။

သူသည် အားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး ...

"ကောင်းပြီ ကျုပ်ကို အနိုင်ယူ ယှဉ်ပြိုင်နိုင်ရင် ခင်ဗျားတို့ ကြိုက်သလို သယ်နိုင်တယ် ... ကဲ ... ကျုပ်ရဲ့ ပညာကို ကြည့်လိုက်ကြပါဦး"

ပြောပြောဆိုဆိုပင် ဝမ်စိန်ကြည်သည် သိုင်းကွက်တစ်ကွက် ထုတ်ဖော်ပြသလိုက်ရာ ...

သူ၏ သိုင်းကွက်ကို မြင်သည်နှင့် လူအားလုံး မှင်တက်မိကုန်ကြလေတော့၏။

# ထိပ်တန်းသိုင်းသမား

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

အသက်ရှူသံများပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်နေ၏။

ပတ်ဝန်းကျင်မှာ လူပေါင်း လေးရာ ငါးရာခန့် ရှိနေကြသည် ဖြစ်သော်လည်း လူသူတစ်ယောက်မှ မရှိသည့်အလား တိတ်ဆိတ်နေကြ၏။

သူတို့အားလုံးသည် ဝမ်စိန်ကြည်၏ အပြုအမူကြောင့် ငေးငိုင်သွားကြခြင်း ဖြစ်၏။

အကြူးမှာလည်း ဝမ်စိန်ကြည်သည် သိုင်းပညာတော်သည်ဟု ထင်မှတ်လာ၏။

ဆားထင်းကန်း၊ ထိန်ချင်းချိုနှင့် သုဟာန်လုတို့မှာ သိုင်းလောကအတွေ့အကြုံ အလွန်ရင့်ကျက်သော သိုင်းလောကသားများဖြစ်သည့်အားလျော်စွာ ဝမ်စိန်ကြည်သည် သူတို့ထင်ထားသော စာပေသမား



သူဌေးသားတစ်ယောက် မဟုတ်ဘဲ အဆင့်မြင့်သိုင်းသမား တစ်ယောက်ဟု သိရှိလာသည်။

✿ ✿ ✿

တိတ်ဆိတ်သော ဝန်းကျင်အား သုဟာန်လုက ရှေ့ဦးဆုံးဖြိုခွဲလိုက်၏။

"သူငယ်က သိုင်းသမား တစ်ယောက်ပဲကိုး"

ဝမ်စိန်ကြည် ပြုံးလိုက်၏။

"ကျုပ်က သိုင်းသမားမဟုတ်ပါဘူးလို့ မပြောခဲ့ပါဘူး"

သုဟာန်လုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဒီသစ္စာတွေတော့ ကျုပ်တို့က ယူရမှာပဲ"

ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"ကျုပ်ကိုနိုင်ရင်တော့ ပြောဖို့လိုသေးလားဗျ"

သုဟာန်လုက မဲ့ပြုံးပြုံးလိုက်၏။

"ဒီလိုဆိုရင် မင်းက ငါ့ကို စိန်ခေါ်တယ်ဆိုပါတော့"

ဝမ်စိန်ကြည်ကလည်း ပြုံးလိုက်သည်။

"ကျုပ်သေတ္တာကို လိုချင်ရင် ကျုပ်ကိုနိုင်မှ ယူသွားလို့ရမှာပေါ့"

"ကောင်းပြီလေ"

သုဟာန်လုက မြင်းပေါ်မှဆင်းလိုက်၏။

"ကျုပ်နိုင်ရင် မင်းအသက်ကို အန္တရာယ်မပေးပါဘူး"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်"

သုဟာန်လုက တိုက်ခိုက်ရန်ဟန့်ပြင်လိုက်၏။

ဝမ်စိန်ကြည်က ...

"ခဏလေးနေပါဦး"

ဟု ပြောပြီး သေတ္တာများကို တစ်လုံးပြီးတစ်လုံး ထပ်ထားလိုက်သည်။

"ကျုပ်က ခင်ဗျားတို့လူတွေကို စိတ်မချဘူးဗျ"

သူက ပြောပြီး ထပ်ထားသောသေတ္တာပေါ်သို့ ခုန်တက်လိုက်သည်။

"ကဲ ...အပေါ်တက်ခဲ့ဗျာ"

သေတ္တာများသည် တစ်လုံးနှင့်တစ်လုံး ထပ်ထားလိုက်သည်မှာ သေသေသပ်သပ်မရှိသဖြင့် အချိန်မရွေး ပြိုကျလာနိုင်ပေသည်။

သုဟာန်လုက သိုင်းပညာ အလွန်တော်သည်ဖြစ်သော်လည်း ကိုယ်ဖော့ပညာဘက်၌ အလွန်ညံ့သည်။

သူသည် ခေါင်းခါယမ်းလိုက်၏။

"ကျုပ် အပေါ်မတက်ချင်ဘူး၊ မင်းသတ္တိရှိရင် အောက်ကို ဆင်းခဲ့ပါ"

ဝမ်စိန်ကြည်က ...

"ခင်ဗျား သတ္တိရှိရင် အပေါ်တက်ခဲ့"



သုဟာန်လုက ရှေ့သို့ခြေလှမ်းလှမ်းလိုက်ပြီး သေတ္တာများအား လက်နှစ်ဖက်ဖြင့် လှုပ်ခါလိုက်သည်။

ဝမ်စိန်ကြည်သည် အောက်သို့ ဇောက်ထိုးမိုးမျှော် ကျလာသည်။

အားလုံးသောလူများက ရယ်မောကြသည်။

သို့သော် ဝမ်စိန်ကြည်သည် မြေပေါ်သို့ကျလာလုလုအချိန်တွင် ကျွမ်းတစ်ပတ်ပစ်ကာ ခြေထောက်နှစ်ဖက်ဖြင့် မြေပေါ်သို့ အသာအယာ ရပ်တန့်လိုက်သည်။

သုဟာန်လု ကြောင်အမ်းအမ်းဖြစ်နေ၏။

ရုတ်တရက် ဝမ်စိန်ကြည်က သုဟာန်လု၏ ခန္ဓာကိုယ်အား လက်နှစ်ဖက်ဖြင့် မွေ့လိုက်ပြီး သေတ္တာပေါ်သို့ ပစ်တင်လိုက်သည်။

သုဟာန်လုသည် လက်ကားရား ခြေကားရားဖြင့် အပေါ်ဆုံး သေတ္တာပေါ်သို့ ရောက်ရှိသွား၏။

သေတ္တာများသည် မညီမညာတင်ထားသည်ဖြင့် ရွေ့လျား လှုပ်ရှားနေ၏။

သုဟာန်လုသည် လိမ့်မကျစေရန် ခြေကားရား လက်ကားရား ဖြင့် တည်ငြိမ်အောင် မနည်းထိန်းနေရသည်။

အကြူးသည် သုဟာန်လု၏ဖြစ်ပုံအား ကြည့်ကာ ရယ်မော၍ နေလေသည်။

ထိုစဉ် မန်ချူးစစ်သည်များကို မန်ချူးစစ်ဗိုလ်တစ်ဦးက ဦးဆောင်ရောက်ရှိလာသည်။

ဗိုလ်ဖြစ်သူသည် မြင်းကို ဝမ်စိန်ကြည်ရှေ့သို့ မောင်းလာပြီးမှ ရပ်တန့်သွားသည်။

သူ၏မျက်လုံးအစုံသည် ဝမ်စိန်ကြည်အား စူးရှစွာဖြင့် အကဲခတ်ကြည့်လိုက်သည်။

"မင်းတို့က ဘယ်ကလဲ"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"ကျုပ်တို့ နန်ကင်းကပါ"

"ဘယ်သွားမလို့လဲ"

"နေပြည်တော်"

"မင်းတို့က ဘယ်သူတွေလဲ"

"ရိုးရိုးသားသားနေထိုင်တဲ့ အရပ်သားပါ"

ဗိုလ်ဖြစ်သူသည် ရတနာသေတ္တာများအား တစ်ချက်ဝေ့ကြည့်လိုက်သည်။

"ဒီသေတ္တာထဲမှာ ဘာရှိသလဲ"

"အဝတ်အစားတွေပါ"

"ဖွင့်ပြစမ်း"

"အထဲမှာ အဝတ်အစားပဲ ပါပါတယ်"

ဗိုလ်ဖြစ်သူက စိတ်တိုသွားသည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်ကဖွင့်ခိုင်းရင် ဖွင့်ပြရမယ်"

ဝင်ချင်းချင်းက ကြားဖြတ်လိုက်၏။

"လက်နက်မှမပါဘဲ ဘာဖြစ်လို့ ဖွင့်ပြရမှာလဲ"



ဗိုလ်ဖြစ်သူက ဒေါသခြောင်းခြောင်းထွက်လာသည်။

"မင်း ...တော်တော် ခေါင်းမာပါလား"

သူကပြောရင်း ကြာပွတ်ဖြင့် ဝင်ချင်းချင်းအား ရိုက်ချလိုက်သည်။

ဝင်ချင်းချင်းက ကြာပွတ်အား ဖမ်းဆုပ်လိုက်ပြီး တအားဆွဲလိုက်ရာ ဗိုလ်ဖြစ်သူသည် မြင်းပေါ်မှ ထိုးကျသွားလေသည်။

ကျန်ရှိသော မြင်းသည်တော်များသည် တစ်ဟုန်ထိုးပြေးဝင်လာကြ၏။

ဝမ်စိန်ကြည်က ဆွံ့အနှင့် ဟုန်စိန်ဟိုက်တို့အား မြင်းလှည်းများ မောင်းနှင်သွားစေပြီး သူနှင့်ဝင်ချင်းချင်းတို့သည် နောက်ချန်၍ မြင်းသည်တော်တို့အား ဟန့်တားတိုက်ခိုက်လေသည်။

○ ○ ○

တောလမ်းသည် အလွန်ကျဉ်းမြောင်း၏။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် တောလမ်းတစ်ခုထဲသို့ ရောက်သွားသည်နှင့် မြင်းသည်တော်တို့အား လမ်းပိတ်၍ တိုက်ခိုက်လိုက်သည်။

မြင်းသည်တော်များသည် လမ်းကျဉ်းကလေးနှင့် တိုက်ခိုက်နေရသဖြင့် အင်အားအလွန်များပြားနေသည်ဖြစ်သော်လည်း ရှေ့သို့ ဝင်ရောက်၍ မကူနိုင်ကြပေ။

သူတို့သည် နောက်တွင်ရပ်၍ ညာသံပေးနေရ၏။

ဝမ်စိန်ကြည်တို့သည် မြင်းလှည်းများ အတန်ဝေးဝေးရောက်နေပြီဟု ခန့်မှန်းပြီးမှ ...

"ကဲ ...တို့သွားကြမယ်၊ လမ်းကိုတော့ တတ်နိုင်သလောက် ဖျက်ဆီးခဲ့မှဖြစ်မယ်"

ဝင်ချင်းချင်းက သဘောပေါက်နားလည်လိုက်၏။

သူမသည် သစ်ကိုင်းများ သစ်ရွက်များကို ချိုး၍ စုပုံလိုက်ပြီး မီးရှို့လိုက်သည်။

မီးခိုးလုံးများသည် လိပ်၍ထွက်လာ၏။

"သွားကြမယ်"

ဝမ်စိန်ကြည်သည် သူမ၏လက်ကိုဆွဲကာ တောလမ်းအတိုင်း ပြေးလွှားသွားရာ မန်ချူးမြင်းသည်တော်များသည် သူတို့နောက်လိုက်ရန် ကြိုးစားကြသော်လည်း မြင်းများသည် မီးပုံများကို ကြောက်ရွံ့၍ မကျော်ဝံ့ဘဲ ဖြစ်ကြလေသည်။

မြင်းသည်တော်များသည် မီးများကို ဝိုင်းရံငြိမ်းသတ်လိုက်ရသည်။

သူတို့သည် တောလမ်းထဲသို့ ဝင်ရောက်သွားသောအချိန်တွင် ဝမ်စိန်ကြည်တို့လူစု၏ အရိပ်အယောင်ပင် မမြင်တွေ့ရတော့ချေ။

❂ ❂ ❂

ဝမ်စိန်ကြည်တို့သည် မည်သည့်နေရာသို့ ရောက်သွားပါသနည်း။



သူတို့သည် တောင်ကုန်းတစ်ခုပေါ်သို့ ရောက်ရှိနေခြင်းဖြစ်သည်။

ယင်းတောင်ကုန်းတစ်ခုလုံးမှာ သစ်ပင်များ အလွန်ထူထပ်နေသဖြင့် အောက်ဘက်မှ အပေါ်သို့မော့ကြည့်လျှင် တောင်ကုန်းပေါ်ရှိနေသော လူများအား မမြင်တွေ့နိုင်ပေ။

တောင်ကုန်းမှနေကြည့်လိုက်လျှင် အတော်ဝေးဝေးလံလံအထိ မြင်တွေ့နိုင်ပေသည်။

ထို့ကြောင့် ဝမ်စိန်ကြည်တို့သည် မန်ချူးတပ်များအား ရှောင်တိမ်းနိုင်ရန် ယင်းတောင်ကုန်းပေါ်သို့ တက်ရောက်ပုန်းအောင်းနေခြင်းဖြစ်လေသည်။

သူတို့သည် တစ်ညတာအနားယူပြီး နောက်တစ်နေ့ နံနက်တွင် ဝမ်စိန်ကြည်က အခြေအနေ အကဲခတ်လှမ်းကြည့်နေရာ

တောင်ကုန်းခြေရင်းနှင့် မလှမ်းမကမ်းတစ်နေရာသို့ လူများ ဖရိုဖရဲ ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရ၏။

သူသည် သေသေချာချာ ကြည့်လိုက်တော့မှ ထိုလူများမှာ ဆားထင်းကန်းတို့လူစု ဖြစ်နေသည်ကို တွေ့ရသည်။

ထို့ပြင် ဝါးစိမ်းဂိုဏ်းမှလူများလည်း ပါဝင်နေသည်ကို တွေ့ရသည်။

ထိုသူများသည် ဖရိုဖရဲဖြင့် ပြေးလွှားလာနေကြသည်ကို အကဲ ခတ်ကြည့်သည်နှင့် သူတို့နောက်တွင် ရန်သူများ လိုက်နေသည်ဟု သိရှိလေသည်။

ဝမ်စိန်ကြည် ထင်မိလိုက်သည့်အတိုင်း သူတို့နှင့်ခပ်လှမ်းလှမ်း အကွာတွင် မန်ချူးတပ်များက အင်နှင့်အားနှင့် လိုက်လာနေကြသည်ကို တွေ့ရလေသည်။

ဝင်ချင်းချင်း ရောက်ရှိလာသည်။

သူမမှာလည်း အခြေအနေကို သိရှိလိုက်၏။

"ဆားထင်းကန်းတို့လူစု သေကုန်တော့မှာပဲ၊ ဘယ်လိုလုပ်မလဲ အစ်ကိုကြီး"

ဝမ်စိန်ကြည် မျက်မှောင်ကုပ်၍ စဉ်းစားသည်။

"သူတို့က စားပြဖြစ်ပေမယ့် ငါတို့လူမျိုး၊ ဘာပဲဖြစ်ဖြစ် သူတို့ကို ကူညီမှဖြစ်မယ်"

"ဘယ်လိုကူညီရမလဲ အစ်ကိုကြီး"

ဝမ်စိန်ကြည် စဉ်းစားရခက်သွားသည်။

အင်အားအလွန်တောင့်တင်းသော မန်ချူးတပ်၏လက်ထဲ၌ ဆားထင်းကန်းတို့လူစုအား မည်သို့ကူညီနိုင်မည်နည်း။

ရုတ်တရက် သူ၏ဦးနှောက်ထဲသို့ အလင်းရောင်တစ်ခု တန်းဝင်လာ၏။

"ဟုတ်ပြီ ...ငါအကြံရပြီ"

သူသည် ရတနာသေတ္တာတစ်လုံးယူ၍ မြင်းပေါ်သို့ တင်လိုက်၏။

ထို့နောက် တောင်ကုန်းပေါ်မှ ဒုန်းစိုင်းဆင်းသွားလေသည်။



တောင်အောက်တွင် ...

တိုက်ပွဲပြင်းထန်နေ၏။

မန်ချူးတပ်နှင့် ဆားထင်းကန်း၊ ထိန်ချင်းချိုနှင့် သူဟန်လုတို့၏လူစုများ သဲသဲမဲမဲ တိုက်ခိုက်နေကြ၏။

မန်ချူးတပ်များ အကျအဆုံးများသည်။

ဆားထင်းကန်းတို့လူစုဘက်မှာလည်း သေဆုံးထိခိုက်သူများ မနည်းပါ။

"ကျား"

ဟူသော အော်သံများသည်လည်းကောင်း၊

"အား"

ဟူသော စူးရှသော အော်သံများသည်လည်းကောင်း၊

"ချွမ် ...ချွမ် ...ချွမ် ..."

ဟူသော ဓားစားချင်းထိခိုက်၍ ထွက်ပေါ်လာသောအသံများသည် တောင်တစ်ခုလုံး ဟိန်းထွက်နေ၏။

ဆားထင်းကန်းတို့လူစုသည် ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်နေသော်လည်း မန်ချူးတပ်က အဆမတန် အင်အားများပြားနေသဖြင့် ဆားထင်းကန်းတို့လူစုအား ဝိုင်းရံထားနိုင်ခဲ့၏။

ထိခိုက်ကျဆုံးသည်မှာ တဖြည်းဖြည်းများပြားလာသောကြောင့် ဆားထင်းကန်းတို့လူစုတို့၏ အခြေအနေမှာ အလွန်ဆိုးဝါးလာသည်။

နောက်ထပ် အချိန်အနည်းငယ်ကြာသွားလျှင် ဆားထင်းကန်း၊ ထိန်ချင်းချိုတို့၏လူစုများသည် အားလုံးကျဆုံးသွားမည်ဖြစ်၏။

သူဟန်လုတို့မှာလည်း ဤအတိုင်းပင် ကံကြမ္မာဆိုးနှင့် ရင်ဆိုင်ရတော့မည်ဖြစ်၏။

သူတို့သည် တစ်နေကုန်မရပ်မနား တိုက်ခိုက်ပြေးလွှားနေရသဖြင့် ခြေကုန်လက်ပန်း ကျလာ၏။

သူတို့သည် သေရမည့်အချိန်ကိုသာ စောင့်မျှော်ရန်သာရှိတော့သည်။

ထိုအချိန်မှာပင် ...

တောင်ကုန်းပေါ်မှ မြင်းတစ်ကောင် ဒုန်းစိုင်းပြေးဆင်းလာသည်ကို တွေ့မြင်လိုက်ရ၏။

မြင်းတစ်ကောင်။

လူတစ်ယောက်။

သေတ္တာတစ်လုံး။

မြင်းသည် တောင်ကုန်းပေါ်မှ ဒုန်းစိုင်း၍ ဆင်းလာလေသည်။

တိုက်ခိုက်နေကြသော လူများသည် တောင်ကုန်းပေါ်မှဆင်းလာသောမြင်းကို သတိပြုမိကြ၏။

အနည်းငယ်လည်း အံ့သြကြကုန်သည်။

မြင်းပေါ်မှလူသည် ဤကဲ့သို့ ပြင်းထန်သော တိုက်ပွဲကြားသို့ အဘယ်ကြောင့် ပြေးဆင်းလာရသနည်း။

ထိုမြင်းသည် တဖြည်းဖြည်း အောက်သို့ရောက်ရှိလာ၏။

မြင်းပေါ်မှလူအား အကြူးက အလျင်ဆုံး မှတ်မိလိုက်သည်။

ထိုလူမှာ ရတနာသေတ္တာများ၏ပိုင်ရှင် ဖြစ်နေ၏။



ထို့အပြင် မြင်းပေါ်မှာ သေတ္တာတစ်လုံးကို တွေ့မြင်လိုက်သည်နှင့် သူမက ပို၍အံ့သြသွား၏။

အဘယ်ကြောင့်မှန်းမသိ။

သူမသည် ထိုသူငယ်အတွက် စိုးရိမ်စိတ်များ ပေါ်ပေါက်လာသည်။

"ဒီမှာ ရှင် အမြန်ဆုံးပြန်လှည့်သွားပါ၊ ဒီကိုမလာပါနဲ့"

သူမသည် မန်ချူးအရာရှိတစ်ယောက်နှင့် တိုက်ခိုက်နေရာမှ အသံကုန်ဟစ်၍ သတိပေးလိုက်၏။

သူမ၏အသံကြောင့် ဝမ်စိန်ကြည်က သူမအား တွေ့မြင်သွား၏။

သူသည် လက်ဝါးကို ပါးစပ်အနီး၌ ထောင်၍ပြန်လည်အော်ပြောလိုက်၏။

"ခင်ဗျားတို့ လွတ်အောင်ပြေးကြပါ"

သူသည် ပြောပြီးသည်နှင့် တောင်အောက်သို့ အရှိန်ပြင်းစွာ ရောက်ရှိလာ၏။

သူသည် အရှိန်မသတ်နိုင်ဘဲ မန်ချူးတပ်ထဲသို့ ထိုးဖောက်ဝင်ရောက်သွား၏။

ထို့နောက် သေတ္တာအဖုံးကို ဖွင့်လိုက်၏။

"သေတ္တာထဲမှ ရတနာများကို ဆုပ်ယူလိုက်ပြီး မန်ချူးတပ်များထဲသို့ မြှောက်၍ကြဲချလိုက်သည်။

အရောင်တဖိတ်ဖိတ်တောက်နေသော ရွှေတုံး၊ ငွေတုံး၊

ကျောက် မျက်ရတနာများသည် မိုးပေါ်မှကျလာသည့်သကဲ့သို့ တိုက်ခိုက်နေ ကြသော မန်ချူးများ၏ ခေါင်းပေါ်သို့ ကျလာလေ၏။

ပထမတွင် အားလုံးက ဘုမသိဘမသိဘဲ ကြောင်နေကြသည်။

ရုတ်တရက် မန်ချူးတပ်သားတစ်ယောက်က ဝမ်းသာစွာ အော်ဟစ်လိုက်သည်။

"ဟာ ...ရွှေတုံးတွေပါလားဟ"

ကျန်တစ်ယောက်က ဆက်လက်အော်လိုက်၏။

"ဟောဒီမှာ ပုလဲတစ်လုံး"

ဝမ်စိန်ကြည်က သေတ္တာထဲမှ ရတနာများကို ဆုပ်ယူလိုက်ပြီး ကြဲချလိုက်ပြန်သည်။

အခြေအနေသည် တစ်မျိုးတစ်ဖုံပြောင်းလဲသွားလေတော့သည်။

မန်ချူးတပ်များသည် တိုက်ခိုက်ခြင်းမပြုတော့ဘဲ မိုးပေါ်မှ ကျလာသော ရွှေ ငွေ ရတနာများကိုသာ သူ့ထက်ငါဦးအောင် လုယူကြတော့သည်။

ဝမ်စိန်ကြည်သည် ထိန်ချင်းချိဘက်သို့ လက်ဟန်ခြေဟန်ဖြင့် ပြေးခိုင်းသည်။

သူသည် ယင်းသို့ လက်ဟန်ခြေဟန်ပြပြီးမှ တစ်ဖက်သို့ ဦးတည်မောင်းနှင်သွား၏။

တစ်ဆက်တည်းမှာပင် ကျောက်မျက်ရတနာများကိုလည်း တစ်လမ်းလုံး ကြဲချသွားသည်။



မန်ချူးတပ်သားများသည် ရန်သူအား တိုက်ခိုက်ခြင်းကို မေ့လျော့သွားပြီး ကျောက်သံပတ္တမြား ရွှေငွေများကိုသာ အလုအယက် ကောက်ကြသည်။

ထို့ကြောင့် ထိန်ချင်းချိတို့လူစုသည် တောင်ကုန်းပေါ်သို့ ပြေးတက်သွားကြ၏။

သူတို့သည် တောင်ကုန်းပေါ်သို့ ရောက်ရှိရာ အောက်သို့ လှည့်ကြည့်လိုက်သောအခါ မန်ချူးတပ်သားများသည် ဖရိုဖရဲပြစ်ကာ ရွှေငွေများ လုယူရင်း ဝမ်စိန်ကြည်နောက်သို့ လိုက်သွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

❂ ❂ ❂

ဆားထင်းကန်းလူစုသည် တောင်ကုန်းပေါ်သို့ စုရုံးရောက်ရှိလာကြသည်။

ဝင်ချင်းချင်း၊ ဆွဲ့အကြီး၊ ဟုန်းစိန်ဟိုက်တို့သုံးယောက်တည်းသာ ရတနာသေတ္တာများကို ခြံရံစောင့်ကြပ်နေသည်ကို တွေ့မြင်လိုက်ရ၏။

ဝင်ချင်းချင်းသည် ဆားထင်းကန်းတို့လူစု ရောက်ရှိလာသည်ကို တွေ့ရသောအခါ သူမသည် ရတနာသေတ္တာများကို အကာအကွယ်ပြုထားလိုက်သည်။

"ဟား ...ဟား ...ဟား ..."

ဆားထင်းကန်း ရယ်မောလိုက်၏။

"ဘာမှ မစိုးရိမ်ပါနဲ့သူငယ်၊ တို့က ဝမ်စိန်ကြည်ကြောင့် အသက်ချမ်းသာရာရခဲ့တာပါ၊ ဒီသေတ္တာတွေကို လက်ဖျားနဲ့တောင် မတို့ပါဘူး"

သူသည် ပြောရင်း သုဟန်လုဘက်သို့ လှည့်လိုက်သည်။

"ကျုပ်ပြောတာ မဟုတ်ဘူးလားခင်ဗျာ"

သုဟန်လုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တာပေါ့ဗျာ၊ ကျုပ်တို့အသက်ဆုံးရှုံးသွားရင် ဒီရတနာတွေကို ဘာအသုံးချနိုင်တော့မှာလဲ"

ထိန်ချင်းချို မျက်မှောင်ကုတ်သွား၏။

"ဝမ်စိန်ကြည်က တို့ကို ကယ်တင်ခဲ့တာတော့ ဟုတ်ပါပြီ၊ မန်ချူးတပ်တွေ သူ့နောက်ကို လိုက်သွားတယ်၊ တော်ကြာတစ်ခုခု ဖြစ်သွားမှာကို ကျုပ်က စိုးရိမ်တယ်"

အကြူး ရယ်မောလိုက်၏။

"မစိုးရိမ်ပါနဲ့ အဘရယ်၊ သူက အတော်ဉာဏ်ကောင်းတာ၊ တော်ကြာ ဘေးမသီရန်မခဘဲ ပြန်ရောက်လာပါလိမ့်မယ်"

သူ၏စကားမဆုံးမီ ငယ်သားတစ်ယောက်က ရုတ်တရက် ထအော်လိုက်သည်။

"ဟိုမှာ လူတစ်ယောက် တောင်ကုန်းပေါ်ကိုတက်လာနေတယ်"

ဝင်ချင်းချင်းက ပြေးလွှားပြီး တောင်အောက်သို့ လှမ်းကြည့်လိုက်ရာ ...



ဝမ်စိန်ကြည်သည် မြင်းကိုဒုန်းစိုင်းစီး၍ တောင်ကုန်းပေါ်သို့ တက်လာနေသည်ကို တွေ့မြင်လိုက်ရသည်။

မြင်းပေါ်၌ပါလာသော ရတနာသေတ္တာမှာ မတွေ့ရတော့ချေ။

သူသည် လက်မြှောက်၍ နှုတ်ဆက်လိုက်လေသည်။

"အစ်ကိုကြီး"

ဝမ်စိန်ကြည်က လက်မြှောက်ပြကာ တောင်ကုန်းပေါ်သို့ ရောက်ရှိလာသည်။

သူသည် မြင်းပေါ်မှဆင်းလိုက်သည်နှင့် ဆားထင်းကန်း၊ သုဟန်လုနှင့် ထင်ချင်းချိုတို့က သူ့ထံသို့ ချဉ်းကပ်လာကြလေသည်။

"အခုလို ကျုပ်တို့ကို အပြစ်မမြင်ဘဲ ကယ်တင်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

ထိန်ချင်းချိုက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကား ပြောလိုက်သည်။

ဆားထင်းကန်းကလည်း ကျေးဇူးတင်စကားပြောလိုက်လေသည်။

သုဟန်လုက ...

"ကျုပ်တို့ အခုအသက်ရှင်နေတာဟာ ခင်ဗျားရဲ့ကျေးဇူးပါပဲ၊ ဒါကြောင့် နောင်အလိုရှိတဲ့အခါ ကျုပ်တို့ကို အချိန်မရွေးခေါ်ပါလို့ ပြောပါရစေ"

ကျန်ရှိသောလူများကလည်း ကျေးဇူးတင်ကြောင်း အရိုအသေပြု၍ ဦးညွှတ်လိုက်လေသည်။

ဝမ်စိန်ကြည်သည် ထိုလူများမှာ ဓားပြလူဆိုးဖြစ်ကြသော်လည်း ကိုယ့်အမျိုးသားအပေါ် သစ္စာရှိကြသည်ကို တွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

"ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူးဗျာ၊ အခုလို တိုင်းတစ်ပါးသားက ကျူးကျော်စော်ကားတာကို ရှုပ်ရှုပ်ချွဲချွဲ ခုခံတိုက်ခိုက်တဲ့ အားလုံးကို လေးစားပါတယ်"

သူသည် စကားဆက်လိုက်ပြန်၏။

"အခွင့်ကြုံတုန်း ကျုပ် စကားတစ်ခွန်းပြောချင်ပါတယ်"

ဆားထင်းကန်းက ...

"ပြောပါဗျာ"

ဝမ်စိန်ကြည်က ...

"ခင်ဗျားတို့ အခုလို ဓားပြလူဆိုးလုပ်မယ့်အစား ခင်ဗျားတို့ရဲ့ အင်အားစုပေါင်းပြီး အခြားမျိုးချစ်အင်အားစုနဲ့ ပေါင်းပြီးတော့ မန်ချူးကို တော်လှန်တဲ့လုပ်ငန်းကို လုပ်ကြမယ်ဆိုရင် ရာဇဝင်သမိုင်းမှာ ခင်ဗျားတို့ဟာ သူရဲကောင်းစာရင်းထဲ ပါဝင်ကြမှာဖြစ်ပါတယ်"

ဝမ်စိန်ကြည်၏စကားကြောင့် ထိန်ချင်းချိုက စိတ်ဓာတ်တက်ကြွလာသည်။

"ဟုတ်တယ်၊ တို့ရဲ့လုပ်ငန်း ပြောင်းပစ်ဖို့ကောင်းပြီ"

ဆားထင်းကန်းနှင့် သုဟန်လုတို့ကလည်း သဘောတူကြလေသည်။

"ခင်ဗျား အခုလိုပြောပြမှ ကျုပ်တို့က သတိရလာတယ်၊



အခုချိန်ကစပြီး ကျုပ်နဲ့ ကျုပ်ရဲ့ အင်အားစုအားလုံးဟာ လုယက်တိုက်ခိုက်တဲ့အလုပ်ကို စွန့်ပစ်ပြီး မန်ချူးတော်လှန်ရေးအလုပ်ကိုပဲ အသက်ပေးပြီး လုပ်မယ်လို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်"

ထိန်ချင်းချို လက်သီးလက်မောင်းတန်းလိုက်၏။

"ဒီလိုဆိုရင် ကျုပ်တို့ တစ်ဦးချင်းအင်အားနည်းတဲ့အတွက် အားလုံးစုပေါင်းကြရင် မကောင်းဘူးလား"

သုဟန်လုက ...

"သိပ်ကောင်းတာပေါ့"

သူတို့သုံးယောက်သည် မဟာမိတ် ချက်ချင်းပင်ဖွဲ့လိုက်ကြလေသည်။

သူတို့သည် စန်းတုံးနယ်နှင့် ဟိုပေနယ်နှစ်ခုစလုံး ပူးပေါင်းလိုက်ကြသည်။

ဝမ်စိန်ကြည်က ဝမ်းသာပီတိ ဖြစ်သွား၏။

"ခင်ဗျားတို့ အခုလိုအမြင်မှန်ရလာတာကို တွေ့ရတဲ့အတွက် ကျုပ် ဝမ်းသာလို့မဆုံးပါဘူးဗျာ"

ထိန်ချင်းချိုက ...

"ကျုပ်တို့ မဟာမိတ်ဖွဲ့တာတော့ ဟုတ်ပါပြီ၊ ခေါင်းဆောင်တစ်ယောက်တော့ လိုအပ်မယ်လို့ ထင်ပါတယ်"

ဆားထင်းကန်းနှင့် သုဟန်လုတို့က ပြိုင်တူခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"ခင်ဗျားတို့ အခုလိုတော်လှန်ရေးအလုပ် လုပ်ကြမယ်ဆိုရင် ကျုပ်ပါလာတဲ့ ရတနာအချို့ကို ရန်ပုံငွေအဖြစ်ပေးပါ့မယ်ဗျာ"

ဆားထင်းကန်းတို့သည် ဝမ်းသာအားတက်သွားလေသည်။

ထိုစဉ်မှာပင် အောက်လက်ငယ်သားတစ်ယောက်က ပြေးလွှားလာသည်။

"ခေါင်းဆောင်ကြီးခင်ဗျာ မန်ချူးတပ်ဖွဲ့တစ်ခု ဒီဘက်ကို ဦးတည်လာနေတာကို တွေ့ရပါတယ်ခင်ဗျာ"

ဝမ်စိန်ကြည်နှင့် ဆားထင်းကန်းတို့သည် ကမန်းကတန်း သွားရောက်ကြည့်လိုက်ရာ ...

မန်ချူးတပ်ဖွဲ့တစ်ခုသည် တောင်ခြေရင်းရှိရာသို့ ဦးတည်၍လာနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုတပ်ဖွဲ့သည် ဖြည်းဖြည်း နီးကပ်လာသောအခါ တပ်ဖွဲ့၏ နောက်တွင် အကျဉ်းသားများ ချုပ်နှောင်ထားသော လှောင်အိမ်လှည်းများ ပါလာသည်ကို တွေ့မြင်လိုက်ရသည်။

ဝင်ချင်းချင်းက မျက်မှောင်ကုတ်သွား၏။

"မန်ချူးတပ်တွေက ဘယ်သူများ ဖမ်းဆီးလာကြမှန်းမသိဘူး အစ်ကိုကြီး"

ဝမ်စိန်ကြည်က ...

"မဟုတ်မှလွဲရော မျိုးချစ်ပုဂ္ဂိုလ်တွေဖြစ်ရမယ်"

ဝင်ချင်းချင်းက ...



"ဒီလိုဆိုရင် ဝင်ပြီးကယ်ကြရင် မကောင်းဘူးလား"

ထိုင်ချင်းချိုက ထောက်ခံလိုက်၏။

"ကောင်းတယ် ...၊ ဒါဟာ တို့ရဲ့မဟာမိတ်ဖွဲ့တဲ့ အထိမ်းအမှတ် ပထမခြေလှမ်းဖြစ်ရမယ်"

ဆားထင်းကန်းနှင့် သုဟန်လုတို့ကလည်း သဘောတူကြလေသည်။

ဝမ်စိန်ကြည်သည် အားလုံးက သဘောတူနေသည်ကိုတွေ့ရသဖြင့် ...

"ကောင်းပြီ ... ဒါပေမယ့် အစီအစဉ်တစ်ခုတော့ လုပ်ကြရင် ကောင်းမယ်ထင်တယ်"

ဆားထင်းကန်းက ...

"ဘယ်လိုအစီအစဉ်လုပ်မလဲ"

ဝမ်စိန်ကြည်က ...

"အခုရောက်ရှိလာတဲ့ တပ်ဖွဲ့က အင်အားတစ်ရာကျော်ရှိပေမယ့် အကျဉ်းသားများ ပို့ဆောင်တယ်ဆိုတော့ လက်ရွေးစင်တပ်ဖွဲ့ ဖြစ်နိုင်တယ်၊ ဒါကြောင့် သူတို့ကို ပေါ့ပေါ့တန်တန် ယူဆလို့မရဘူး"

ထိုင်ချင်းချိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ဆားထင်းကန်းက ...

"ခင်ဗျား အကြံအစည်လဲ ပြောပါဦး"

ဝမ်စိန်ကြည်က ...

"ကျုပ်တို့လူစုတွေကို လမ်းကြောင်းသုံးကြောင်းခွဲမယ်"

သူသည် ဆားထင်းကန်းနှင့် သုဟန်လုတို့အား ကြည့်လိုက်သည်။

"ခင်ဗျားတို့ နှစ်ယောက်ကတော့ ကျေးရွာပြုပြီး ကိုယ့်အင်အားစုကို ဦးဆောင်ပါ၊ သူတို့တပ်ဖွဲ့ကို ဘေးတိုက်ဝင်ပြီး ထိုးဖောက်တိုက်ခိုက်ပါ"

သူသည် ထိန်ချင်းချိဘက်သို့ လှည့်လိုက်သည်။

"ဦးကတော့ တပ်ဖွဲ့ရဲ့ ရှေ့တည့်တည့်ဝင်တိုက်ပါ၊ ဒီလိုဆိုရင် သူတို့ဟာ ရုတ်တရက် ဖရိုဖရဲဖြစ်သွားနိုင်တယ်"

ထိန်ချင်းချိက ...

"ဒါဟုတ်တယ်၊ မင်းကကော ဘာလုပ်မလဲ"

ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"ကျုပ်ကတော့ အကျဉ်းသားများကို ဝင်ကယ်မယ်"

ထိန်ချင်းချို ခေါင်းညိတ်လိုက်ပြီး လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ ...

အကြူးနှင့် ဝါးစိမ်းဂိုဏ်းသားတို့သည် ထိန်ချင်းချိနောက်မှလိုက်ပြီး တောင်အောက်သို့ ပြေးဆင်းသွားကြလေ၏။

သူတို့သည် တောင်ကုန်းအောက်သို့ သုံးချိုးတစ်ချိုးခန့် ရောက်ရှိသွားတော့မှ ...



ဝမ်စိန်ကြည်က ဆားထင်းကန်းတို့အား လက်ဝှေ့ယမ်းပြလိုက်သည်။

ဆားထင်းကန်း လက်တစ်ချက်ဝှေ့ယမ်းပြီး တောင်အောက်သို့ဆင်းသွား၏။

သူ၏အောက်လက်ငယ်သားများတို့သည် ထက်ကြပ်မကွာ ပြေးလွှားကြ၏။

သူတို့နောက်တွင် သုဟန်လုတို့လူစု ပြေးသွား၏။

ဝမ်စိန်ကြည်သည် ဟုန်စိန်ဟိုက်နှင့် ဆွဲ့အတို့နှစ်ယောက်အား ရတနာသေတ္တာများ စောင့်ကြပ်ထားနိုင်းပြီးလျှင် ဝင်ချင်းချင်းနှင့်အတူ အောက်သို့ပြေးလွှားသွားကြ၏။

အကျဉ်းသားများ ပို့ဆောင်သော မန်ချူးတပ်ဖွဲ့ဦးဆောင်သူမှာ အသက် ၅၀ ကျော်ခန့်ရှိသော ဗိုလ်တစ်ယောက် ဖြစ်သည်။

သူသည် တောင်ကုန်းပေါ်သို့ ရောက်ရှိသောအခါ တပ်ဖွဲ့များအား ခေတ္တအနားယူရန် အမိန့်ပေး၏။

သူသည် ခေတ္တအနားယူရန် မြင်းပေါ်မှဆင်းမည်အပြုတွင်-

တောင်ကုန်းပေါ်မှ လူတစ်စုပြေးဆင်းလာနေသည်ကို တွေ့မြင်ရ၏။

သူသည် တိုက်ခိုက်ရန် ချက်ချင်းအမိန့်ပေးလေ၏။

ထိုစဉ် ထန်ချင်းချို၏လူစုသည် ညာသံပေး၍ ဝင်ရောက်လာ၏။

မန်ချူးတပ်ဖွဲ့တို့သည် စည်းကမ်းတကျရပ်လျက် တိုက်ခိုက်ရန် အသင့်ပြင်ထားကြ၏။

ထိန်ချင်းချိုတို့လူစု အနီးသို့ရောက်လာတော့မှ ဗိုလ်ဖြစ်သူ ဓားကို ဆွဲထုတ်ပြီး ဝှေ့ယမ်းလိုက်၏။

"တိုက်"

မန်ချူးတပ်ဖွဲ့များသည် ဓားကိုယ်စီဆွဲကာ ဝင်ရောက်လာကြသော ဝါစိမ်းဂိုဏ်းသားတို့အား ဆီး၍တိုက်ခိုက်လိုက်လေသည်။

ထိုမန်ချူးတပ်ဖွဲ့တို့သည် တိုက်ရည်ခိုက်ရည် အလွန်အရည်ဝသော စစ်သည်တော်များ ဖြစ်ကြရာ ...

တစ်ဟုန်ထိုးဝင်ရောက်လာကြသော ဝါးစိမ်းဂိုဏ်းသားတို့အား ဟန့်တားနိုင်ခဲ့၏။

သို့သော် ...ဆားထင်းကန်းတို့လူစုလည်း တစ်မုဟုတ်ချင်း ရောက်ရှိလာကြသဖြင့် ...

ဗိုလ်ဖြစ်သူသည် သူ၏တပ်ဖွဲ့ကို နှစ်စုခွဲ၍ ရင်ဆိုင်လိုက်ရလေသည်။

တစ်ဆက်တည်းမှာပင် သုဟန်လုတို့လူစုက ထပ်မံရောက်ရှိလာကြသဖြင့် မန်ချူးတပ်ဖွဲ့တို့ အကျပ်တွေ့သွားလေ၏။

ထို့ကြောင့် ဗိုလ်ဖြစ်သူက အကျဉ်းသားများ စောင့်ကြပ်နေသော တပ်သားများကို အသုံးချရပြန်သည်။



တိုက်ပွဲသည် ရုတ်ရုတ်သဲသဲပြင်းပြင်းထန်ထန် ဖြစ်လာလေသည်။

ထိုအချိန်မှာပင် ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည်အကျဉ်းသားလှည်းရှိရာသို့ အလွယ်တကူရောက်ရှိလာကြလေသည်။

ဝမ်စိန်ကြည်သည် အကျဉ်းသားများကို တွေ့မြင်သည်နှင့် အံ့အားသင့်ကုန်၏။

အကြောင်းမှာ အကျဉ်းသားထဲတွင် ကြူချုံးရှု ပါရှိလာသည့် အပြင် သူ့ဖခင်၏ လူယုံတော်များ ဖြစ်ကြသော အိယောက်၊ ကြူအန်းကု၊ ပိုတခြမ်းတို့လည်း ပါရှိနေသည်ကို တွေ့ရလေ၏။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် အကျဉ်းလှည်း၏သော့ခလောက်များကို ဓားဖြင့်ခုတ်ဖြတ်ပြီး လှောင်အိမ်တံခါးဖွင့်ပေးလိုက်သည်။

အိယောက်၊ ကြူအန်းကုနှင့် ပိုတခြမ်းတို့သည် ဝမ်စိန်ကြည်အား မမှတ်မိကြဘဲ ကြောင်အမ်းအမ်းဖြစ်နေ၏။

ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"ဦးလေးတို့ ...ကျွန်တော် ဝမ်စိန်ကြည်ပါ၊ မမှတ်မိကြတော့ဘူးလား"

ဝမ်စိန်ကြည် ပြောပြလိုက်သောကြောင့် ...

ကြူအန်းကုတို့သည် ဝမ်စိန်ကြည်အား မှတ်မိကြပြီး ဝမ်းသာပီတိ ဖြစ်သွားကြ၏။

သူတို့သည် လှောင်အိမ်ထဲမှ ထွက်လိုက်သည်နှင့် ကျန်ရှိသော လှောင်အိမ်များကို ရိုက်ချိုးကာ အကျဉ်းသားများကို ကယ်ထုတ်လိုက်ကြသည်။

အကျဉ်းသားစုစုပေါင်း တစ်ရာကျော်ခန့် လွတ်မြောက်လာသည်။ ဝမ်စိန်ကြည်နှင့် ကြူအန်းကုတို့သည် မန်ချူးတပ်ဖွဲ့အား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

◎ ◎ ◎

အချိန်သိပ်မကြာလိုက်ဘဲ ပြင်းထန်သော တိုက်ပွဲပြီးဆုံးသွားပြီဖြစ်သည်။

ဝမ်စိန်ကြည်တို့ အောင်ပွဲခံလိုက်ရလေသည်။

မန်ချူးတပ်ဖွဲ့များသည် အကြီးအကျယ်ကျဆုံးပြီး အချို့ဖရိုဖရဲ ထွက်ပြေးသွားကြလေသည်။

သို့သော် ဗိုလ်ဖြစ်သူက ထွက်မပြေးနိုင်ဘဲ အဖမ်းခံလိုက်ရသည်။

သူတို့သည် အောင်ပွဲခံ၍ တောင်ကုန်းပေါ်သို့ ချီတက်သွားကြသည်။

ထိုစဉ် လူတစ်ယောက်အော်သံ ကြားလိုက်ရသည်။

"ဟိတ် ...ခဏနေကြဦး"

ဝမ်စိန်ကြည်၏ လှည့်ကြည့်လိုက်ရာ မြင်းငါးကောင်သည် ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာကြသည်။

ရှေ့ဆုံးမှလူမှာ စွန်းကျုံးချင်းပင်ဖြစ်သည်။



သူ့နောက်မှ လူလေးယောက်မှာ ကျွေ့စင်းလုနှင့် ကျွေ့အော့လျံဖြစ်သည်။

သူတို့နောက်တွင် မေကျန့်ဟိုနှင့် လူပေစိမ်းပင် ဖြစ်လေသည်။

ဝမ်စိန်ကြည်က ဝမ်းသာသွားသည်။

သူသည် ကမန်းကတန်း ခရီးဦးကြိုဆိုလိုက်သည်။

ကျွေ့အော့လျံက မြင်းကိုရပ်တန့်လိုက်၏။

"မင်းကိုး"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်ပါ"

ကျွေ့အော့လျံက မြေပေါ်မှပြန့်ကြဲနေသော အလောင်းများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

"မင်းတို့ရဲ့ လက်ချက်လား"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ကျွေ့စင်းလုက ကြားဖြတ်လိုက်၏။

"သူတို့ဗိုလ် ဘယ်ရောက်သွားသလဲ၊ သေသွားပြီလား"

ဝမ်စိန်ကြည်က ခေါင်းခါယမ်းလိုက်သည်။

"မသေပါဘူး"

ကျွေ့စင်းလုက ...

"ဒါဖြင့် အခု သူဘယ်မှာလဲ"

ဝမ်စိန်ကြည်က မန်ချူးဗိုလ်အား ညွှန်ပြလိုက်၏။

"ဟိုမှာ ဖမ်းထားပါတယ်"

ကွေ့အောလျံသည် စကားဆက်မပြောတော့ဘဲ မန်ချူးဗိုလ်ရှေ့သို့ မောင်းနှင်သွားသည်။

သူမသည် မန်ချူးဗိုလ်ရှေ့သို့ မြင်းပေါ်မှ ခုန်ချလိုက်ပြီး ...

"ပြောစမ်း ...! နေပြည်တော်ကိုပို့မယ့် လူပုံသဏ္ဍာန် ဆေးမြစ် ဘယ်မှာထားသလဲ"

ဗိုလ်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်တို့ အကျဉ်းသားပဲ ပို့နေရတဲ့အတွက် အချိန်နောက်ကျသွားမှာစိုးလို့ တခြားလူကို ပို့ခိုင်းလိုက်ပါပြီ"

ကွေ့စင်းလုကလည်း ရောက်ရှိလာသည်။

"မင်း တကယ်ပြောနေတာလား"

ဗိုလ်ဖြစ်သူက ခေါင်းညိတ်လိုက်သည်။

"ကျုပ်က ဘာဖြစ်လို့ လိမ်ပြောနေရမှာလဲ"

ကွေ့စင်းလုက ...

"အခု ဒီလူထွက်သွားတာ ဘယ်လောက်ကြာပြီလဲ"

ဗိုလ်ဖြစ်သူက ...

"နေ့တစ်ဝက်လောက်ရှိသွားပြီ"

ကွေ့စင်းလုက ကွေ့အောလျံဘက်သို့ လှည့်လိုက်သည်။

"ကဲ ...တို့ မြန်မြန်လိုက်မှဖြစ်မယ်"



သူတို့သည် ဝမ်စိန်ကြည်အား လှည့်ပင်မကြည့်ဘဲ မြင်းကို ဒုန်းစိုင်း၍ ထွက်ခွာသွားကြလေတော့သည်။

○ ○ ○

ဝမ်စိန်ကြည်သည် စိတ်မကောင်းဖြစ်နေ၏။

ကွေ့စင်းလုတို့က မိမိအပေါ် အမုန်းမပြေသေးသည်ကို သိရှိလိုက်လေသည်။

သူသည် ဗိုလ်ဖြစ်သူအား မေးလိုက်၏။

"အဲဒီဆေးမြစ်က ဘာရောဂါကို အာနိသင်ရှိတာလဲ"

ဗိုလ်ဖြစ်သူက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်လဲ ကောင်းကောင်းမသိပါဘူးဗျာ၊ ဒီဆေးမြစ်က ရောဂါပျွမ်းပြီး သေခါနီးတဲ့ ရောဂါသည်ကိုတောင် အသက်ရှင်လာအောင် အာနိသင်ရှိတယ်လို့ ကြားပါတယ်"

ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွား၏။

သူသည် ရုတ်တရက် ကွေ့စင်းလုတို့ဇနီးမောင်နှံတို့မှာ ကလေးငယ်တစ်ယောက်အား ပိုက်ထားသည်ကို မြင်ယောင်လာသည်။

သူသည် အလွန်ဉာဏ်ကောင်းသော လူငယ်တစ်ယောက်ဖြစ်သည်။

ကွေ့စင်းလုတို့ဇနီးမောင်နှံမှာ မိမိရင်သွေးအတွက် လူပုံသဏ္ဍာန်ရှိသော ဆေးမြစ်ကို မရမက လိုက်လံရှာဖွေနေကြောင်း ချက်ချင်းနားလည်လိုက်လေ၏။

"နေပါဦး ...၊ အဲဒီဆေးမြစ်ကို ဘယ်သူ့ကိုပို့ခိုင်းလိုက်တာလဲ"

ဗိုလ်ဖြစ်သူက ...

"ကျွင်းလိမ်မြို့က ရုံးစိမ်းအာမခံဌာန ဌာနမှူးတစ်ယောက်ကို ပို့နိုင်းလိုက်ပါတယ်"

ဝမ်စိန်ကြည်က ...

"သူတို့သွားတာ ဘယ်လောက်ကြာပြီလဲ"

ဗိုလ်ဖြစ်သူက ...

"ကျုပ်တို့ထက် နေ့တစ်ဝက်ခန့်လောက်စောတယ်"

ဝမ်စိန်ကြည်က ...

"သူတို့လူစုက ဘယ်လောက်များသလဲ"

ဗိုလ်ဖြစ်သူက ...

"ဆယ်ယောက်လောက်ရှိပါတယ်"

ဝမ်စိန်ကြည်သည် ထိုဆေးမြစ်အား မည်သို့ရယူရမည်ကို တွေးတောစဉ်းစားနေလေတော့၏။

❂ ❂ ❂

ထိုစဉ် ကြူချုံးရှု၊ ကြူအန်းကု၊ အိယောက်၊ လိုတခြမ်းနှင့် ဝမ်စိန်ကြည်ပခင်၏ အောက်လက်ငယ်သားများတို့သည် ဝမ်စိန်ကြည်အား လာရောက်ရှိခိုးတွေ့ဆက်ကြသည်။

ဝမ်စိန်ကြည်က ကြီးပြင်းလာပြီး သိုင်းပညာနှင့် နှလုံးရည်ပါ အလွန်ထူးချွန်နေသည်ကို တွေ့ရသဖြင့် ဝမ်းသာပီတိ ဖြစ်ကုန်ကြလေသည်။



ဝမ်စိန်ကြည်သည် အင်းရောင်တစ်ယောက် မတွေ့ရသဖြင့်

"ဒါနဲ့ ဦးလေးအင်းရောင်တစ်ယောက် မတွေ့ပါလား"

ကြူချုံးရှု၏ မျက်နှာတစ်ခုလုံး ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင် ပေါ်လွင်လာသည်။

"အင်း ...မင်းဦးလေး အင်းရောင်ကတော့ နယ်ချဲ့မန်ချူးကို တိုက်ရင်း တိုက်ပွဲမှာ ကျဆုံးသွားပါပြီကွယ်"

ဝမ်စိန်ကြည် စိတ်မကောင်းဖြစ်သွား၏။

"စိတ်မကောင်းလိုက်တာ ဦးလေးရာ"

သူသည် ကြူအန်းကုဘက်သို့ လှည့်လိုက်၏။

"ဦးလေးတို့က တိုက်ပွဲရှုံးလို့ အဖမ်းခံရတာဟုတ်လား"

ကြူအန်းကု ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူးကွယ်"

လိုတခြမ်း လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

"တို့က တိုက်ပွဲရှုံးလို့ အဖမ်းခံရတာမဟုတ်ဘူး၊ သစ္စာဖောက်တွေရဲ့ ကောက်ကျစ်တဲ့အကြံအစည်ကြောင့် အခုလိုအဖမ်းခံရတာပါ"

ဝမ်စိန်ကြည်က ...

"အခု ဦးလေးတို့ ဘာဆက်လုပ်ကြမလဲ"

ကြူချုံးရှု စိတ်ဓာတ်တက်ကြွစွာဖြင့် ...

"ကျုပ်တို့က အင်အားစုစည်းပြီး မန်ချူးကို ဆက်လက်တိုက်ခိုက်ဖို့ပဲရှိတယ်"

ဝမ်စိန်ကြည် ပြုံးလိုက်၏။

"ကောင်းပါတယ် ဦးလေး"

ကြူချုံးရှုက ...

"ဒါနဲ့ ငါ့တူက ဘယ်ကိုသွားကြလို့လဲ"

ဝမ်စိန်ကြည်က ...

"ကျွန်တော် နေပြည်တော်ကို ဆက်သွားမလို့"

သူသည် ထိန်ချင်းချိုတို့လူစုအား မိတ်ဆက်ပေးလိုက်လေသည်။

"ဟောဒီပုဂ္ဂိုလ်တွေကတော့ မန်ချူးတော်လှန်ဖို့ မဟာမိတ်ဖွဲ့နေကြတယ်၊ သူတို့လူစုကို ဦးလေးတို့က အတွေ့အကြုံနဲ့ ဖြည့်ပေးမယ်ဆိုရင် အလွန်သင့်တင့်တဲ့ တော်လှန်ရေးအင်အားစု ဖြစ်လာနိုင်ပါတယ်"

ကြူချုံးရှုက ဝမ်းသာသွားသည်။

ဆားထင်းကန်းတို့လူစုသည် ကြူအန်းကုတို့မှာ ဗိုလ်ချုပ်ကြီးဝမ်းကျုံးဖန်၏ စစ်သည်တော်များဖြစ်ကြကြောင်း သိရှိလိုက်ရသဖြင့် အလွန်ဝမ်းသာသွားကြသည်။

ကြူချုံးရှုက ဝမ်စိန်ကြည်ဘက်သို့ လှည့်လိုက်၏။

"ဒါနဲ့ ငါ့တူကို အကြံတစ်ခုပြုပါရစေ"

ဝမ်စိန်ကြည်က ...

"အမိန့်ရှိပါဦးလေး"

ကြူချုံးရှုက ...



"မင်း နေပြည်တော်မသွားဘဲ တို့နဲ့အတူတူ တော်လှန်ရေးလုပ်ငန်း လုပ်ကြရင် မကောင်းဘူးလား"

ဝမ်စိန်ကြည်က အနည်းငယ်စဉ်းစားလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ဦးလေးရဲ့စကားကို ကျွန်တော် လက်ခံပါတယ်"

ဆားထင်းကန်းတို့သည် ဝမ်စိန်ကြည်ပါ နေမည်ဟု သိသဖြင့် စိတ်ဓာတ်တက်ကြွလာတော့သည်။

◎ ◎ ◎

ဝမ်စိန်ကြည်တို့ စုဝေးနေသော တောင်ကုန်းသည် ဆေးငယ်လှသည် မဟုတ်သော်လည်း လူအင်အား ခုနစ်ရာခန့်ရှိလာသောအခါ အနည်းငယ် ကျဉ်းမြောင်းလာသည်။

ကြူချုံးရှုက အကြံပြုလိုက်၏။

"အခု တို့တော်လှန်မယ်ဆိုတာ တိတ်တိတ်ပုန်းလုပ်မှာမဟုတ်ဘူး၊ တိုင်းပြည်တစ်ဝန်းလုံးကို အတိအလင်းကြေညာမယ်၊ နောက်ပြီး မျိုးချစ်အင်အားစုကိုလဲ တို့နဲ့လာပြီးပူးပေါင်းဖို့ ဖိတ်ခေါ်မယ်၊ ဘယ့်နှယ်လဲ"

သူ၏အကြံကို အားလုံးက ထောက်ခံသည်။

သုဟန်လုက ဖြည့်စွက်၍ အကြံပြုလိုက်သည်။

"ကျုပ်တို့ မဟာမိတ်ဖွဲ့မယ်ဆိုရင် ဒီနေရာဟာ မကျဉ်းမြောင်းဘူးလား"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

"ဒါဟုတ်တယ်"

ဆားထင်းကန်း အကြံပြုလိုက်သည်။

"ဒီလိုဆိုရင် ကျုပ်ဝို့ ထိုက်စန်းတောင်ကို ချီတက်သွားကြရင် မကောင်းဘူးလား"

ကြူချုံးရှက သဘောကျသွားသည်။

"သိပ်ကောင်းတာပေါ့ဗျာ၊ ထိုက်စန်းတောင်ဆိုတာ တောင်ငါးလုံးထဲမှာ အမြင့်ဆုံးနဲ့ အကြီးအကျယ်ဆုံးဖြစ်တဲ့အတွက် မန်ချူးတော်လှန်ရေးစခန်းအဖြစ် သတ်မှတ်ထားသင့်တယ်"

မည်သူကမှ ကန့်ကွက်ခြင်းမရှိဘဲ တညီတညွတ်တည်း ဆုံးဖြတ်လိုက်သည်။

ဝမ်စိန်ကြည်တို့လူစုသည် ထိုက်စန်းတောင်ပေါ်သို့ ချောမောစွာ ရောက်ရှိနေပြီဖြစ်သည်။

ဝမ်စိန်ကြည်သည် ရတနာသေတ္တာ တစ်သေတ္တာကို ဖွင့်ပြီး လိုအပ်သော ပစ္စည်းကိရိယာနှင့် စားနပ်ရိက္ခာများကို ဝယ်ယူရန် ယုံကြည်စိတ်ချရသော ငယ်သားများကို စေလွှတ်လိုက်သည်။

ထို့နောက် နယ်အသီးသီးမှာရှိနေကြသော ဂိုဏ်းအဖွဲ့များအား ဖိတ်စာဝေငှလိုက်သည်။



ဆယ့်ငါးရက်အကြာတွင် ထိုက်စန်းတောင်ပေါ်တွင် ကြီးကျယ်ခမ်းနားသော အဆောက်အအုံများ တည်ဆောက်ပြီးဖြစ်သည်။

အဆောက်အအုံ၏ လေးဘက်လေးတန်တွင် သစ်လုံးများဖြင့် ခံတပ်များ တည်ဆောက်ထားပြန်သည်။

ထို့ကြောင့် ထိုက်စန်းတောင်ပေါ်တွင် အလွန်ခိုင်မာသော တော်လှန်ရေးအင်အားစု ခံတပ်တစ်ခု မားမားမတ်မတ် ရပ်တည်နိုင်ခဲ့သည်။

နောက်ထပ် ဆယ့်ငါးရက်အကြာတွင် သိုင်းလောကအဖွဲ့အစည်း အသီးသီးတို့မှ ဂိုဏ်းချုပ်နှင့် ဒုဂိုဏ်းချုပ်အဆင့်ရှိသော ပုဂ္ဂိုလ်များက ထိုက်စန်းတောင်ပေါ်သို့ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာကြသည်။

နှစ်ဆယ်ရက်အကြာတွင် လူပေါင်း ရှစ်ရာခန့် စုဝေးရောက်ရှိလာကြသည်။

ရောက်ရှိလာသော လူများထဲ၌ ကျန်းစုးနယ် ရွှေနဂါးဂိုဏ်းမှ ကျောက်ကုန်းလေ၊ ကျောက်ဝမ်းအော၊ လိုရစ်ယုတို့လည်း ရောက်ရှိလာကြ၏။

ဟိုပေနယ် ဝါးစိမ်းဂိုဏ်းမှ ထိန်ချင်းချိနှင့် အကြူးတို့ရောက်ရှိနေ၏။

စန်းတုံးနယ်မှ ဆားထင်းကန်း၏ လက်ထောက် ထန်းမွန်လီတို့လူစုလည်း ရောက်ရှိလာကြ၏။

ကျက်လွန်းနယ်မှ ယုံချိုက် ဦးဆောင်သောလူစု။

ဟုတ်ကျန့်နယ်မှ ရှောင်လင်ကျောင်း ဆရာစုလိပ်။

ကျွန်းပိုင်ရှင် တိန်ချိုးယင်၊ ကျားပုံတောင်ကြားမှ အောထင်းပုန်း၊ ကန်လေ့နယ်မှ ဂိုဏ်းချုပ်လျံယင်းလုံ။

ထို့အပြင် မန်ချူးတပ်တွင် အမှုထမ်းနေသော တရုတ်လူမျိုးဖြစ်ကြသော ဗိုလ်မှူးရွှေချီးပူတို့ လူစုလည်း ရောက်ရှိလာကြသည်။

တို့အပြင် သိုင်းလောကမှကျော်ကြားသော ပုဂ္ဂိုလ်များ တစ်ဦးချင်းလည်း ရောက်ရှိလာကြသည်။

○ ○ ○

ထိုက်စန်းတောင်သည် စန်းတုံးနယ်တွင်းမှာသာမက တရုတ်ပြည်တစ်ခွင်၌ အလွန်ကျော်ကြားသော တောင်တစ်လုံး ဖြစ်သည်။

ရှုမျှော်ခင်းသာယာသည်။ ရာသီဥတုကောင်းသည်။

နေရာကျယ်ပြန့်ပြီး စိမ်းလန်းစိုပြည်စွာရှိ၏။

အထူးသဖြင့် နံနက်အချိန်တွင် နေထွက်လာသော ရှုမျှော်ခင်းကို ကြည့်ရလျှင် ...

ဘဝတစ်သက်တာတွင် မမေ့နိုင်လောက်အောင် ခံစားရမည်ဖြစ်သည်။

ထို့ကြောင့် ထိုက်စန်းတောင်သို့ ရောက်ရှိလာကြသော လူများသည် နေထွက်သော ရှုခင်းများကို လက်လွှတ်မခံကြပေ။

○ ○ ○



ဖိတ်ကြားချက်အရ ထိုက်စန်းတောင်ပေါ်သို့ ရောက်ရှိလာကြသော ပုဂ္ဂိုလ်များသည် နံနက်မိုးမလင်းမီ အိပ်ရာမှထကြပြီး အရှေ့ဘက်သို့မူ၍ နေထွက်မည့် အချိန်ကို စောင့်မျှော်ကြလေသည်။

ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေ၏။

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းမှာ ဝိုးတဝါးဖြစ်နေ၏။

ပုဂ္ဂိုလ်များတို့သည် စိတ်ရှည်စွာဖြင့် ထိုင်၍ကြည့်နေကြရာ ရုတ်တရက် တိမ်ဖြူတစ်သိုက်သည် တောင်အောက်မှ တောင်ပေါ်သို့ တလူးလူးတလိမ့်လိမ့် တက်လာသည်။

ထို့နောက် တောင်ကြားမှ အရှေ့ဘက် အနောက်ဘက်သို့ ယိမ်းယိုင်၍ ရွေ့လျားနေ၏။

တစ်ခဏအကြာတွင် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းမှာ မှောင်မည်းရာမှ နီညိုရောင်သမ်း၍လာသည်ကို တွေ့မြင်လိုက်ရလေသည်။

တဖြည်းဖြည်း ပုစွန်ဆီရောင်သို့ ပြောင်းလဲသွား၏။

အရောင်များသည် အမျိုးမျိုး ပြောင်းလဲနေ၏။

တစ်ခါတစ်ရံ အဖြူရောင်ဖြစ်လိုက်၊ တစ်ခါတစ်ရံ လိမ္မော်ရောင်ဖြစ်လိုက်၊ တဖြည်းဖြည်းဖြင့် အနီရောင်မင်ကြောင်းများ ဖြာထွက်လာ၏။

တစ်ဆက်တည်းမှာ နေဝန်းကြီးသည် နီရဲသော ပန်းသီးတစ်လုံးပမာ အပေါ်သို့ တက်လာ၏။

တိမ်တိုက်တိမ်လိပ်များသည် နေရောင်ခြည်ကြောင့် အရောင်များ လှပ၍ ဝင်းလက်နေ၏။

သက်တံတစ်ခုသည် မြွေတစ်ကောင်ကဲ့သို့ ကွေ့ကောက်၍ ထွက်ပေါ်လာ၏။

ကြည့်ရှုနေကြသော ပုဂ္ဂိုလ်များသည် အလွန်ဆန်းကြယ်သော သဘာဝ၏အလှကို နဖူးတွေ့ဒူးတွေ့ မြင်တွေ့လိုက်ရသောအခါ အံ့ဖွယ်မကုန်နိုင်ဘဲ ဖြစ်ကုန်ကြလေတော့သည်။

◎ ◎ ◎

နေထွက်သော ရှုခင်းကို ကြည့်ရှုပြီးနောက် အားလုံးသော လူများသည် မျက်နှာချင်းဆိုင်၍ ဝိုင်းကြီးပတ်ပတ် ထိုင်နေကြ၏။

ထိုက်စန်းတောင်သည် ဆားထင်းကန်း၏ စည်းလုံးနယ်ပိုင် ဖြစ်၏။

ထို့ကြောင့် ဆားထင်းကန်းက အလိုအလျောက် အိမ်ရှင်၏ ဝတ္တရားဝန်ထမ်းဆောင်ရသည်။

သူသည် ထိုင်ရာမှ မတ်တတ်ရပ်လိုက်၏။

"ကြွရောက်လာကြသော မိတ်ဆွေတို့ခင်ဗျား၊ အခုလိုရောက်ရှိ လာကြတာကို တွေ့ရတော့ ကျုပ်ရဲ့စိတ်ထဲမှာ ဝမ်းသာဂုဏ်ယူလို့ မဆုံး ဖြစ်နေပါတယ်၊ လူကြီးမင်းတို့ နေထိုင်စားသောက်ဖို့လဲ အတတ်နိုင်ဆုံး စီစဉ်ထားပါတယ်၊ တကယ်လို့များ တချို့နေရာချွတ် ယွင်းချက်ရှိခဲ့ရင်လဲ သည်းခံခွင့်လွှတ်ကြဖို့ တောင်းပန်ပါရစေ"

သူသည် ပြောပြီး အားလုံးတို့ကို လှည့်၍ ဦးညွှတ်အရိုအသေ ပြုလိုက်၏။



ဧည့်သည်များက ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြား သည်။

ဆားထင်းကန်းက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ကျုပ်ကတော့ လူကြမ်းသမားတစ်ယောက်ပါ၊ စကားမပြော တတ်ပါဘူး၊ ဒါကြောင့် ဝါးစိမ်းဂိုဏ်းရဲ့ဂိုဏ်းချုပ်ထိန်ချင်းချိုကို ရှင်းပြပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်ဗျာ"

ထိန်ချင်းချိုက ရယ်မောရင်း မတ်တတ်ရပ်လိုက်သည်။

"ကျုပ်တို့ သိုင်းလောကသားတွေဟာ ထိုက်စန်းတောင်ပေါ် မှာလဲ စည်းဝေးတွေ့ဆုံခဲ့ဖူးကြပါတယ်၊ ဒါပေမယ့် တစ်ခါမှဒါလောက် လူမများခဲ့ပါဘူး"

သူသည် ပြုံး၍စကားဆက်လိုက်သည်။

"ကျုပ်တို့ ထိုက်စန်းတောင်ကို ဘာလာဆွေးနွေးကြသလဲ ဆိုတာ ပြောပြရင် ရှက်တောင်ရှက်မိပါတယ်ဗျာ"

သူသည် ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး စကားဆက်လိုက် သည်။

"ကျုပ်တို့ ဒီကိုရောက်လာတဲ့အကြောင်းရင်းကတော့ သူ့နယ် မြေ ကိုယ့်နယ်မြေခွဲခြားဖို့ရယ်၊ ဓားပြတိုက်လို့ရတဲ့ ပစ္စည်းခွဲဝေဖို့ ပါပဲ"

ဧည့်သည်များက ဝါးခနဲပွဲကျသွားသည်။

ထိန်ချင်းချိုက စကားဆက်လိုက်သည်။

အခုတစ်ခါ ကျော်ကြားတဲ့ပုဂ္ဂိုလ်တွေ၊ မျိုးချစ်သူရဲကောင်း

တွေ ခုလိုရောက်ရှိလာတဲ့အခါမှာ ကျုပ်တို့က အရင်လို အရှက်မရှိတဲ့ အလုပ်ကို မလုပ်နိုင်တော့ပါဘူး"

သူသည် စကားကို ခေတ္တရပ်တန့်လိုက်ပြီးမှ ...

"နိုင်ငံနဲ့အဝန်း ဘာတွေဖြစ်ပျက်နေတယ်ဆိုတာ ကြွရောက်လာကြတဲ့ ဧည့်သည်များ သိပြီးသားဖြစ်ပါတယ်၊ ဘုရင်နဲ့ ဝန်ကြီးမှူးမတ်တို့ဟာ ပြည်သူလူထုရဲ့ ရွှေငွေရတနာများကို ဖြစ်တဲ့နည်းနဲ့ အရယူသိမ်းပိုက်နေကြပါတယ်၊ တစ်ဖက်က မန်ချူးတပ်ကလဲ တို့နိုင်ငံကို ချင်းနင်းဝင်ရောက် နယ်ချဲ့နေကြပါတယ်၊ ဒါကြောင့် တို့ဟာ ကိုယ့်တိုင်းပြည်ရဲ့တာဝန် ထမ်းဆောင်သင့်ပြီလို့ ကျုပ်က ယူဆပါတယ်၊ ဒါကြောင့် လူကြီးမင်းများကို ဖိတ်ခေါ်ပြီး မန်ချူးကို ဘယ်လိုတော်လှန်မလဲဆိုတာ ဆွေးနွေးတိုင်ပင်ဖို့ပါပဲခင်ဗျာ"

သူ၏စကားဆုံးသွားသည်နှင့် လက်ခုပ်သံများ ဆူညံစွာထွက်ပေါ်လာသည်။

ထိန်ချင်းချိုက စကားဆက်လိုက်သည်။

"ကနေ့ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေကတော့ မိတ်ဆွေတွေပါပဲ၊ ဒါကြောင့် ကျုပ်တို့က သွေးသောက်ပြီးမဟာမိတ်ဖွဲ့ကြပါမယ်၊ အားလုံးက တိုင်းပြည်အတွက် အလုပ်လုပ်ရမယ်၊ မန်ချူးကို တော်လှန်ပြီး သူတို့ကို တို့နိုင်ငံမြေမှမောင်းထုတ်နိုင်တဲ့အထိ လက်ညီတက်ညီ လုပ်ကြရမယ်၊ ကိုယ်ကျိုးရှာတဲ့လူ၊ သစ္စာဖောက်တဲ့လူကို အားလုံး အပြစ်ပေးရလိမ့်မယ်၊ ကိုယ်ကျိုးရှာတဲ့လူကို မောင်းထုတ်ရမယ်"



အားလုံးသောလူများသည် စိတ်အားတက်ကြွကာ ကောင်းချီးသြဘာပေးကြသည်။

ထိန်ချင်းချိုက ထိုင်ချလိုက်သောအခါ ဆားထင်းကန်းက ထရပ်ပြီး စကားဆက်လိုက်ပြန်သည်။

"မဟာမိတ်ဖွဲ့တယ်ဆိုတာ ဦးစီးဦးဆောင် ဥက္ကဋ္ဌတစ်ယောက်တော့ ရှိမှဖြစ်မယ်၊ ဒါကြောင့် အခုတက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်ထဲက ဥက္ကဋ္ဌအဖြစ် တစ်ယောက်ယောက်ကို အများကရွေးချယ်ကြပါ၊ ဘယ်သူပဲ ဥက္ကဋ္ဌဖြစ်ဖြစ် ကျုပ်ကတော့ သက်ဆုံးတိုင် လိုက်နာမယ်ဆိုတာ ကတိပေးပါတယ်"

ဆရာစုလိပ်က ထရပ်လိုက်သည်။

"မဟာမိတ်အတွက် ဦးဆောင်ဖို့ ဥက္ကဋ္ဌတစ်ယောက်လိုအပ်တယ်ဆိုတာ ကျုပ် သဘောတူတယ်၊ ဥက္ကဋ္ဌတစ်ယောက်မရှိလို့မဖြစ်ပါဘူး၊ ဒါပေမယ့် ရွေးချယ်ရမယ့် ဥက္ကဋ္ဌကတော့ နှလုံးရည်နဲ့ လက်ရုံးရည်ပြည့်စုံပြီး သဘောထားပြည့်ဝရမယ်၊ တရားမျှတစွာရှိတဲ့ ပုဂ္ဂိုလ်ကိုမှ ရွေးချယ်သင့်တယ်လို့ အကြံပြုပါတယ်"

တိန်ချိယင်းက ...

"ဟုတ်တယ်၊ ဒါကြောင့် အရည်အချင်းပြည့်စုံတဲ့ ဆရာစုလိပ်ကိုပဲ ရွေးချယ်ဖို့ တိုက်တွန်းပါတယ်"

ဆရာစုလိပ်က ရယ်မောလိုက်သည်။

"မလုပ်ပါနဲ့၊ ကျုပ်က ဇရာထောင်းနေပါပြီ၊ မလုပ်နိုင်ပါဘူးဗျာ"

အားလုံးသောလူများသည် ဥက္ကဋ္ဌနေရာသင့်လျော်မည့်လူကို စဉ်းစားရွေးချယ်နေကြသဖြင့် အသံများ ဆူဆူညံညံဖြစ်လာသည်။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွား၏။

ဥက္ကဋ္ဌနေရာအတွက် သင့်လျော်မည့်လူ ရှာ၍မရသေးပါ။

ထိန်ချင်းချိုက ထိုင်ရာမှထလိုက်ပြီး လက်ခုပ်သုံးလေးချက်ခန့် တီးလိုက်၏။

ဆွေးနွေးတိုင်ပင်နေကြသောလူများသည် စကားပြောနေရာမှ ရပ်တန့်သွားကြလေသည်။

သူတို့သည် ထိန်ချင်းချိုပြောလာမည့်စကားများအား နားစွင့်နေကြသည်။

ထိန်ချင်းချို အသံမြှင့်လိုက်၏။

"ကဲ ...ဥက္ကဋ္ဌနေရာကို အခုချိန်ကစပြီး ရွေးချယ်တင်မြှောက်ကြပါစို့"

အားလုံး ငြိမ်သက်သွားကြ၏။

မြေပေါ်၌ အပ်တစ်ချောင်းကျမိသည်ပင် ကြားရမည်ဖြစ်သည်။

လူတစ်ယောက် ထရပ်လိုက်၏။

"ကျုပ်က သူတော်ကောင်း မင်းပေဝေကို တင်မြှောက်ပါတယ်"

လူအုပ်ထဲမှ လူတစ်ယောက်က ကန့်ကွက်လိုက်၏။

"သူက အစည်းအဝေးမလာဘဲ အရွေးခံပိုင်ခွင့်ရှိလို့လား"



ထိုလူက ...

"သူက အစည်းအဝေးမတက်ရောက်လာနိုင်ပေမယ့် ဒီဥက္ကဋ္ဌနေရာကို သူ့ထက်သင့်တော်မည့်လူ မတွေ့တော့လို့ပါ"

ရောက်ရှိသော လူများအနက် အချို့က ချက်ချင်းပင်ထောက်ခံလိုက်သည်။

ဝမ်စိန်ကြည်က သူ့အနီးတွင်ထိုင်နေသော ဟုန်းစိန်ဟိုက်အား အသံတိုးတိုးဖြင့်

"ဒီလူကို မင်းသိသလား"

ဟုန်းစိန်ဟိုက် ခေါင်းညိတ်လိုက်၏။

"သိပါတယ်၊ သူ့နာမည်က တင်းယုလို့ခေါ်တယ်၊ မင်းပေဝေရဲ့ တပည့်ပါ"

"မင်းပေဝေကော တော်ရဲ့လား"

"တော်ပါတယ်၊ စိတ်သဘောထားပြည့်ဝတယ်၊ သိုင်းပညာလဲတော်တယ်၊ သိုင်းလောကမှာလဲ သူ့ကိုလေးစားကြပါတယ်"

"ဒါဖြင့် မင်းပေဝေကို ဥက္ကဋ္ဌနေရာပေးလိုက်တာ အကောင်းဆုံးပါပဲ"

တိန်ချီးယင် ထိုင်ရာမှထလိုက်၏။

"အဘမင်းပေဝေကို ဥက္ကဋ္ဌရာထူးရွေးချယ်တင်မြှောက်မယ်ဆိုတာ ကျုပ်အလွန်သဘောတူပါတယ်၊ အားလုံးကလဲ သဘောတူကြမယ်ဆိုတာ ယုံမှားဖွယ်ရာမရှိပါဘူး၊ ဒါပေမယ့် ..."

သူသည် စကားခေတ္တရပ်တန့်လိုက်ပြီးမှ ...

"ဒါပေမယ့် ကျုပ်မှာ စိုးရိမ်စရာတစ်ခုရှိနေလို့ပါ"

တင်းယုက ...

"ဦးလေးတိန်ချီးယင် ပြောစရာရှိတာပြောပါဗျာ"

တိန်ချီးယင်က ...

"ဒီလိုပါ ...၊ အဘမင်းပေဝေဟာ ပိုတိန်မြို့မှာ အခြေစိုက်ခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ ပစ္စည်းဥစ္စာလဲ အလွန်ပေါများကြွယ်ဝနေပါပြီ၊ ကျုပ်တို့က သူ့ကို ဥက္ကဋ္ဌအဖြစ်တင်မြှောက်လိုက်ရင် သူ့ကို နေပြည်တော်ကသစ္စာဖောက်တွေ အပြစ်ရှာရင် ဒုက္ခရောက်သွားနိုင်မှာမို့ စိုးရိမ်မိလို့ပါ"

သူ၏စကားသည် အလွန်မှန်ကန်နေသဖြင့် အားလုံး တိတ်ဆိတ်နေကြပြန်လေသည်။

အတန်ကြာတော့မှ ကျောက်ကုန်းလေက မတ်တတ်ထရပ်လိုက်သည်။

"အဟမ်း ..."

သူသည် ချောင်းတစ်ချက်ဟန့်လိုက်သဖြင့် အားလုံးသောလူများသည် သူ့ထံသို့ အာရုံစုဝေးရောက်လာသည်။

○ ○ ○

ကျောက်ကုန်းလေက အသံမြှင့်လိုက်သည်။

"ကျုပ်က ပုဂ္ဂိုလ်တစ်ယောက်ကို တင်မြှောက်ချင်ပါတယ်"

ဆရာစုလိပ်က ...



"ဘယ်ပုဂ္ဂိုလ်လဲ ပြောပါ"

ကျောက်ကုန်းလေက ...

"ဒီပုဂ္ဂိုလ်ကတော့ အသက်ငယ်ပါသေးတယ်"

တိန်ချီးယင်က ကြားဖြတ်လိုက်၏။

"ဥက္ကဋ္ဌနေရာကတော့ အသက်သိပ်ငယ်လို့ မဖြစ်ဘူးထင်တယ်"

ကျောက်ကုန်းလေက သူ့အား မကျေနပ်စွာကြည့်လိုက်ပြီး စကားဆက်လိုက်လေသည်။

"ကျုပ်တင်မြှောက်မယ့်ပုဂ္ဂိုလ်က အသက်ငယ်ပင်ငယ်သော်ငြားလဲ အရည်အချင်းအပြည့်အဝရှိတယ်၊ နှလုံးရည်လက်ရုံးရည်နှယ်စုံရတဲ့ ပုဂ္ဂိုလ်ပါ"

သူသည် ခေတ္တရပ်လိုက်ပြီးမှ စကားဆက်လိုက်သည်။

"ဒီပုဂ္ဂိုလ်ကသာ ဥက္ကဋ္ဌရာထူး လက်ခံမယ်ဆိုရင် ကျုပ်တို့အဖို့ အရာရာအောင်မြင်နိုင်မယ်ဆိုတာ ကျုပ် တာဝန်ယူပါတယ်"

ဆားထင်းကန်းက ထရပ်လိုက်သည်။

"ကျုပ်လဲ ပုဂ္ဂိုလ်တစ်ယောက်ကို တင်မြှောက်လိုပါတယ်၊ ဒီပုဂ္ဂိုလ်က ကျောက်ကုန်းလေ တင်ပြမယ့်ပုဂ္ဂိုလ်ထက် အများကြီးသာလိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်"

ကျောက်ကုန်းလေက မကျေမနပ်ဖြစ်သွား၏။

"ကျုပ်တင်မြှောက်မယ့်ပုဂ္ဂိုလ်လိုလူမျိုးကို ကျုပ်အသက် ၅၀ ကျော်ပါပြီ၊ တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး၊ ဒါကြောင့် မိတ်ဆွေ

ဆားထင်းကန်း တင်မြှောက်မယ့်လူထက် သာမယ်ဆိုတာ ကျုပ်ပြောရဲပါတယ်"

ထိင်ချင်းချိုက အေးတိအေးစက်သောလေသံဖြင့် ...

"မိတ်ဆွေကြီး ဆားထင်းကန်းရဲ့ အကြောင်းကို ကျုပ်အသိဆုံးပါ၊ သူက ဘယ်သူ့ကိုမှ အခုလိုမကြည်ညိုခဲ့ဖူးဘူး၊ သူက ကြည်ညိုပြီး ရွေးချယ်တဲ့လူဟာ မှားနိုင်မည်မဟုတ်တဲ့အတွက် ကျုပ်တို့ ဝါးစိမ်းဂိုဏ်းက မိတ်ဆွေကြီး ဆားထင်းကန်း ရွေးမယ့်ပုဂ္ဂိုလ်ကို ထောက်ခံတယ်"

ကျောက်ကုန်းလေ၏မျက်နှာတစ်ခုလုံး နီရဲသွား၏။

"ကျုပ်တို့ ရွှေနဂါးဂိုဏ်းကကော ပေါက်ကရရွေးတယ်လို့ ထင်နေသလား"

ဆရာစုလိပ်သည် အချင်းချင်း အငြင်းပါွားလာတော့မည်ကို တွေ့ရသဖြင့် ကြားဖြတ်ဟန့်တားလိုက်လေ၏။

"မိတ်ဆွေကြီး ကျောက်ကုန်းလေခင်ဗျား၊ စိတ်မလောပါနဲ့၊ ခင်ဗျားရွေးတဲ့ပုဂ္ဂိုလ်က ဘယ်သူလဲဆိုတာ ပြောပါ၊ မိတ်ဆွေကြီး ဆားထင်းကန်းတို့ကလဲ ရွေးမယ့်ပုဂ္ဂိုလ်နာမည်ကို ပြောပြပါဗျာ၊ နှစ်ယောက်စလုံး အရည်အချင်းတူနေရင် အများသဘောကို နာခံပြီး ဆုံးဖြတ်ကြတာပေါ့ မကောင်းဘူးလား"

ကျောက်ကုန်းလေက ဝမ်စိန်ကြည်အား ညွှန်ပြလိုက်သည်။

"ကျုပ်တင်မြှောက်မယ့်ပုဂ္ဂိုလ်က သူပါပဲ၊ သူက အသက်ငယ်ငယ်ဆိုပြီး အထင်မသေးစေချင်ဘူး၊ နောက်ပြီး ကြိုတင်ပြောထားရ



မှာက ကျုပ်က သူနဲ့ဘာမှမပတ်သက်ပါဘူး၊ သူနဲ့သိကျွမ်းခဲ့တာ မကြာသေးပါဘူး၊ ကျုပ်က စိတ်ထဲမှာ ကြည်ညိုလွန်းလို့ အခုလိုတင်မြှောက်လိုက်တာပါ"

ရွှေနဂါးဂိုဏ်းမှလူများသည် လက်ခုပ်တီး၍ ထောက်ခံလိုက်လေသည်။

◎ ◎ ◎

ဝမ်စိန်ကြည်သည် မမျှော်လင့်ဘဲ မိမိအား ဥက္ကဋ္ဌနေရာ တင်မြှောက်သည်ကို တွေ့ရသဖြင့် ကမန်းကတန်း ထရပ်လိုက်ပြီး ...

"ဟာ ...မလုပ်ပါနဲ့ဗျာ"

ဆရာစုလိပ်က ဆားထင်းကန်းဘက်သို့ လှည့်လိုက်သည်။

"ကဲ ...ခင်ဗျားပြောပါ"

ဆားထင်းကန်းက ရယ်မောလိုက်သည်။

"ဟား ...ဟား ...ဟား ..."

ကျောက်ကုန်းလေက မခံမရပ်ဖြစ်သွားသည်။

"မိတ်ဆွေကြီး ဘာကြောင့် ကျုပ်ကိုရယ်ရတာလဲ"

ဆားထင်းကန်းက ရယ်မောရာမှ ရပ်တန့်လိုက်၏။

သူသည် လက်နှစ်ဖက်ဆုပ်ကာ ...

"ခင်ဗျားကိုရယ်နေတာ မဟုတ်ပါဘူးဗျာ၊ ကျုပ်တင်မြှောက်မယ့် ပုဂ္ဂိုလ်က ဘယ်သူလဲဆိုတာ မိတ်ဆွေကြီးသိသလား"

ကျောက်ကုန်းလေက ...

"ကျုပ် ဘယ်သိပါ့မလဲ"

ဆားထင်းကန်းက ဝမ်စိန်ကြည်အား ညွှန်ပြလိုက်သည်။

"ကျုပ်တင်မြှောက်မယ့်ပုဂ္ဂိုလ်ကလဲ ဝမ်စိန်ကြည်ပါပဲဗျာ"

အားလုံးသောလူများသည် ဆားထင်းကန်းနှင့် ကျောက်ကုန်းလေတို့ အငြင်းပွားနေကြပြီး တင်မြှောက်သောပုဂ္ဂိုလ်မှာ တစ်ယောက်တည်း ဖြစ်နေသည်ကို တွေ့ရသဖြင့် မနေနိုင်တော့ဘဲ ဝါးခနဲရယ်မောကြကုန်လေသည်။

ဝမ်စိန်ကြည်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"အားလုံး သည်းခံပြီးနားထောင်ကြပါခင်ဗျား"

သူ၏စကားကြောင့် အားလုံးက ရယ်မောရာမှ ရပ်တန့်သွားကြလေသည်။

ဝမ်စိန်ကြည်က စကားဆက်လိုက်သည်။

"ကျွန်တော်ဟာ အသက်ငယ်ပါသေးတယ်၊ အခုလို အစည်းအဝေးတက်ရောက်လာတာက လူကြီးမင်းတို့ နောက်ကနေ တစ်တပ်တစ်အား ပါဝင်ဖို့ပါပဲ၊ ဥက္ကဋ္ဌနေရာကို လက်မခံဝံ့ပါဘူးခင်ဗျာ၊ ဒါကြောင့် တခြားလူတော်လူကောင်းကို ရွေးကြပါခင်ဗျာ"

ကြူချုံးရှုက ထရပ်လိုက်သည်။

"ခင်ဗျားဟာ ဗိုလ်ချုပ်ကြီး ဝမ်ကျုံးဖန်ရဲ့သားပါ၊ ကျုပ်တို့က ဗိုလ်ချုပ်ကြီးရဲ့လက်အောက်ငယ်သားတွေဖြစ်လို့ ခင်ဗျားကိုပဲ ဥက္ကဋ္ဌအဖြစ် ထောက်ခံပါတယ်"



အားလုံးသောလူများသည် တစ်ယောက်တစ်ခွန်း ထောက်ခံပြောဆိုကြသဖြင့် ဆူဆူညံညံ ဖြစ်ကုန်ကြလေသည်။

တင်းယုက ဝမ်စိန်ကြည်အား အကဲခတ်ကြည့်လိုက်၏။

ဝမ်စိန်ကြည်မှာ အသက်ငယ်ငယ်ရွယ်ရွယ်ဖြစ်ပြီး အများ၏ထောက်ခံမှုကို အဘယ်ကြောင့်ရရှိသည်ကို မခံမရပ်ဖြစ်လာ၏။

သူသည် ဝမ်စိန်ကြည်၏အနီးသို့ လျှောက်သွား၏။

"ဂုဏ်ယူပါတယ်ဗျာ"

ဟုပြောပြီး ဝမ်စိန်ကြည်၏ လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်၏။

ဝမ်စိန်ကြည်က ခေါင်းခါယမ်းလိုက်၏။

"ဒီရာထူးကို ကျုပ်က ဘယ်လိုမှလက်မခံ ..."

သူသည် ငြင်းဆိုပြောဆိုနေစဉ် တင်းယုက မိမိလက်အား အတင်းဆုပ်၍ ဆွဲယူလိုက်သည်ကို ခံစားလိုက်ရသည်။

အမှန်မှာ တင်းယုက လူသန်ကြီး အလေးမသိုင်းကွက်ကို အသုံးပြုပြီး ဝမ်စိန်ကြည်အား အများရှေ့တွင်အရှက်ရစေရန်ဆွဲပေါက်ရန် ကြံစည်လိုက်ခြင်းဖြစ်သည်။

ဝမ်စိန်ကြည်သည် တင်းယု၏ အကြံအစည်ကို သိရှိလိုက်သော်လည်း မသိဟန်ဆောင်ကာ မြေပေါ်အမြစ်တွယ် သိုင်းကွက်ကို အသုံးပြုလိုက်ရာ သူ၏ခြေထောက်နှစ်ဖက်သည် မြေပေါ်၌ အမြစ်တွယ်ထားသည့်ပမာ ဖြစ်နေသဖြင့် တင်းယုက သုံးကြိတ်တိတိ ကြိုးစား၍ဆွဲကြည့်၏။

ဝမ်စိန်ကြည်မှာမူ တုတ်တုတ်မျှပင်မလှုပ်ဘဲ ရပ်မြဲရပ်နေ၏။

သူသည်အတွင်းအားကို အသုံးပြု၍ အားကုန်ဆွဲလိုက်ရာ ဝမ်စိန်ကြည်က မည်သို့မှထူးခြားခြင်းမရှိသော်လည်း သူ၏ယာဘက်ပခုံးဆစ်မှာ ထောက်ခနဲဖြစ်သွားသည်ကို ခံစားလိုက်ရ၏။

သူသည် အားလွန်သွားသည်ကိုသိရှိလိုက်သဖြင့် ကမန်းကတန်း လက်လွှတ်လိုက်၏။

ဝမ်စိန်ကြည်အားကြည့်လိုက်ရာ ဝမ်စိန်ကြည်မှာအပြုံးမပျက်ဘဲ မိမိပညာစမ်းသပ်သည်ကိုပင် မသိသည့်အလား ပြောဆိုနေသည်ကို တွေ့ရ၏။

တင်းယုသည် ပုဂ္ဂိုလ်ဆွဲရှိသော်လည်း စိတ်ထားရိုသဖြောင့်မတ်သည့် ဝမ်စိန်ကြည်၏ သိုင်းပညာမှာ မိမိထက်များစွာ အဆင့်မြင့်သည်ကို သိလိုက်၏။

အကယ်၍သာ မိမိအားတုံ့ပြန်လိုက်လျှင် မိမိ၏ခန္ဓာကိုယ်က တောင်အောက်သို့ ကျသွားနိုင်သည်ဟုလည်း တွေးမိလေ၏။

သို့သော် ဝမ်စိန်ကြည်မှာ သဘောထားပြည့်ဝသော လူတစ်ယောက် ဖြစ်၍ မိမိအား အရှက်ရအောင် ပြုလုပ်ခြင်းမရှိဘဲဖြစ်သည်ကို စိတ်ထဲ၌ အလိုအလျောက် ကြည်ညိုလေးစားလာ၏။

"သူသည် ဦးညွှတ်၍ အရိုအသေပြုလိုက်၏။

"ခင်ဗျားပဲ ဥက္ကဋ္ဌရာထူးနဲ့ သင့်လျော်ပါတယ်ဗျာ"

ဝမ်စိန်ကြည်သည် တင်းယုမှာ စိတ်ထားဖြောင့်မတ် ချစ်ဖွယ်ကောင်းသော လူတစ်ယောက်ဖြစ်သည်ဟု မှတ်ချက်ချလိုက်၏။



ထိုက်စန်းတောင်ပေါ်သို့ ရောက်လာကြသော သိုင်းလောကမှ ပုဂ္ဂိုလ်အသီးသီးတို့သည် ဝမ်စိန်ကြည်အား မဟာမိတ်၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုက်ကြ၏။

သို့သော် ဝမ်စိန်ကြည်က လက်မခံဘဲ ငြင်းပယ်နေ၏။

ကြူချုံးရှက ဝမ်စိန်ကြည်၏နားသို့ကပ်၍ အသံတိုးတိုးဖြင့်

"ငြင်းမနေပါနဲ့တော့ သခင်လေး ...၊ ငြင်းပယ်လိုက်ရင် မတော်တဆ လူမသမာလက်ထဲရောက်သွားရင် အားလုံး ဒုက္ခရောက်သွားနိုင်ပါတယ်"

ဝမ်စိန်ကြည်က ငြင်း၍မဖြစ်မှန်း သိလိုက်သဖြင့် အားလုံးတို့အား အရိုအသေပြုလိုက်၏။

"ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်က ယုံကြည်စိတ်ချလို့ ဥက္ကဋ္ဌရာထူးအပ်နှင်းတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်က အသက်အရွယ် ငယ်သေးလို့ ဗဟုသုတအတွေ့အကြုံတွေ အလွန်နုနယ်ပါတယ်၊ ဒါကြောင့် အားလုံးကပဲ အကြံပြုကြပါ၊ မှားတာတွေ့ရင် ထောက်ပြပါ၊ ကျုပ်က အားလုံးနဲ့ တိုင်ပင်ဆွေးနွေးပြီးမှ လုပ်စရာရှိတာတွေ လုပ်ပါမယ်လို့ ကတိပြုပါ"

သူ၏စကားဆုံးသွားသည်နှင့် လက်ခုပ်သံများသည် ဆူညံစွာ ထွက်ပေါ်လာ၏။

အားလုံးသောလူများသည် မဟာမိတ်ဖွဲ့သည့် အခမ်းအနား နှင့် ဥက္ကဋ္ဌတင်မြှောက်သည့် အခမ်းအနား ပြုလုပ်ကျင်းပပြီးနောက်

ထိန်ချင်းချိုက ထိုင်ရာမှ ထရပ်လိုက်၏။

“ယခုလို မဟာမိတ်ဖွဲ့ပြီးတဲ့အခါမှာ ကျုပ်တို့က မဟာမိတ်ရဲ့ စည်းကမ်းချက်များကို ရေးဆွဲသင့်တယ်လို့ ယူဆပါတယ်”

ဝမ်စိန်ကြည်က ကြူချူးရှဘက်သို့ လှည့်လိုက်၏။

“ဒါကတော့ ခင်ဗျားက ပိုပြီးအတွေ့အကြုံရှိတဲ့အတွက် ခင်ဗျားပဲ တာဝန်ယူပြီး ရေးဆွဲပါဗျာ”

ကြူချူးရှက ချက်ချင်းပင် စည်းကမ်းချက်တစ်ခု ရေးဆွဲလိုက်သည်။

ရေးပြီးသည့်နောက် အများအား ဖတ်ပြသည်။

အချို့က လိုအပ်သည်များကို ဖြည့်စွက်သည်။

အချို့က မလိုအပ်သည့်အချက်များကို ပယ်ဖျက်သည်။

မကြာမီအချိန်အတွင်းမှာပင် မဟာမိတ်စည်းကမ်းချက်တစ်စောင်ကို ရေးဆွဲပြီးလေသည်။

ကြူချူးရှက ထပ်မံဖတ်ပြလိုက်ရာ အားလုံးက သဘောတူသဖြင့် အတည်ပြုလိုက်သည်။

ဤသို့ဖြင့် ထိုက်စန်းတောင်ပေါ် ကျင်းပသော မဟာမိတ်ဖွဲ့စည်းရေး အစည်းအဝေးသည် အောင်မြင်စွာ ပြီးဆုံးသွားတော့သည်။

❂ ❂ ❂



ထိုက်စန်းတောင်ပေါ်တွင် အောင်ပွဲသုံးရက်တိတိ ခံယူကျင်းပပြီးနောက် ...

နယ်အသီးသီးမှ ပုဂ္ဂိုလ်များသည် တစ်ဖွဲ့ပြီးတစ်ဖွဲ့ မိမိ၏ ဌာနေသို့ ပြန်ကြသည်။

သုံးရက်အတွင်းမှာပင် ကြွရောက်လာကြသော ဧည့်သည်များတို့သည် တစ်ယောက်မှ မကျန်တော့ပေ။

ဧည့်သည်များ ပြန်သွားကြသည်။

ဝမ်စိန်ကြည်သည် ဝင်ချင်းချင်း၊ ဟုန်းစိန်ဟိုက်၊ ဆွဲ့အတို့နှင့် အတူ ရတနာသေတ္တာများကို သယ်ဆောင်၍ နေပြည်တော်သို့ ထွက်ခွာသွားရန် စီစဉ်လေသည်။

ထိန်ချင်းချိုနှင့် ဆားထင်းကန်းတို့ကလည်း နေပြည်တော်သို့ လိုက်လိုကြောင်း ပြောကြသည်။

ဂမ်စိန်ကြည်သည် သူတို့နှစ်ယောက် လိုက်ပါလာလျှင် များစွာ အားကိုးရနိုင်သည်ဟု ယုံကြည်သည်။

ထို့ကြောင့် သူတို့အား လိုက်ခွင့်ပြုလိုက်တော့သည်။

❂ ❂ ❂

# ကြယ်နူးလက်စောရ

ဝမ်စိန်ကြည်တို့ လှုစုသည် စန်းတုံးနယ်မှ ဖြတ်ကျော်ပြီး မကြာမီ ဟိုပေနယ်သို့ ချင်းနင်းဝင်ရောက်လာသည်။

ဟုန်းစိန်ဟိုက်သည် ဝမ်စိန်ကြည်အပေါ် သစ္စာရှိသည်ကိုတွေ့ရသဖြင့် ဝမ်စိန်ကြည်က အဆိပ်ဖြေဆေးပေးလိုက်သည်။

သူတို့လှုစုခြောက်ယောက်သည် ဟိုပေနယ်သို့ ရောက်လာသောအခါ ဝါးစိမ်းဂိုဏ်း၏ နယ်မြေဖြစ်သဖြင့် လမ်းတစ်လျှောက်လုံးမှာ ဝါးစိမ်းဂိုဏ်းဒေသခံများက ကြိုဆိုဧည့်ခံကျွေးမွေးကြသည်။

တစ်နေ့ . . .

သူတို့သည် ဟိုကန်းမြို့သို့ ရောက်ရှိလာသည်။

ဒေသခံ ဝါးစိမ်းဂိုဏ်း၏ခေါင်းဆောင်က ညစာဖြင့် တည်ခင်းဧည့်ခံသည်။

တစ်ဆက်တည်းမှာပင် မဟာမိတ်ဥက္ကဋ္ဌအား ဂုဏ်ပြုကြလေသည်။

သူတို့သည် စားသောက်ရင်း ဒေသခံခေါင်းဆောင်ဖြစ်သူ



လောက်တက ထိန်ချင်းချိုအား "ဂိုဏ်းချုပ်ကြီးက နေပြည်တော်လိုက်သွားမယ်ဆိုရင် မင်းပေဝေရဲ့ မွေးနေ့ မသွားတော့ဘူးလားခင်ဗျာ"

ထိန်ချင်းချိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် မွေးနေ့လက်ဆောင်တော့ ပို့နိုင်းလိုက်ပါပြီ၊ သူက ကျုပ်မသွားလို့ အပြစ်တင်မှာမဟုတ်ပါဘူး"

ဆားထင်းကန်းက စကားဆက်လိုက်သည်။

"ကျုပ်လဲ လက်ဆောင်ပို့လိုက်တယ်၊ ကျုပ်တို့ကိုယ်တိုင် မသွားတာ အရေးကြီးတဲ့ကိစ္စရှိတယ်ဆိုတာ မင်းပေဝေက နားလည်ပါတယ်"

ဝမ်စိန်ကြည်၏ရင်ထဲ တစ်ချက်လှုပ်ရှားသွားသည်။

သူသည် မင်းပေဝေအား စည်းရုံးရန် ဆန္ဒများဖြစ်ပေါ်လာသည်။

"မင်းပေဝေကို ကျုပ်က မသိကျွမ်းပေမယ့် ကြည်ညိုတာတော့ ကြာပါပြီ၊ ဒါကြောင့် ကျုပ်က မွေးနေ့အမီသွားချင်တယ်၊ ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ"

ဆားထင်းကန်းက . . .

"ဥက္ကဋ္ဌကြီးကိုယ်တိုင်သွားရင် သူ့အဖို့ သိပ်ဂုဏ်ရှိတာပေါ့၊ ကျုပ်တို့လဲ မျက်နှာရတာပေါ့ဗျာ"

ထိန်ချင်းချိုက . . .

"မင်းပေဝေရဲ့ မွေးနေ့ဟာ ၁၁ ရက်လောက်လိုသေးတယ်၊ ဥက္ကာ့နွှသွားချင်တယ်ဆိုရင် အချိန်ရသေးတယ်"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"ဒါဖြင့် ကျုပ်တို့သွားကြရအောင်"

❂ ❂ ❂

ဝမ်စိန်ကြည်တို့လူစုသည် လမ်းကြောင်း ပြောင်းလိုက်ပြီး အနောက်ဘက်သို့ ဦးတည်၍ ခရီးထွက်လာကြ၏။

ထို့နောက် သူတို့သည် ကောင်းယန်းမြို့သို့ ရောက်ရှိကြလေ၏။

ကောင်းယန်းမြို့သည် ပိုတိန်မြို့နှင့် တစ်ရက်ခရီးအကွာအဝေး ရှိ၏။

သူတို့သည် ကောင်းယန်းမြို့လမ်းမကြီးပေါ်ရှိ ယက်လိုင်တည်းခိုခန်းတွင် တည်းခိုကြလေ၏။

ရတနာသေတ္တာများကိုလည်း လုံခြုံစွာသိမ်းဆည်းထားလိုက်၏။

ထို့နောက် ထမင်းစားခန်းမသို့ ထမင်းစားသုံးဆောင်ရန် ထွက်လာကြလေ၏။

❂ ❂ ❂

ထမင်းစားခန်း၌ စားသောက်သူများသည် စုံလင်လှပေသည်။

ဝမ်စိန်ကြည်တို့သည် စားပွဲတစ်ခုတွင် ဝိုင်းဖွဲ့ထိုင်ကြပြီး စားသောက်ဖွယ်ရာများ မှာလိုက်လေ၏။



သူတို့၏အရှေ့ဘက်စားပွဲတစ်လုံးတွင် အလွန်ဝသောလူဝကြီး တစ်ယောက် ထိုင်နေသည်ကို သတိပြုမိလိုက်၏။

ထိုလူဝကြီး၏စားပွဲပေါ်တွင် အရက်ကရားလွတ်ခြောက်ကရားခန့် ရှိနေသည်ကို တွေ့ရသည်။

သူသည် အရက်ကရားမှ အရက်များကို ပန်းကန်လုံးကြီးထဲသို့ငှဲ့လိုက်ပြီး မော့သောက်လိုက်၏။

လက်တစ်ဖက်မှာမူ အသားကင်များ တစ်ဆုပ်ကြီးယူ၍ ပလုတ် ပလောင်း စားနေ၏။

အရက်ကုန်သွားသောအခါ ကရားလွတ်ကို ဘေးသို့တွန်းလိုက်ပြီး ...

"ဟေ့ ...အရက်ယူခဲ့၊ အသားကင်ယူခဲ့ မြန်မြန်"

ဟု အသံကျယ်လောင်စွာဖြင့် အော်နေ၏။

ဆိုင်လုလင်တို့သည် ယခုမှရောက်ရှိလာကြသော ဝမ်စိန်ကြည်တို့လူစုအား ကြိုဆိုမေးမြန်းနေသဖြင့် အချိန်မီ အရက်ကို မပေးနိုင်သောကြောင့် လူဝကြီး ဒေါသကြီးစွာဖြင့် စားပွဲပေါ်သို့ တအားရိုက်ချလိုက်သည်။

"ဒုန်း ..."

စားပွဲတုန်ခါသွားပြီး ပန်းကန်များ ကရားလွတ်များ လဲကျကုန်သည့်အပြင် စားပွဲတစ်ဖက်တွင် ထိုင်၍စားသောက်နေသောလူတစ်ယောက်၏ ပန်းကန်အရက်ခွက်တို့ပင် မှောက်လဲသွားလေ၏။

အရက်များနှင့် ဟင်းလျာများသည် စားပွဲပေါ်သို့ ပြန့်ကြဲ၍နေ၏။

ထိုစားသောက်နေသော လူက ထခုန်လိုက်၏။

"ဟောဗျာ ...၊ ဒါဘယ်လိုဖြစ်ကုန်တာလဲ"

ဝင်းချင်းချင်း ထိုလူအား သတိပြုကြည့်မိသည်။

ထိုလူသည် ပိန်ပိန်ပါးပါး ဖြစ်သည်။

နှုတ်ခမ်းမွေးသေးသေးကလေးထား၏။

သူ၏မျက်လုံးအစုံမှာမူ စူးရှတောက်ပသည်။

"ဒီမှာလူဝကြီး ကျုပ်အရက်တွေ မှောက်ကုန်ပြီဗျ"

လူဝကြီး ဒေါသကြီးစွာဖြင့် စားပွဲကို ထပ်မံရိုက်လိုက်သည်။

"ကျုပ်နဲ့ ဘာဆိုင်လဲ"

ထိုလူမျက်မှောင်ကုပ်သွားသည်။

"ဒါလောက်ဒေါသကြီးတဲ့လူ မတွေ့ဖူးပါဘူး"

လူဝကြီး မဲ့ပြုံးပြုံး၏။

"အခုတော့ တွေ့ပြီမဟုတ်လား"

ဝင်းချင်းချင်း ခံပြင်းလာ၏။

"အစ်ကိုကြီး ကျွန်မ သွားပြီးဆုံးမလိုက်မယ်"

ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"မလိုပါဘူး၊ ဟိုလူလဲခေတာမှ မဟုတ်ဘဲ"

ဝင်းချင်းချင်းသည် သူတို့နှစ်ယောက် ရန်ဖြစ်လာလိမ့်မည်ဟု မျှော်မှန်းထားသဖြင့် အကဲခတ်ကြည့်နေသည်။



သို့သော် ပိန်ပိန်ပါးပါးဖြစ်သောသူက အရှုံးပေးလိုက်လေ၏။

"ကဲပါဗျာ ...ကျုပ်မှားပါတယ်"

ထိုစဉ် ဆိုင်လုလင်က အသားကင်နှင့် အရက်ကရား လာရောက်ချထားသဖြင့် ...

လူဝကြီးက ထိုလူအား လှည့်ပင်မကြည့်တော့ဘဲ အရက်ကို ဆက်သောက်နေ၏။

ပိန်ပိန်ပါးပါးရှိသောလူက ထိုင်ရာမှထလိုက်ပြီး ထွက်ခွာသွားသည်။

✿ ✿ ✿

တစ်ခဏအကြာတွင် ...

ပိန်ပိန်ပါးပါးရှိသောလူက ထပ်မံဝင်ရောက်လာပြန်သည်။

ဝမ်စိန်ကြည်တို့သည် ဆိုင်လုလင်က စားသောက်ဖွယ်ရာများ လာရောက်ချပေးသဖြင့် စားသောက်နေကြ၏။

ရုတ်တရက် လေနှင့်အတူ အလွန်ဆိုးရွားသော အနံ့တစ်ခုက နှာခေါင်းထဲသို့ တိုးဝင်လာ၏။

ဝင်းချင်းချင်းက လက်ကိုင်ပုဝါဖြင့် နှာခေါင်းပိတ်ထားလိုက်၏။

ဝမ်စိန်ကြည်က လှည့်ကြည့်လိုက်ရာ လူဝကြီး၏စားပွဲပေါ်၌ အပေါ်သွားသော မြေအိုးတစ်လုံး မားမားမတ်မတ် ချထားသည်ကို တွေ့မြင်လိုက်ရ၏။

သူသည် ကြိတ်၍ပြုံးမိ၏။

ဝင်ချင်းချင်းအား မျက်ရိပ်ပြလိုက်ရာ ...

ဝင်ချင်းချင်းကလည်း မြင်တွေ့သွား၏။

သူမက ခစ်ခနဲရယ်မိလေ၏။

သို့သော် လူဝကြီးမှာမူ လုံးဝသိဟန်မရှိဘဲ အသားကင်များ စားမြဲစားနေ၏။

ထမင်းစားခန်းထဲ၌ စားသောက်နေကြသော လူများက မသိသေးပေ။

သူတို့သည် နှာခေါင်းရှုံ့ကြပြီး ...

"နံလိုက်တာဟော့ ..."

ဟု အော်ပြောကြလေ၏။

ပိန်ပိန်းပါးပါးရှိသောလူမှာမူ အသံကျယ်လောင်စွာဖြင့် ...

"မွှေးလိုက်တာဗျာ ...မွှေးလိုက်တာ"

ဝင်ချင်းချင်းက ပြုံး၍အသံတိုးတိုးဖြင့် ...

"ဟိုလူလက်ချက်နဲ့တူတယ်၊ မြန်လိုက်တာ ဘယ်လိုလာထားသွားသလဲဆိုတာ ကျွန်မတောင် မမြင်မိဘူး"

လူဝကြီးကလည်း နံလွန်း၍ နှာခေါင်းရှုံ့နေ၏။

သူသည် အပေါ့သွားသောမြေအိုးအား အရက်ကရားဟုထင်မှတ်ကာ လှမ်းယူလိုက်၏။

လက်ကိုင်မိမှ သံသဓဖြစ်လာ၏။

သူသည် သေသေချာချာကြည့်မိတော့မှ အပေါ့သွားသောမြေအိုးဖြစ်သည်ကို တွေ့ရ၏။



မြေအိုးမှာ အလွန်လေးလံသဖြင့် အပေါ့အပြည့်ရှိနေမည်မှာ မကြည့်ဘဲ သိနေ၏။

သူသည် ဒေါသခြောင်းခြောင်းထွက်လာ၏။

"ဟော့ ...ဒါဘယ်သူ့လက်ချက်လဲ"

ပိန်ပိန်းပါးပါးရှိသောလူက ရယ်မောရင်း ...

"ဟဲ ...ဟဲ ...မွှေးလိုက်တာနော်"

ယခုမှ လူဝကြီးသည် ပိန်ပိန်ပါးပါးလူ၏ လက်ချက်ဖြစ်မှန်းသိလိုက်၏။

"သေပေတော့"

သူသည် အပေါ့မြေအိုးဖြင့် ပစ်ပေါက်လိုက်လေ၏။

ပိန်ပိန်းပါးပါးသောလူသည် ကြိုတင်သိထားနေပြီဖြစ်ရာ ကမန်းကတန်း စားပွဲအောက်သို့ ဝင်လိုက်ပြီး လူဝကြီး၏နောက်မှ ထွက်လာ၏။

"ဖောက်"

မြေအိုးက အစိတ်အစိတ်အမွှာမွှာ ကွဲသွားသဖြင့် ဆိုးရွားသော အနံ့အသက်များသည် ထမင်းစားခန်းတစ်ခုလုံး လွင့်ပျံ့သွားတော့၏။

❂ ❂ ❂

## ဘဲသိုင်းဟန်နှင့် အရက်မူးသိုင်းမာန်

လူဝကြီးက ဒေါသပို၍ထွက်လာ၏။

စားပွဲများကို ခြေထောက်ဖြင့် ဖယ်ရှားလိုက်၏။

သူသည် ပိန်ပိန်ပါးပါးသောလူအား ခြေလက်များအသုံးပြု၍ တိုက်ခိုက်လိုက်၏။

ပိန်ပိန်ပါးပါးသောလူက ဘယ်ညာယိမ်းက ရှောင်တိမ်း၏။

လူဝကြီးက မည်သို့ပင် အားမာန်ဖြင့် တိုက်ခိုက်သည့်တိုင် ပိန်ပိန်ပါးပါးသော လူအား မထိပေ။

ပိန်ပိန်ပါးပါးသောလူက အရက်ကရားပန်းကန် စသည်များကို ကောက်ယူ၍ ပစ်ပေါက်လိုက်၏။

လူဝကြီးက ဖမ်းယူပြီး ပစ်ပေါက်လိုက်သည်။

မကြာမီ စားပွဲများ ကုလားထိုင်များပြိုလဲပြီး ခန်းမ၏အလယ်ဗဟိုင် မြေကွက်လပ်တစ်ခု ဖြစ်ပေါ်လာသည်။

ပိန်ပိန်ပါးပါးသော လူက ရှောင်တိမ်းခြင်း မပြုတော့ပါ။

သူသည် လူဝကြီးနှင့် ရင်ဆိုင်တိုက်ခိုက်လိုက်သည်။



လူဝကြီးက ခန္ဓာကိုယ်ထွားကျိုင်းပြီး ခွန်အားကောင်းသည်။

တိုက်ခိုက်တိုင်းမှာ လေသံပါနေ၏။

ပိန်ပိန်ပါးပါးသော လူ၏ သိုင်းပညာမှာ တစ်မူထူးခြားလေသည်။

တိုက်ခိုက်နေရင်း တစ်ခါတစ်ရံ အပေါ်သို့ ခုန်သည်။

တစ်ခါတစ်ရံ ဒူးကွေးပြီး ခြေထောက်နှစ်ဖက် အပြင်သို့လှည့်ထားသည်။

သူ၏လက်ဝါးနှစ်ဖက်မှာလည်း ဘယ်ညာကားထား၍ တိုက်ခိုက်သည်။

ပုံသဏ္ဍာန်မှာ အလွန်ရယ်ချင်စဖွယ်ကောင်းသည်။

ဝင်ချင်းချင်း ရယ်မောလိုက်၏။

"ကြည့်စမ်းအစ်ကိုကြီး၊ သူ့သိုင်းကွက်က ပုံဆိုးပတ်ဆိုးနဲ့ ဘာသိုင်းပညာမှန်းလဲ မသိဘူး"

ဝမ်စိန်ကြည် ခေါင်းခါယမ်းလိုက်၏။

"ဘာသိုင်းပညာမှန်း အစ်ကိုလဲမသိဘူး၊ ဒါပေမယ့် သိုင်းပညာက တစ်သီးတခြားထူးခြားနေတယ်"

ထိင်ချန်းချိုသည် အတွေ့အကြုံရင့်ကျက်သော သိုင်းပညာရှင်တစ်ယောက် ဖြစ်သည်။

"ဒီသိုင်းကွက်က ဘဲသိုင်းလို့ခေါ်တယ်၊ သိုင်းလောကမှာ တတ်တဲ့လူ အတော်ရှားတယ်"

ဝင်ချင်းချင်းသည် ဘဲသိုင်းဟုကြားလိုက်သောအခါ သေချာ

မှာ ကြည့်လိုက်ရာ ထိုလူသည် တကယ်ပင် ဘဲတစ်ကောင်နှင့်တူလှသည်ကို တွေ့ရသဖြင့် တစ်ခစ်ခစ်ရယ်မောလိုက်လေတော့သည်။

❂ ❂ ❂

လူဝကြီးသည် ပိန်ပိန်ပါးပါးခံသောလူအား အနိုင်မရဘဲဖြစ်နေသဖြင့် စိတ်တိုလာသည်။

ရုတ်တရက် သူသည် ဟိုယိမ်းသည်ယိမ်းဖြင့် အရက်မူးသိုင်းပညာကို အသုံးပြုလိုက်လေတော့သည်။

လူဝကြီးသည် အရက်မူးသိုင်းပညာဖြင့် တိုက်ခိုက်လိုက်သောအခါ ပိန်ပိန်ပါးပါးသောလူ အရေးနိမ့်လာလေသည်။

လူဝကြီးသည် မိမိအသာရလိုက်သည်နှင့် ရုတ်တရက် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး ...

"ဘယ်ဘက်လက်သီးဖြင့် အရောင်ပြကာ သူ၏ညာလက်သီးတစ်လုံးသည် ပိန်ပိန်ပါးပါးသောလူ၏ရင်ဝသို့ ထိုးသွင်းလိုက်သည်။

ပိန်ပိန်ပါးပါးသောလူက ပေါ့ပေါ့တန်တန် မထင်ဝံ့ပေ။

"ယား ..."

သူသည် လက်ဝါးနှစ်ဖက်ဖြင့် ပူးကာ လူဝကြီး၏လက်သီးအား ခံပေးလိုက်၏။

လူဝကြီး၏လက်သီးက ကြီးသည်။ ပိန်ပိန်ပါးပါးသောလူ၏လက်ဝါးက သေးသည်။ ထို့ကြောင့် လက်သီးတစ်လုံးကို လက်ဝါးနှစ်ခုဖြင့် ခံပေးလိုက်သည်။



သူတို့နှစ်ယောက်သည် အတွင်းအားကို အစွမ်းကုန်ထုတ်၍ ရှေ့တွန်းနေကြသည်။

ယူဝကြီး၏ ဘယ်ဘက်လက်က အားနေသော်လည်း သူ၏အင်အားရှိသမျှမှာ ညာဘက်လက်သို့ အသုံးချထားသဖြင့် မည်သို့မျှ အသုံးမပြုနိုင်ပေ။

သူတို့နှစ်ယောက်သည် ဘက်ညီနေသဖြင့် မည်သူကမျှအသာမရပေ။

ရှေ့သို့တိုး၍မရ၊ နောက်သို့ဆုတ်၍လည်း မဖြစ်တော့ချေ။

အကြောင်းမှာ ရှေးဦးဆုံးနောက်ဆုတ်သောလူသည် အသက်သေဆုံးသွားမည်သာ ဖြစ်၏။

သူတို့နှစ်ယောက်စလုံး နောင်တကြီးစွာရကြလေသည်။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ရန်ငြိုးမရှိကြဘဲ ယခုကဲ့သို့ အသက်နှင့်ယှဉ်ပြိုင်နေခြင်းမှာ အဓိပ္ပာယ်လုံးဝမရှိသည်ကို နားလည်လိုက်သောကြောင့်ပင် ဖြစ်လေသည်။

အချိန်ကြာလသောအခါ ...

သူတို့နှစ်ယောက်၏ နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ ဖြစ်ပေါ်လာလေတော့သည်။

❂ ❂ ❂

ဆားထင်းကန်း စိတ်မကောင်းဖြစ်သွားသည်။

"အင်း ... ဒီအတိုင်းလွှတ်ထားမယ်ဆိုရင် အားလုံးသေသွားနိုင်တယ်"

ထိန်ချင်းချို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဆားထင်းကန်းက ...

"သူတို့နှစ်ယောက်ကို ခင်ဗျားက ခွေးရိုက်တုတ်နဲ့ လူချင်းခွဲပေးလိုက်ရင် ဖြစ်တယ်မဟုတ်လား"

ထိန်ချင်းချို ခေါင်းညိတ်လိုက်၏။

"ရမယ်လို့ ထင်ပါတယ်"

ဆားထင်းကန်းက ...

"ဒါဖြင့် သူတို့အသက်ကို ကယ်လိုက်ပါဦးဗျာ"

ထိန်ချင်းချိုက ...

"ကျုပ်တို့နှစ်ယောက်ပေါင်းပြီးကယ်မှ ဖြစ်မယ်၊ ကျုပ်တစ်ယောက်တည်းဆိုရင် သိပ်စိတ်မချဘူးဗျ"

ဝမ်စိန်ကြည်က ...

"ကျုပ်ကပဲ သွားဖျန်ဖြေပေးပါမယ်"

သူသည် ပြောပြီး ထိုင်ရာမှထလိုက်သည်။

ထိုလူနှစ်ယောက်ထံသို့ လျှောက်သွားလေ၏။

သူ၏လက်နှစ်ဖက်ကို ထိုလူနှစ်ယောက်၏ တံကောက်ကွေးသို့ ခံပေးလိုက်သည်။



ထိုလူနှစ်ယောက်သည် အရှိန်ဖြင့် ဝမ်စိန်ကြည်၏ပခုံးသို့ ပြိုင်တူ ထိုးလိုက်လေသည်။

ထိန်ချင်းချိုနှင့် ဆားထင်းကန်းတို့သည် ထိတ်လန့်သွားသည်။

"ဟိုက် ... ဒုက္ခပဲ"

သူတို့သည် ဝမ်စိန်ကြည်အား ဆွဲထုနိုင်ရန် ပြိုင်တူထသွားကြလေသည်။

သို့သော် ဝမ်စိန်ကြည်မှာမူ မည်သို့မျှ ထိခိုက်ဒဏ်ရာရရှိခြင်းကို မတွေ့ရပေ။

ထိုလူနှစ်ယောက်မှာမူ အင်အားကုန်ခန်းသွားသဖြင့် မြေပေါ်သို့ ပျော့ခွေ၍ ဖင်ထိုင်ကျသွားလေသည်။

ထိန်ချင်းချိုနှင့် ဆားထင်းကန်းတို့က သူတို့အား ဖေးမထူ၍ ကုလားထိုင်ပေါ်သို့ အနားယူစေလေသည်။

ဝမ်စိန်ကြည်သည် ငွေတုံးကလေးနှစ်တုံးယူ၍ ဆိုင်လုလင်အား လှမ်းပေးလိုက်သည်။

"ကျိုးပဲ့သွားတဲ့ ကုလားထိုင်၊ ကွဲသွားတဲ့ပန်းကန်တွေကို ကျုပ်လျော်ပေးပါ့မယ်၊ အချို့ စားသောက်ရင်းရှောင်နေရတဲ့လူများကိုလဲ ထပ်ကျွေးလိုက်ပါဗျာ"

ဆိုင်လုလင်သည် ဆိုင်ရှင်အား ရှင်းပြရာ ဆိုင်ရှင်က ကျေးဇူးတင်စကားပြောပြီး စားပွဲကုလားထိုင်များ ပြန်လည်နေရာချပေးလိုက်သည်။

ထို့နောက် တစ်ပိုင်းတစ်စ စားသောက်နေကြသော ဧည့်သည်များကိုလည်း ထပ်မံကျွေးမွေးရန် စီစဉ်လေသည်။

ထိုသူနှစ်ယောက်သည် အတန်ကြာ အမောပြေပြီး အားအင်ပြန်လည်ကောင်းမွန်လာကြသဖြင့် ဝမ်စိန်ကြည်အား ကျေးဇူးတင်စကား ပြောကြားလေသည်။

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"ခင်ဗျားတို့ နာမည် ဘယ်လိုခေါ်သလဲဗျ"

လူဝကြီးက ...

"ကျုပ်နာမည် ရီစမ်းပါ၊ ဒါပေမယ့် အများကတော့ သံမဏိသူတော်လို့ ခေါ်ပါတယ်"

ပိန်ပိန်ပါးပါးရှိသောလူက ...

"ကျုပ်နာမည် ဝူးတာနန်ပါ"

ဆားထင်းကန်းက ကြားဖြတ်လိုက်သည်။

"ခင်ဗျားက စောရသိုင်းသမားကိုး ..."

ထိုလူသည် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ မိတ်ဆွေတို့က ဘယ်သူများပါလိမ့်"

ဝမ်စိန်ကြည်က မိတ်ဆက်ပေးလိုက်လေသည်။

"သူကတော့ ဆားထင်းကန်းပါ၊ သူကတော့ ထိန်ချင်းချိုပါ"



ဝူးတာနန်သည် အလွန်လျင်သော လူတစ်ယောက်ဖြစ်၏။

ဆားထင်းကန်း၏လက်ထဲ၌ ယပ်ခတ်နေသော ယပ်တောင်အား တွေ့မြင်လိုက်သည်နှင့် ဆားထင်းကန်းမှာ နယ်နယ်ရရပုဂ္ဂိုလ်တစ်ယောက်မဟုတ်မှန်း သိလိုက်သည်။

ထိန်ချင်းချို၏လက်ထဲတွင် ၁၃-ဆစ်ရှိသော ဝါးတုတ်အား တွေ့မြင်လိုက်သည်နှင့် ထိန်ချင်းချိုမှာ ဝါးစိမ်းဂိုဏ်းမှ အဆင့်မြင့်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်မှန်း သိလိုက်လေ၏။

ထို့ကြောင့် သူတို့ကို အလွန်ရိုသေစွာဖြင့် ဂါရဝပြုလိုက်လေသည်။

"အခုလို ပုဂ္ဂိုလ်ကျော်တို့နဲ့ တွေ့ရတာ ဝမ်းသာဂုဏ်ယူမိပါတယ်ခင်ဗျာ"

ထိန်ချင်းချို အရက်ခွက်အား မြှောက်ပြ၏။

"ကဲ ...ထိုင်ကြပါ၊ ကျုပ်နဲ့ ပျော်ပျော်ပါးပါး စားသောက်ကြတာပေါ့"

သူတို့သည် ပျော်ရွှင်စွာဖြင့် စားသောက်ကြတော့၏။

ထိန်ချင်းချိုက ဝူးတာနန်၏ အကြောင်းကို ကောင်းစွာသိထား၏။

ဝူးတာနန်မှာ မြို့တစ်မြို့သို့ရောက်ရှိလာလျှင် သူ့အတွက် ရည်ရွယ်ချက်တစ်ခုခု ရှိရမည်ဟု ယုံကြည်သည်။

ထို့ကြောင့် သူသည် စားသောက်ရင်း ဝူးတာနန်အား ပြုံး၍ စကားစမ်းလေ၏။

"ဒါနဲ့ ...ခင်ဗျား ဒီကိုရောက်လာတာ လက်စွမ်းပြချင်လို့နဲ့တူတယ်"

ဝူးတာနန် ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးရဲ့ရှေ့မှောက်မှာ ကျုပ် လိမ်မပြောဝံ့ပါဘူးဗျာ၊ ဒီတစ်ခါကျုပ်ရောက်လာတာတော့ သိုင်းရာဇာမင်းပေဝေဆီကို မွေးနေ့လက်ဆောင် ပို့ချင်လို့ပါ"

ရိစမ်းက စားပွဲအားအသာအယာရိုက်လိုက်သည်။

"ဟောဗျာ ...မင်း စောစောဖွင့်ပြောရင် အခုလို အထင်လွဲကြမှာ မဟုတ်ဘူး၊ ကျုပ်လဲ မင်းပေဝေရဲ့မွေးနေ့ သွားမလို့"

ထိန်ချင်းချို ပြုံးလိုက်သည်။

"ဟန်ကျလိုက်တာဗျာ၊ ကျုပ်လဲ အဲဒီကိုသွားမလို့ဗျ၊ ဒါနဲ့ ခင်ဗျားတို့နဲ့ မင်းပေဝေတို့ မိတ်ဆွေရင်းချာမဟုတ်လား"

ရိစမ်း ပြုံးလိုက်သည်။

"ရင်းနှီးတဲ့မိတ်ဆွေလို့ ဆိုနိုင်ပါတယ်၊ ဒါပေမယ့် အခုတလောခွဲခွာခဲ့တာ ရှစ်နှစ်ကိုးနှစ်လောက် ရှိနေပါပြီဗျာ"

ထိန်ချင်းချို ဝမ်းသာသွားသည်။

"ဟန်ကျတာပဲ၊ ဟိုရောက်ရင် ကျုပ်တို့ကို မိတ်ဆက်ပေးပါဗျာ"

ရိစမ်း အံ့အားသင့်သွားသည်။



"ဂိုဏ်းချုပ်ကြီး မင်းပေဝေကို မသိဘူးဟုတ်လား"

"မသိကျွမ်းပါဘူးဗျ"

"ဒါဖြင့် သူ့ရဲ့မွေးနေ့မင်္ဂလာပွဲကို ဘာကြောင့်သွားချင်ရတာလဲ"

"ဒီလိုပါ၊ သူ့ကိုတော့ တစ်ကြိမ် မျက်နှာဆုံဖူးပါတယ်၊ ဒါလောက်ပဲ သိကျွမ်းတယ်ဆိုပါတော့၊ သူဟာ အလွန်ကြည်ညိုစရာကောင်းလို့ လမ်းလဲကြုံတာနဲ့ သွားကြမလို့ပါ"

ဝူးတာနန် ကြားဖြတ်လိုက်သည်။

"ကျုပ်ကိုလဲ မိတ်ဆက်ပေးပါဗျာ"

ရိစမ်း သူ့အားလှည့်ကြည့်လိုက်သည်။

"မင်းလဲ မသိဘူးဟုတ်လား"

"ဟုတ်ပါတယ်၊ မင်းပေဝေရဲ့နာမည်ကို ကြားခဲ့တာကြာပါပြီ၊ ဒါပေမယ့် တစ်ခါမှ မမြင်ဖူးပါဘူး"

ရိစမ်း ပို၍အံ့ဩသွား၏။

"ဒါဖြင့် မင်း ဘာဖြစ်လို့သွားချင်ရတာလဲ"

ဝူးတာနန် ပြုံးလိုက်လေသည်။

"ကျုပ် မင်းပေဝေကို မတွေ့ဖူးပေမယ့် သူ့ကိုကြည်ညိုတာကြာပါပြီ၊ အခုလဲ မမျှော်လင့်ဘဲ ရတနာတစ်ခုရရှိထားလို့ မွေးနေ့လက်ဆောင်အဖြစ် ပေးမလို့ပါ"

ရိစမ်း ရယ်မောလိုက်သည်။

"မင်းပေဝေအကြောင်းကို ငါအသိဆုံးပါ၊ မင်းမှာဘာလက်ဆောင်မှမပါလဲ သူဝမ်းပမ်းတသာ ကြိုဆိုမှာပါ"

ထိန်ချင်းချိုက ဝူးတာနန်ကို ကြည့်လိုက်သည်။

"ဒါနဲ့ ခင်ဗျားက ဘယ်လိုရတနာမျိုးရလာတာလဲ ကြည့်ခွင့်ရမယ်ဆိုရင် ကြည့်ချင်ပါတယ်"

ဆားထင်းကန်း ပြုံးလိုက်သည်။

"ဝူးတာနန်ကို အထင်မသေးနဲ့၊ တော်ရုံတန်ရုံပစ္စည်းကို ကြည့်တောင်ကြည့်မှာ မဟုတ်ဘူး၊ သူက ရတနာလို့ သတ်မှတ်ထားရင် ဒီပစ္စည်းဟာ အလွန်ရှားပါးပြီး တန်ဖိုးကြီးတဲ့ပစ္စည်းတစ်ခု ဖြစ်ရမယ်"

ဝူးတာနန် သဘောကျသွားသည်။

"ကျုပ်ရဲ့ရတနာက ကိုယ်ပေါ်မှာရှိပါတယ်"

သူသည် အင်္ကျီအိတ်ထဲမှ ရွှေရောင်ဘူးပြားကလေးတစ်ဘူး ထုတ်ယူလိုက်သည်။

"ဒီနေရာမှာ လူရှုပ်ပါတယ်၊ ကျုပ်အခန်းထဲ လိုက်ကြည့်ကြပါခင်ဗျာ"

ထိန်ချင်းချိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်လဲ လိုက်ကြည့်မယ်"

သူတို့သည် ဝူးတာနန် ခေါ်ဆောင်ရာသို့ လိုက်ပါသွားကြသည်။

✿ ✿ ✿

# အဖြူရောင်ဖားပြုပ်

ဝူးတာနန်က အခန်းတံခါး ပြန်လည်ပိတ်လိုက်ပြီး ဘူးပြားကလေးအဖုံးကို ဖွင့်လိုက်သည်။

ဘူးပြားကလေးအတွင်း၌ သေဆုံးနေသော အဖြူရောင်ဖားပြုပ်နှစ်ကောင် ရှိနေသည်ကို တွေ့ရသည်။

ထိုဖားပြုပ်နှစ်ကောင်၏ တစ်ကိုယ်လုံးမှာ ဆွတ်ဆွတ်ဖြူဖွေးနေ၏။

သို့သော် မျက်လုံးများမှာမူ နီရဲ၍ ချစ်စဖွယ်ကောင်းလှပေသည်။

သို့သော် ...

တန်ဖိုးရှိလိမ့်မည်ဟု မထင်ရချေ။

ထိန်ချင်းချိုနှင့် ဆားထင်းကန်းတို့သည် အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များဖြစ်နေသော်လည်း ထိုဖားပြုပ်နှစ်ကောင်မှာ အဘယ်ကြောင့် တနဖိုးရှိသည်ကို မသိကြပါ။

ဝူးတာနန်က ရိုစမ်းအား ပြုံးပြလိုက်သည်။

"ခုန ကျုပ်နဲ့ မင်းနဲ့ သူသေကိုယ်သေယှဉ်ပြိုင်ခဲ့တုန်းက တကယ်လို့သေဆုံးသွားရင် ကျုပ်လဲမတတ်နိုင်ဘူး၊ အေး ...မသေဘဲ ဒဏ်ရာဘယ်လောက်ပဲ ပြင်းထန်ပါစေ ကျုပ်က ကုပေးနိုင်တယ်ဗျ"

သူသည် ဖားပြုပ်အား ညွှန်ပြလိုက်၏။

"ဒီလို ဖားကလေးကို 'မျက်လုံးနီနှင်းဖား' လို့ ခေါ်တယ်၊ အနောက်နယ်ခြား တောင်ထိပ်ပေါ်မှာသာရှိတယ်၊ ဓားဒဏ်ရာ၊ အတွင်းဒဏ်ရာ၊ ဒါမှမဟုတ် အလွန်ပြင်းထန်တဲ့ အဆိပ်မိထားရင် ချက်ချင်းပျောက်ကင်းနိုင်တယ်ဗျ"

ထိန်ချင်းချို မျက်မှောင်ကုတ်သွား၏။

"မင်း ဘယ်ကရလာတာလဲ"

ဝူးတာနန်က ...

"ဒီလိုပါ၊ လွန်ခဲ့တဲ့လတုန်းက ကျုပ်နေထိုင်တဲ့ တည်းခိုခန်းမှာ ဆေးမြစ်တူးတဲ့ အဘိုးအိုတစ်ယောက် တွေ့ခဲ့တယ်၊ သူက ဖျားနေလေတော့ ကျုပ်က သမားတော်ပင့်ပြီးကုသပေးတယ်၊ ဒါပေမယ့် မရဘူး၊ သေဆုံးသွားတယ်၊ သူက ကျုပ်ရဲ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ မသေမီမှာ ဒီဖားပြုပ်ဖြူကို လက်ဆောင်အဖြစ် ပေးသွားတယ်"

ရိစမ်းက ...

"ဘူးကလေးက တော်တော်တန်ဖိုးရှိတယ်နော်"

ဝူးတာနန်က ...

"သူပေးတုန်းက သံဘူးကလေးပါပဲ၊ ကျုပ်က မွေးနေ့



လက်ဆောင်ပေးရမယ်ဆိုတော့ ဒီသံဘူးနဲ့ ဘယ်ကြည့်ကောင်းပါ့မလဲ၊ ဒါကြောင့် ..."

ထိန်ချင်းချိုက ဝူးတာနန်၏စကားကို ဆက်လိုက်သည်။

"ဒါကြောင့် သူဌေးအိမ်တစ်အိမ်မှာ ရွှေဘူးကလေးကို သွားခိုးလိုက်တယ်ဆိုပါတော့"

ဝူးတာနန်က ခေါင်းညိတ်၍ ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်ကွာ"

အားလုံးက ရယ်မောလိုက်သည်။

ဝူးတာနန်က စကားဆက်လိုက်သည်။

"တကယ်ပါ ...၊ ကျုပ်တို့ကို ..."

သူသည် ဝမ်စိန်ကြည်အား အရိုအသေပြုလိုက်သည်။

"ဟောဒီမိတ်ဆွေက ဝင်မကယ်ဘူးဆိုရင် ကျုပ်တို့ကဒဏ်ရာ ပြင်းပြင်းထန်ထန်ရမှာ သေချာတယ်၊ အဲဒီလိုဖြစ်လာရင် ကျုပ်က ဖားပြုပ်တစ်ကောင်မျိုချပြီး ကျန်တဲ့တစ်ကောင်ကို ရိစမ်းပေးပြီးမျိုချနိုင်းမှာပဲ"

ရိစမ်းက ရယ်မောလိုက်သည်။

"မင်းပြောပြတာနဲ့ပဲ ငါက ကျေးဇူးတင်ရမှာပဲ"

ဝူးတာနန်သည် ထိုဘူးပြားကလေးအား လက်နှစ်ဖက်ဖြင့် ဝမ်စိန်ကြည်၏ရှေ့သို့ လှမ်းပေးလိုက်သည်။

"ဒါကြောင့် ဒီပစ္စည်းဟာ ကျုပ်တို့ပိုင်တာမဟုတ်တော့တဲ့အတွက် မိတ်ဆွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ လက်ခံပါလို့ပြောချင်ပါတယ်"

ဝမ်စိန်ကြည် အံ့အားသင့်သွား၏။

"ဟာ ... ဘယ်ဖြစ်မလဲဗျ၊ ဒါ ခင်ဗျားက မင်းပေဝေအတွက် လက်ဆောင်ပေးဖို့ မဟုတ်လား"

ဝူးတာနန်က ...

"ခင်ဗျားသာ ဝင်ပြီးမကူညီဘူးဆိုရင် ကျုပ်တို့ သေချင်သေမယ်၊ ဒဏ်ရာရချင်ရမယ်၊ အဲဒီတော့ မင်းပေဝေကို ပေးဖြစ်ပါ့မလား ဗျာ"

ဝမ်စိန်ကြည်က လုံးဝလက်မခံဘဲ ငြင်းပယ်နေ၏။

ဝူးတာနန်က အနည်းငယ်စိတ်တိုလာသည်။

"ဘာလဲ ...၊ မိတ်ဆွေက ကျုပ်နိုးလာတဲ့ ပစ္စည်းမို့လက်မခံ တာလား"

ဝမ်စိန်ကြည် မနေသာတော့ဘဲ လက်ခံလိုက်ရသည်။

ဝူးတာနန် ကျေနပ်ဝမ်းသာသွား၏။

"အခုလိုလက်ခံတာ ဝမ်းသာပါတယ်၊ ကျေးဇူးပြုပြီး နာမည် သိပါရစေ"

ဝမ်စိန်ကြည် ပြုံးလိုက်၏။

"ကျုပ်နာမည် ဝမ်စိန်ကြည်ပါ"

ဝူးတာနန်နှင့်ရိစမ်းတို့သည် ဝမ်စိန်ကြည်၏အမည်ကြားသိ သည်မှာ အချိန်ကြာမြင့်လှသည်ဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးပေ။

ယခု သူတို့သည် မမျှော်လင့်ဘဲ ဝမ်စိန်ကြည်နှင့် တိုက်တိုက် ဆိုင်ဆိုင် တွေ့ဆုံရသဖြင့် ဝမ်းသာပီတိဖြစ်သွားလေသည်။



"ခင်ဗျားက ဝမ်စိန်ကြည်ကိုး၊ တွေ့ရတာဝမ်းသာလိုက်တာ ဗျာ ..."

ဝမ်စိန်ကြည်သည် ဝူးတာနန်အခန်းထဲမှထွက်လာပြီး မိမိနေထိုင် သော အခန်းသို့ပြန်သွားသည်။

တစ်ခဏအကြာတွင် ...

သူသည် ပြန်ထွက်လာ၏။

သူ၏လက်ထဲတွင် ပတ္တမြားဖြင့်ပြုလုပ်ထားသော ဘယက် တစ်ခု ယူဆောင်လာသည်။

သူသည် ဝူးတာနန်အား လှမ်းပေးလိုက်၏။

"မွေးနေ့လက်ဆောင်အတွက် ဒီပတ္တမြားဘယက်ကို လက်ခံ ပါခင်ဗျာ"

ဝူးတာနန် ဝမ်းသာသွားလေသည်။

"ဟုတ်ကဲ့ ...၊ ဒီပတ္တမြားဘယက်က တော်တော် တန်ဖိုးရှိ မှာပဲနော်"

ဝမ်စိန်ကြည် ပြုံးလိုက်၏။

"တန်ဖိုးကရှိပါတယ်၊ ဒါပေမယ့် ခင်ဗျားပေးတဲ့ ဖားဖြူပ်ဖြူ လောက် အသုံးမဝင်ပါဘူးဗျ"

ဝူးတာနန် ဝမ်စိန်ကြည်၏စေတနာကို များစွာ ကြည်ညိုမိ လေသည်။

# မွေးနေ့မင်္ဂလာ

နောက်တစ်နေ့ညနေ ...

ဝမ်စိန်ကြည်တို့လူစုသည် ပိုတိန်မြို့သို့ ရောက်ရှိကြလေသည်။

တိုည သူတို့သည် တည်းခိုခန်းတွင် အနားယူကြလေသည်။

နောက်တစ်နေ့နံနက်မှ မင်းပေဝေ၏ဂေဟာသို့ သွားကြသည်။

မင်းပေဝေသည် ဝမ်စိန်ကြည်၊ ထိန်ချင်းချိုနှင့် ဆားထင်းကန်းတို့ ရောက်ရှိလာသည်ကိုကြားရသဖြင့် ကိုယ်တိုင်ထွက်၍ ကြိုဆိုလေသည်။

သူထင်ထားသည်မှာ ဝမ်စိန်ကြည်က အသက် ၄၀-၅၀ခန့် ရှိမည်ဟု ယူဆထား၏။

ယခုမှာမူ ဝမ်စိန်ကြည်မှာ လူငယ်တစ်ယောက်ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွားသည်။

"ဟင် ...ဒီလောက်ငယ်တဲ့ လူငယ်တစ်ယောက်ကို မဟာမိတ်ခေါင်းဆောင်အဖြစ် တင်မြှောက်ထားကြတာ အံ့ပါရဲ့ ..."

သူ့စိတ်ထဲ၌ ကြိတ်၍ မကျေမနပ်ဖြစ်သွားလေသည်။



သို့သော် ...

သူသည် ဖွင့်မပြောဘဲ သူတို့အားကြိုဆို၍ သားကြီးဖြစ်သူ မင်းချိန်းနှင့် သားလတ် မင်းရှုအား နေရာချထားပေးရန် မှာကြားလိုက်သည်။

ဝင်ချင်းချင်းသည် မိန်းကလေးတစ်ယောက် ဖြစ်၏။

သူမသည် မင်းပေဝေကြိုဆိုသည်မှာ ခည့်ဝတ်ကျေရုံပင်ဖြစ်သည်ကို တွေ့ရှိရလေသည်။

မွေးနေ့မင်္ဂလာပွဲ စတင်ကျင်းပလေတော့သည်။

ဧည့်သည်များသည် စုစုပေါင်း သုံးထောင်ကျော်ရောက်ရှိလာကြလေသည်။

ထိုဧည့်သည်များတို့မှာ ဒေသအသီးသီးမှ သိုင်းပုဂ္ဂိုလ်ကျော်များပင် ဖြစ်ကြလေသည်။

မင်းပေဝေသည် ဧည့်ခန်းမဆောင်ကြီးအတွင်း၌ ညစာတည်ခင်း၍ ကျွေးမွေးဧည့်ခံကြလေသည်။

ဧည့်ခန်း၌မဆံ့သဖြင့် အချို့ပုဂ္ဂိုလ်များသည် အနောက်ဘက်အဆောင်သို့ နေရာချပေးရလေသည်။

မွေးနေ့မင်္ဂလာပွဲသည် ခြိမ့်ခြိမ့်သဲသဲ ကျင်းပနိုင်ခဲ့လေသည်။

မင်းပေဝေနှင့် သားနှစ်ယောက်ဖြစ်ကြသော မင်းချိန်းနှင့် မင်းရှုတို့သည် စားပွဲများသို့ ကူးသွားကူးလာကာ ဧည့်သည်များအား နှုတ်ဆက်ကြလေသည်။

ထိုစဉ် တံခါးစောင့်တစ်ယောက် ဝင်ရောက်လာပြီး မင်းချိန်း၏ နားသို့ ကပ်၍ တီးတိုးပြောလိုက်လေသည်။

မင်းချိန်း မျက်မှောင်ကုတ်သွား၏။

သူသည် မင်းပေဝေထံသို့ ချဉ်းကပ်၍ တီးတိုးပြောပြလိုက်သည်။

"ဖေဖေ လက်သီးဝိဇ္ဇာ ကွေ့စင်းလုတို့ခနီးမောင်နှံ မွေးနေ့မင်္ဂလာပွဲကို လာနေတယ်"

မင်းပေဝေ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ကျုပ်နဲ့ သူတို့နဲ့ အသွားအလာလဲ မရှိပါလား"

မင်းချိန်းက ...

"သူက ရွှေ (၁၀) ကျပ်သား လာပို့တယ်"

မင်းပေဝေက ...

"ဘာဖြစ်ဖြစ် ရောက်လာမှတော့ သွားကြိုရမှာပေါ့"

သူသည် မင်းချိန်းနှင့်အတူ ဧည့်ခန်းမှ ထွက်ခွာသွားလေသည်။

❂ ❂ ❂

ကွေ့စင်းလု၏အမည်သည် သိုင်းလောကတွင် အလွန်လျှမ်းလျှမ်းတောက် ကျော်ကြားသည်။

သို့သော် ကွေ့စင်းလုမှာ မည်သည့်သိုင်းလောကသားများနှင့်မျှ အပေါင်းအသင်းမလုပ်ပေ။



သူသည် မာနကြီးသည်ဟုဆိုရမည့်အစား သူ့ကိုယ်သူ တစ်သီးတခြားနေတတ်သည်ဟုဆိုလျှင် ပို၍သင့်လျော်မည်ဖြစ်လေသည်။

ယခု ကွေ့စင်းလုတို့က မလာစဖူး မိမိ၏မွေးနေ့မင်္ဂလာပွဲသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိလာသဖြင့် မင်းပေဝေသည် ဝမ်းသာဂုဏ်ယူလေတော့သည်။

ထို့ကြောင့် သူသည် ကိုယ်တိုင်ကိုယ်ကျသွား၍ ကြိုဆိုလိုက်ခြင်းဖြစ်လေသည်။

❂ ❂ ❂

တစ်ခဏအကြာတွင် ...

မင်းပေဝေနှင့် မင်းချိန်းတို့ ဧည့်ခန်းမသို့ ပြန်လည်ဝင်ရောက်လာလေသည်။

သူ့နောက်တွင် ကွေ့စင်းလုတို့ လူစုများပါ လိုက်ပါလာလေသည်။

ဝမ်စိန်ကြည်သည် ကွေ့စင်းလုအား တွေ့မြင်လိုက်သည်နှင့် မတ်တတ်ရပ်၍ အရိုအသေပြုလိုက်လေသည်။

"အစ်ကိုလတ်ကို ဂါရဝပြုပါတယ်"

ကွေ့စင်းလုက ခေါင်းညိတ်ပြလိုက်သည်။

"မင်းလဲ ရောက်နေဟာကိုး"

ကွေ့အော့လျံမှာမူ နှာခေါင်းရှုံ့လိုက်ပြီး စကားမပြောပေ။

မင်းပေဝေက ရယ်မောလိုက်၏။

"ဒီလိုလှျမ်းလှျမ်းတောက်ကျော်ကြားတဲ့အစ်ကိုတစ်ယောက်က ထောက်ခံပေးထားတော့ နယ်ခုနစ်နယ်က ခေါင်းဆောင်ဖြစ်မယ်ဆိုတာလဲ ဖြစ်ထိုက်ပါတယ်ဗျာ"

သူ၏စိတ်ထဲတွင် ဝမ်စိန်ကြည် ငယ်ငယ်ရွယ်ရွယ်နှင့် နယ်ခုနစ်နယ်တ မဟာမိတ်ခေါင်းဆောင်ဖြစ်ရခြင်းမှာ ကွေ့စင်းလု၏ အရှိန်အဝါကြောင့် ဖြစ်သည်ဟု ထင်မှတ်နေ၏။

ကွေ့စင်းလုသည် နားမလည်နိုင်ဘဲ ဖြစ်သွား၏။

"ဗျာ...ဘယ်သူက မဟာမိတ်ခေါင်းဆောင်လဲ"

မင်းပေဝေက ရယ်မောလိုက်သည်။

"ကျုပ် ရယ်စရာပြောမိတာပါ"

သူသည် ကွေ့စင်းလုတို့ငါးယောက်အား နေရာထိုင်ခင်းပေးလိုက်လေသည်။

ကွေ့စင်းလုနှင့် သူ၏ဇနီး ကွေ့အောလျံအပြင် ကျန်ရှိသော သုံးယောက်မှာ မေကျုန့်ဟို၊ လူပေစိမ်းနှင့် စွန်းကျုံးချင်းတို့ ဖြစ်လေသည်။

"ကျုပ်ရဲ့မွေးနေ့ကို မလာစဖူးအလာထူးတဲ့ ကွေ့စင်းလုတို့ခင်ဗျား ဂုဏ်ပြုတဲ့အနေနဲ့ ကျုပ်က အရက်တစ်ခွက်တိုက်ပါရစေ"

မင်းပေဝေသည် အရက်တစ်ခွက်ငှဲ့ပေးလိုက်သည်။

ကွေ့စင်းလုကလည်း အရက်တစ်ခွက်ငှဲ့၍ တုံ့ပြန်လိုက်လေသည်။



ထိုစဉ် ယုံစိန်းအာမခံဌာနမှူးချုပ်ဖြစ်သော တုံ့ခိုင်းစန်းသည် ထိုင်ရာမှ ထလိုက်လေသည်။

"မိတ်ဆွေကြီးခင်ဗျား ကျုပ်အရက်မသောက်နိုင်တော့လို့ ပြန်ခွင့်ပြုပါ"

မင်းပေဝေသည် ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီခင်ဗျာ"

သူသည် မင်းချိန်းအား ...

"မိတ်ဆွေကြီးအနားယူဖို့ နောက်ဘက်အဆောင် ပို့လိုက်ပါ"

ကွေ့စင်းလုက လှည့်ကြည့်လိုက်သည်။

"ကျုပ်က ဌာနမှူးချုပ်ကို လိုက်ရှာနေတာ၊ ဘယ်မှာမှရှာမတွေ့ဘူး၊ ဒီကိုရောက်လာလိမ့်မယ်လို့ စိတ်ထင်ပြီးလာခဲ့တာ၊ တွေ့ ရတော့တာပဲ"

တုံ့ခိုင်စန်း၏မျက်နှာ ကွက်ခနဲပျက်သွားလေ၏။

"ကျုပ်နဲ့ ခင်ဗျားတို့နဲ့ ဘာရန်ငြိုးမှမရှိပါဘူးဗျာ၊ ကျုပ်ကို ဘာကိစ္စနဲ့ လိုက်ရှာနေရတာလဲ"

သူတို့သည် တစ်ယောက်တစ်ခွန်း ပြောလာသောကြောင့် ဧည့်ပရိသတ်များသည် စားသောက်ရာမှ ရပ်တန့်လိုက်ပြီး အာရုံပြုကြလေသည်။

မင်းပေဝေက ကြားဝင်ထိန်းပေးရလေသည်။

"ခင်ဗျားတို့ ဘာတွေဖြစ်နေကြတာလဲဗျာ၊ ပြောပြပါဦး၊ တတ်နိုင်ရင် ကျုပ်က ဖျန်ဖြေပေးပါရစေ"

တုံ့ခိုင်စန်းက ...

"ကျုပ်နဲ့ ကွေ့စင်းလုတို့ ဘာမှမပတ်သက်ပါဘူးဗျာ၊ သူက ဘာကြောင့် ကျုပ်နောက် တကောက်ကောက်လိုက်နေမှန်း မသိပါဘူးဗျာ"

မင်းပေဝေသည် တုံ့ခိုင်စန်းနှင့် ကွေ့စင်းလုတို့မှာ မိမိမွေးနေ့အတွက် လာကြသည်မဟုတ်ဘဲ တစ်ယောက်က ရှောင်တိမ်းရင်း ရောက်လာပြီး ကျန်တစ်ယောက်က လိုက်ရှာရင်း ရောက်လာခြင်းဖြစ်သည်ကို နားလည်လိုက်၏။

သို့သော် တုံ့ခိုင်စန်းက မိမိအပေါ်အားကိုးတကြီးဖြင့် ရောက်လာမှတော့ ဒုက္ခမရောက်စေရန် မိမိမှာ ကူညီရမည့်တာဝန်ရှိသည်ဟု တွေးမိ၏။

သူသည် ကွေ့စင်းလုဘက်သို့ လှည့်လိုက်၏။

"ခင်ဗျားက ဘာကိစ္စပဲရှိရှိ ဒီကနေ့ကလွဲရင် ကျုပ် ဖြေရှင်းပေးပါ့မယ်၊ အားလုံးက မိတ်ဆွေဖြစ်နေကြတဲ့အတွက် အားလုံးအဆင်ပြေနိုင်ပါတယ်"

ကွေ့စင်းလုသည် စကားပြောရာ၌ ပြေပြေလည်လည် ပြောနိုင်စွမ်းမရှိပေ။

ထို့ကြောင့် ဧနီးဖြစ်သူ ကွေ့အော့လျံက ဝင်ပြီး ရှင်းပြလိုက်ရ၏။

သူမသည် ရင်ခွင်ထဲ၌ ပိုက်ထားသော ကလေးငယ်အား လက်ညှိုးထိုး၍ ပြောပြလိုက်၏။



"ကျွန်မခင်ပွန်းမှာ ဒီကလေးတစ်ယောက်ပဲ ရှားရှားပါးပါးရှိပါတယ်၊ အခု သေလုမျောပါးဖြစ်နေပါတယ်၊ ဒါကြောင့် ဌာနမှူးချုပ်ဆီက ဆေးလုံးကလေးပေးပါလို့ လိုက်ပြီးတောင်းပန်မလို့ပါ၊ လူတစ်ယောက်ရဲ့ အသက်ကို ကယ်ကောင်းပါတယ်၊ ကျွန်မတို့လဲ ကျေးဇူးတင်လို့ဆုံးမှာ မဟုတ်ပါဘူးရှင့်"

မင်းပေဝေက တုံ့ခိုင်စန်းဘက်သို့ လှည့်လိုက်၏။

"ဟုတ်သားပဲ ဌာနမှူးချုပ်၊ လူတစ်ယောက်ရဲ့ အသက်ကို ကယ်တင်သင့်ပါတယ်"

တုံ့ခိုင်စန်း အခက်ကြုံရလေ၏။

"ဟုတ်ပါတယ်ဗျာ၊ ဒီဆေးလုံးတွေဟာ ကျုပ်ပစ္စည်းဆိုရင် ဘာပြောစရာလိုသေးလဲ၊ ပေးလိုက်မှာပေါ့၊ ဒါပေမယ့် ..."

သူသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒါပေမယ့် ဒီဆေးလုံးတွေဟာ ဖုံယန်နယ်က နယ်စားကြီးနေပြည်တော်ကို တင်ဆက်ရမယ့် ပစ္စည်းဖြစ်တဲ့အတွက် ကျုပ်ကပေးလိုက်ရင် အာမခံဌာနတစ်ခုလုံး ပိတ်ခံရမယ့်အပြင် ကျုပ်တို့လဲ မင်းပြစ်မင်းဒဏ် ခံရမှာမို့လို့ပါ"

ထိုစကားကြားလိုက်ရသော ဧည့်ပရိသတ်များတို့သည် အခက်ကြုံနေရ၏။

ဧည့်ပရိသတ်များထဲမှ စစ်မှုထမ်းမှ အနားယူသော ဗိုလ်မှူးဟောင်းတစ်ယောက်က ထ၍ အကြံပြုလိုက်၏။

"နေပြည်တော်ကို စေားပိုပစ္စည်းဆိုရင် ဝင်လုတဲ့လူဟာ ဒုက္ခရောက်ကြမှာပေါ့"

ကွေ့အော့လျှံက ...

"ဘယ်သူ့ပစ္စည်းပဲဖြစ်ဖြစ် ကျွန်မတော့ ယူရမှာပဲ"

ဗိုလ်မှူးဟောင်းက ဒေါသထွက်လာ၏။

"ကြည့်စမ်း မိန်းမဖြစ်ပြီး ဘုရင်ကိုတောင် စော်ကားချင်တယ် ပေါ့လေ"

ကွေ့အော့လျှံကလည်း ဒေါသထွက်လာ၏။

"ရှင်နဲ့ ဘာဆိုင်လို့ ဝင်ပြောနေရတာလဲ"

ဗိုလ်မှူးဟောင်းက ...

"ဘုရင်ကို မရိုသေတဲ့လူဟာ လူဆိုးအုန်းဖြစ်ရမယ်"

ကွေ့အော့လျှံက ပို၍ဒေါသထွက်လာ၏။

သူမသည် အသားလုံးတစ်လုံးကို တူဖြင့်ညှပ်၍ ပစ်လိုက်လေသည်။

"ဖုတ်"

အသားလုံးသည် ဟင်းချိုပန်းကန်လုံးထဲ ကျသွားသဖြင့် ဗိုလ်မှူးဟောင်း၏ မျက်နှာတစ်ခုလုံးမှာ ဟင်းချိုများ စဉ်သွားသည်။

ဗိုလ်မှူးဟောင်းက မနေနိုင်တော့ပေ။

ထိုင်ရာမှထလိုက်ပြီး ကွေ့အော့လျှံထံသို့ လျှောက်လာလေသည်။

သိုင်းရာဇာတစ်ဦးဖြစ်သော ချန်းယိုကုက သူ့အား ဆွဲထားလိုက်၏။



"ခင်ဗျား ထိုင်နေပါ၊ ကျုပ် သွားဆုံးမလိုက်မယ်"

သူသည် ကွေ့စင်းလုထိုင်နေသော စားပွဲသို့ လျှောက်သွားပြီး ငွေတုံးဖာစ်တုံး ထုတ်ယူလိုက်၏။

ထို့နောက် ငွေတုံးကလေးအား စားပွဲပေါ်၌တင်ထားပြီး လက်ဝါးဖြင့် ဖိချလိုက်ရာ ငွေတုံးကလေးသည် စားပွဲထဲသို့ ချိုင့်ဝင်သွား၏။

ကွေ့စင်းလုက မျက်မှောင်ကုတ်သွား၏။

"ငါ့ကို သက်သက်လာပြီး ခြိမ်းခြောက်တာပဲ၊ ကြည့်ကြသေး တာပေါ့"

သူသည် ယင်းသို့တွေးရင်း လက်ဝါးပေါ်သို့ အတွင်းအား စုစည်းလိုက်ပြီး စားပွဲအောက်သို့ လက်လျှို၍ လက်ဝါးဖြင့်အပေါ် ပင့်လိုက်ရာ ချိုင့်ဝင်နေသော ငွေတုံးကလေးသည် စားပွဲမျက်နှာပြင် ပေါ်သို့ ပြန်လည်ပေါ်ထွက်လာ၏။

ချန်းယိုကု၏ မျက်နှာ နီရဲသွား၏။

သူသည် မင်းပေဝေအား လက်နှစ်ဖက်ဆုပ်၍ နှုတ်ဆက် လိုက်၏။

"ကျုပ်တော့ အရှက်ရသွားပြီ၊ ပြန်တော့မယ်"

မင်းပေဝေက အားတုံ့အားနာဖြစ်သွားသည်။

"အို ...မပြန်ပါနဲ့ဗျာ၊ နောက်ဘက်ဆောင်မှာ အနားယူလိုက် ပါဦး"

ချန်းယိုကသည် စကားတစ်ခွန်းမျှ ထပ်မံပြောတော့ဘဲ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။

○ ○ ○

မင်းပေဝေ၏မျက်နှာတစ်ခုလုံးမှာ ညိုမည်း၍နေ၏။

ကွေ့စင်းလုကြောင့် မိမိ၏မွေးနေ့မှာ မလှမပဖြစ်သွားလေသည်။

သူသည် ကွေ့စင်းလုအား မကျေမနပ်ဖြစ်နေသော်လည်း လူအများရှေ့တွင် ထိန်းသိမ်းရမည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် ကွေ့စင်းလုအား လက်နှစ်ဖက်ဆုပ်လိုက်ပြီး ...

"မိတ်ဆွေ ...ကနေ့ဟာ ကျုပ်ရဲ့မွေးနေ့ဆိုတာ သတိထားစေချင်ပါတယ်"

ကွေ့စင်းလုက အားတုံ့အားနာ ဖြစ်သွားသည်။

"အခုလို မမျှော်လင့်ဘဲ နှောင့်ယှက်မိတာ ဝမ်းနည်းပါတယ်ဗျာ"

သူသည် တောင်းပန်လိုက်သည်။

ထိုစဉ် တုံ့ခိုင်စန်းက သူ၏စားပွဲမှ ထွက်ခွာသွားသည်။

ကွေ့စင်းလုက ဟန့်တားလိုက်သည်။

"ဒီမှာ ဆေးလုံးထားခဲ့ပါ၊ ခင်ဗျားကို ဒုက္ခမပေးပါဘူး"

တုံ့ခိုင်စန်းက သည်းမခံနိုင်တော့ပေ။



"ကျုပ်က ခင်ဗျားကို မနိုင်မှန်းသိထားတယ်၊ ဒါပေမယ့် ကျုပ်ရဲ့အသက် အသေခံမယ်၊ ဆေးလုံးတော့ မပေးနိုင်ဘူး"

ကွေ့အော့လျုံက ရှေ့သို့ ချဉ်းကပ်သွားသည်။

"ရှင့်အသက်ကို ဘာဖြစ်လို့ အန္တရာယ်ပေးရမှာလဲ၊ ဆေးလုံးသာ ပေးခဲ့ပါရှင်"

မင်းချိန်းက မနေနိုင်တော့ပေ။

သူသည် တုံ့ခိုင်စန်းရှေ့တွင် ရပ်လိုက်၏။

"ကျုပ်အဖေရဲ့ မွေးနေ့ကို အနှောင့်အယှက်မပေးပါနဲ့၊ ခင်ဗျားတို့ကိစ္စ အပြင်မှာ သွားရှင်းကြပါ"

ကွေ့စင်းလု ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ ကျုပ်သွားမယ်၊ ဌာနမှူးချုပ်လဲ လိုက်ခဲ့"

သို့သော် တုံ့ခိုင်စန်းက မသွားဘဲ ရပ်မြဲရပ်နေ၏။

ကွေ့စင်းလုက သူ၏ပခုံးအား လှမ်းဆွဲလိုက်သည်။ တုံ့ခိုင်စန်းက ရှောင်တိမ်းလိုက်ရာ ...

"ဗြဲ ..."

သူ၏အင်္ကျီပခုံး စုတ်ပြဲသွားသည်။

မင်းချိန်းက တုံ့ခိုင်စန်းအား ကာကွယ်ပေးလိုက်သည်။

"ရပ်လိုက်"

ကွေ့စင်းလု ရပ်တန့်လိုက်သည်။

မင်းချိန်းက ကွေ့စင်းလုအား မကျေမနပ်ဖြင့်ကြည့်လိုက်၏။

"ဌာနမှူးချုပ်က ကျုပ်တို့ဧည့်သည်ဗျ၊ သူ့ကိုစော်ကားရင် ကျုပ်တို့ကို စော်ကားသလိုပဲ မှတ်မယ်"

ကွေ့စင်းလုက ...

"မင်းက ဘာလုပ်ချင်လို့လဲ"

မင်းချိန်းက ...

"ခင်ဗျားတို့က ဟွဲ့ခိုင်စန်းနဲ့ ရှင်းစရာရှိတယ်ဆိုရင် တခြားနေရာ သွားပါ၊ ဒီမှာလာမရှုပ်နဲ့"

ကွေ့အောင့်လျံက ...

"ရှုပ်တော့ မင်းက ဘာလုပ်ချင်သလဲ"

မင်းပေဝေသည် ဒေါသထွက်လွန်း၍ မျက်နှာတစ်ခုလုံး နီရဲသွားသည်။

"ကျုပ်တို့ကို စိန်ခေါ်တယ်ပေါ့၊ ရပါတယ်"

သူသည် အိမ်သားများအား စားပွဲများ၊ ကုလားထိုင်များ ရွှေ့ခိုင်းလိုက်ပြီး ခန်းမဆောင်အလယ်တွင် ယှဉ်ပြိုင်မည့်နေရာစီစဉ်ပေးလိုက်သည်။

မင်းချိန်းက ...

"ပေပေ ဒီကနေ့ဟာ ပေဖေ့ရဲ့မွေးနေ့ပါ၊ ကျွန်တော်ပဲ သူတို့နဲ့ ရှင်းမယ်"

သူသည် ကွေ့စင်းလုအား လက်နှစ်ဖက်ဆုပ်၍ ...

"ကဲ ...ခင်ဗျားတို့က အနှောင့်အယှက်ပေးချင်တယ်ဆိုရင် ကျုပ်က အဆင်သင့်ရှိပါပြီ"



ကွေ့အောင့်လျံက ရယ်မောလိုက်၏။

"မင်းက ကျုပ်ယောက်ျားနဲ့ ယှဉ်ပြိုင်မလို့ မဟုတ်လား၊ နောက်ထပ် အနှစ်နှစ်ဆယ်လောက် ကျင့်ပါဦး"

မင်းချိန်းသည် လူငယ်ပီပီ လုံးဝသည်းခံနိုင်စွမ်းမရှိတော့ချေ။

"ခင်ဗျားတို့ကော ဘာတွေမို့လို့လဲ ကျုပ်တို့ကို နိုင်ခဲ့ရင် ခင်ဗျားတို့သဘောပဲ၊ ကျုပ် လက်ပိုက်ကြည့်ရုံပေါ့"

ကွေ့စင်းလုက ...

"မင်း ငါ့ရဲ့သိုင်းကွက် သုံးကွက်ခံနိုင်ပါ့မလား"

မင်းချိန်းက ရယ်မောလိုက်သည်။

"စကားလုံးတော့ ကြီးလိုက်တာ၊ ခံနိုင်တယ်ဆိုရင်ကော"

ကွေ့စင်းလုက ...

"ကျုပ်က မင်းကို ဦးချမယ်၊ တို့ခိုင်စန်းကိစ္စလဲ လုံးဝမေ့လိုက်တော့မယ်"

မင်းချိန်းက ခေါင်းညိတ်လိုက်သည်။

"ကြိုက်သွားပြီ၊ ကျုပ် အဆင်သင့်ဖြစ်ပြီ"

သူသည် ပြောရင်း ခြေထောက်နှစ်ဖက်ကို မြေပေါ်၌ မြဲမြဲစွာ ရပ်ထားသည်။

ကွေ့စင်းလုက ...

"ကဲ ...သတိထား ကျုပ်လာပြီ"

သူ၏လက်သီးတစ်လုံးဖြင့် မင်းချိန်းထံသို့ ပစ်သွင်းလိုက်၏။

မင်းချိန်း လက်နှစ်ဖက်ဖြင့် ခံပေးလိုက်သည်။

"ဝုန်း..."

မင်းချိန်းသည် ခြေထောက်လုံးဝမရွေ့ဘဲ ရပ်မြဲရပ်နေ၏။

ကွေ့စင်းလုက ကြိတ်၍ချီးကျူးမိသည်။

"အင်း...ဒီလူက ငယ်ငယ်နဲ့ ဘယ်ဆိုးလို့လဲ"

သူသည် ကြိတ်၍တွေးမိပြီး ထပ်မံတိုက်ခိုက်လိုက်လေ၏။

"ဝုန်း..."

မင်းချိန်းသည် ကွေ့စင်းလု၏ ဒုတိယလက်သီးအား ခံပေးပြန်၏။

သူ၏ခန္ဓာကိုယ်သည် အနည်းငယ်မျှသာ ရွေ့သွား၏။

သို့သော် ရပ်မြဲရပ်နေ၏။

ပရိသတ်များ မင်းချိန်းအပေါ် ချီးကျူးကြလေတော့၏။

အမှန်မှာ မင်းချိန်းသည် ရှိသမျှအင်အားကိုစုစည်းပြီး ခုခံရသဖြင့် တစ်ကိုယ်လုံးမှာ အင်အားကုန်ခန်းသွားပြီ ဖြစ်လေ၏။

ကွေ့စင်းလုသည် ဤအကြောင်းကို လုံးဝမသိပေ။

သူသည် နောက်ဆုံးသိုင်းကွက်တစ်ကွက်တည်းသာ ကျန်တော့သသဖြင့် သူ၏အတွင်းအားများ အပြည့်အဝကို အသုံးပြုပြီး တိုက်ခိုက်လေ၏။

"ဝုန်း..."

ဤတစ်ကြိမ် မင်းချိန်း၏ခန္ဓာကိုယ်သည် နောက်သို့လွင့်စဉ်သွားပြီး မြေပေါ်သို့ လဲကျသွားလေသည်။

ကွေ့စင်းလု အံ့အားသင့်သွားသည်။



ပရိသတ်များလည်း အံ့အားသင့်ကုန်ကြသည်။

မင်းပေဝေ ရင်ထိတ်သွားသည်။

သူသည် သားဖြစ်သူအား ပွေ့ဖက်၍ကြည့်လိုက်သောအခါ မင်းချိန်းလည်း သေလုမြောပါးဒဏ်ရာရရှိသွားသည်ကို တွေ့မြင်လိုက်ရသည်။

သူ၏ရင်ထဲ၌ ခံပြင်းလာသည်။

မျက်ရည်များ စီးကျလာသည်။

မင်းရှု ဒေါသကြီးစွာဖြင့်...

"ကျုပ်အစ်ကိုကိုသတ်တဲ့လူ သေပေတော့"

သူသည် ကွေ့စင်းလုအား တိုက်ခိုက်လိုက်သည်။

မင်းပေဝေလည်း ဒေါသကြီးစွာဖြင့် ကွေ့စင်းလုအား တိုက်ခိုက်လိုက်သည်။

မင်းပေဝေဘက်တော်သားတို့သည် ကွေ့အော့လျှံ၊ စွန်းကျုံချင်း၊ မေကျန့်ဟိုနှင့် လုပေစိမ်းတို့အား တိုက်ခိုက်လေ၏။

ကွေ့အော့လျှံသည် ရင်ခွင်ထဲမှ ကလေးငယ်အား စွန်းကျုံချင်းလက်သို့ ပေးအပ်လိုက်သည်။

"ညည်း ကလေးကိုထိန်းထား၊ သူတို့ကို ငါတိုက်မယ်"

သူမသည် ကလေးငယ်ပေးလိုက်ပြီးနောက် ဝင်ရောက်တိုက်ခိုက်သည်။

တိုက်ပွဲသည် ရှုပ်ထွေးသွားတော့၏။

ထိုစဉ် တုံ့နိုင်စန်း ကောက်ကျစ်စွာ တစ်ချက်ပြုံးလိုက်ပြီး ထိုနေရာမှ တဖြည်းဖြည်း ထွက်ခွာသွားရန် ဟန်ပြင်နေ၏။

ဝူးတာနန်၏စိတ်ထဲမှာ သံသယဖြစ်လာသည်။

ထို့ကြောင့် သူသည် တုံ့နိုင်စန်းလှုပ်ရှားမှုအား သတိပြုအကဲခတ်ကြည့်နေ၏။

တုံ့နိုင်စန်း၏ဟန်မူရာမှာ မှုမမှန်မှန်း သူကအကဲခတ်မိသည်။ သို့သော် မည်သည့်နေရာ မှုမမှန်သည်ကို သူမပြောတတ်ဘဲဖြစ်နေ၏။

ဆားထင်းကန်းက ဝမ်စိန်ကြည်ဘက်သို့ လှည့်ကြည့်လိုက်၏။

"ဒီအတိုင်းကြည့်နေရင် ပြဿနာ ကြီးထွားလာလိမ့်မယ်ထင်တယ်"

ဝမ်စိန်ကြည် သက်ပြင်းချလိုက်သည်။

"ခက်တာပဲဗျာ ...၊ ကျုပ်ရဲ့အစ်ကိုဇနီးက ကျုပ်ကို ကြည့်မရဘူး၊ ကျုပ်ဝင်ရင် ပိုဆိုးသွားနိုင်တယ်"

တုံ့နိုင်စန်းသည် ရှုပ်ထွေးစွာ တိုက်ခိုက်သည့်ကြားမှ တဖြည်းဖြည်းနှင့် ဧည့်ခန်း၏နောက်ဘက်သို့ ချဉ်းကပ်သွားလေ၏။

စားပွဲပေါ်တွင် အသီးအနှံများ၊ ဂျုံဖြင့်ပြုလုပ်ထားသော မက်မန်းသီးများ အစီအရီရှိနေသည်ကို တွေ့ရသည်။

တုံ့နိုင်စန်းသည် စားပွဲအနီးသို့ ရောက်ရှိသွားသောအခါ ဘေးပတ် ်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက် ဂျုံဖြင့်ပြုလုပ်ထားသော မက်မန်းသီးတစ်လုံးအား လှမ်းယူထားလိုက်လေသည်။



ထိုအခြင်းအရာကို မည်သူကမျှမမြင်တွေ့လိုက်ရသော်လည်း စောရသိုင်းသမား ဝူးတာနန်က တွေ့မြင်လိုက်သည်။

သူသည် ဝမ်စိန်ကြည်၏နားသို့ ကပ်၍ တီးတိုးပြောလိုက်လေသည်။

ဝမ်စိန်ကြည်၏မျက်နှာတစ်ခုလုံး အံ့သြသည့်အရိပ်အယောင်များ ပေါ်လွင်လာသည်။

"ခင်ဗျား သေချာရဲ့လား"

ဟု တီးတိုးပြန်မေးလိုက်၏။

ဝူးတာနန်က သူ၏ရင်ဘတ်အား လက်ဝါးဖြင့်ပုတ်ပြလိုက်၏။

"သေချာပါတယ်ဗျာ"

ဟု ရဲဝံ့စွာ အာမခံလေသည်။

ဝမ်စိန်ကြည် မျက်မှောင်ကုတ်၍ စဉ်းစားလိုက်၏။

ထိန်ချင်းချိုက စိုးရိမ်စွာ ပြောသံကြားလိုက်လေသည်။

"မြန်မြန် ဖျန်ဖြေပေးမှထင်တယ်၊ ကွေ့စင်းလုတို့လူများနဲ့ မင်းပေစေတို့လူစုကတော့ သူသေကိုယ်သေ တိုက်ပွဲဝင်နေကြပြီဗျာ"

ဝမ်စိန်ကြည်သည် စဉ်းစားဆင်ခြင်ရန် အချိန်မရတော့ပေ။

သူသည် တိုက်ပွဲရှိရာသို့ ပြေးလွှားသွားသည်။

စွန်းကျုံးချင်းက ဝမ်စိန်ကြည်မှာ မိမိတို့ဘက်မှ ဝင်ရောက်ကူညီရန် ဝင်လာခြင်းဖြစ်သည်ဟု ယူဆထား၏။

သို့သော် ...

ဝမ်စိန်ကြသည် သူမထံသို့ရောက်ရှိလာသည်နှင့် သူ၏လက်

ညှိုးနှင့်လက်ခလယ် လက်ချောင်းနှစ်ချောင်းသည် သူမ၏မျက်လုံးအစုံသို့ တိုက်ခိုက်လိုက်လေသည်။

စွန်းကျုံးချင်းသည် အထင်နှင့်အမြင် ကွဲလွဲခြားနားသွားသည်ကို သိရှိလိုက်သည်။

သူမ၏လက်နှစ်ဖက်သည် ကလေးပွေ့ချီထားသည်ကို သတိမထားနိုင်တော့ဘဲ လက်နှစ်ဖက်ဖြင့် ကာကွယ်လိုက်၏။

သူမသည် ကလေးအား သတိရလာသောအခါ ဝမ်စိန်ကြည်သည် ကလေးငယ်အား လုယူသွားသည်။

❂ ❂ ❂

စွန်းကျုံးချင်း ထိတ်လန့်တုန်လှုပ်သွား၏။

"ဆရာ ကလေးလုသွားပြီ"

သူမသည် အော်ဟစ်၍ပြောပြရင်း ဝမ်စိန်ကြည်နောက်သို့ လိုက်သွား၏။

ကွေ့အောလျံသည် အော်သံကြား၍လှည့်ကြည့်ရာ ဝမ်စိန်ကြည်က ကလေးအား ပွေ့ချီယူသွားပြီး စွန်းကျုံးချင်းက နောက်မှလိုက်နေသည်ကို တွေ့မြင်လိုက်ရသည်။

"ဟေ့ ...ခွေးတိရစ္ဆာန် ငါ့ကလေးပြန်ပေး"

သူမက အော်ရင်း ပြေးလိုက်သွား၏။

ကွေ့စင်းလုလည်း ပြေးလွှားရောက်ရှိလာသည်။

ဝမ်စိန်ကြည်က စားပွဲတစ်လုံးပေါ်သို့ ခုန်တက်လိုက်၏။



"အားလုံး ရပ်လိုက်ပါ"

တိုက်ခိုက်နေကြသောလူများသည် အလိုအလျောက် ရပ်တန့်သွားကြလေသည်။

ကွေ့အောလျံက ဝမ်စိန်ကြည်ထံ ပြေးသွားမည်ပြုစဉ် ကွေ့စင်းလုက သူမ၏လက်ကိုဆွဲထားလိုက်သည်။

"ခဏနေဦး ...၊ သူဘာပြောမလဲဆိုတာ နားထောင်"

ဝမ်စိန်ကြည် ချောင်းတစ်ချက်ဟန့်လိုက်၏။

"ကျုပ်ပြောမယ့်စကားကို သေသေချာချာ နားထောင်စေချင်ပါတယ်၊ အခုလို အချင်းချင်းအထင်လွဲအောင်လုပ်တဲ့ မန်ချူးနယ်ချဲ့ရဲ့ လုပ်ကြံမှုထဲ မကျရောက်အောင် စိတ်ကိုထိန်းချုပ်ထားကြပါခင်ဗျာ"

တိုက်ပွဲကရပ်တန့်သွားသဖြင့် အားလုံးသော လူများသည် ဝမ်စိန်ကြည် ပြောမည့်စကားများကို နားစွင့်နေကြလေ၏။

ဝမ်စိန်ကြည် စကားဆက်လိုက်၏။

"ကွေ့စင်းလုရဲ့သားငယ်က ပြင်းထန်တဲ့ ဝေဒနာခံစားနေရပါတယ်၊ ကလေးငယ်ရဲ့ အသက်ချမ်းသာဖို့ရာ တုံ့ခိုင်စန်းဆီက ဆေးလုံးပေါ်မှာ မူတည်ပါတယ်၊ ဒါကြောင့် ကျုပ်ရဲ့အစ်ကိုကြီးနဲ့ အစ်မကြီးတို့က တုံ့ခိုင်စန်းဆီက ဆေးလုံးပေးဖို့ မေတ္တာရပ်ခံခဲ့ပါတယ်၊ အဲဒါကို တုံ့ခိုင်စန်းက မပေးဘဲ နေပြည်တော်ကိုပို့ဖို့ဆိုပြီး လိမ်းလည်ပြောဆိုနေပါတယ်"

သူ၏စကားကြောင့် ပရိသတ်များ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။

ဝမ်စိန်ကြည်က စကားဆက်လိုက်လေသည်။

"နောက်တစ်ခု ပြောချင်တာက တုံ့ခိုင်စန်းဟာ မရိုးသားတဲ့ လူတစ်ယောက်ပါ၊ ဒီမွေးနေ့မင်္ဂလာပွဲမှာ ကျုပ်တို့သိုင်းသမားအချင်းချင်း သွေးကွဲအောင် ဖန်တီးတဲ့ တရားခံအစစ်တစ်ယောက်ပါ"

တုံ့ခိုင်စန်းက မခံမရပ်နိုင်ဖြစ်သွားလေ၏။

"ဒီမှာ ဝမ်စိန်ကြည်၊ ခင်ဗျား ကျုပ်ကို အခုလိုစွပ်စွဲပြောဆိုနေတာဟာ အထောက်အထားရှိသလား"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"အထောက်အထား တွေ့ရလို့ အခုလို ကြွရောက်လာတဲ့ ပရိသတ်ကို ရှင်းပြနေတာပေါ့"

ကျွေ့စင်းလု မျက်မှောင်ကုတ်၍ နားထောင်နေ၏။

ကျွေ့အော့လျံမှာမူ မိမိကလေးအတွက် ရင်မအေးဖြစ်နေ၏။

"ဝမ်စိန်ကြည် ငါ့ကလေးပြန်ပေး"

ဝမ်စိန်ကြည်က ဦးညွှတ်လိုက်သည်။

"ခဏလေးစောင့်ပါ အစ်မကြီး၊ ကျွန်တော် စကားဆုံးအောင် ပြောပါရစေ"

သူသည် တုံ့ခိုင်စန်းအား စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျားရဲ့အကြံအစည်က တော်တော်ယုတ်မာတယ်၊ လူအများရှေ့မှာ ခင်ဗျားရဲ့အကြံကို ဖော်ထုတ်ရမှာပဲ"

သူသည် ဝူးတာနန်ဘက်သို့ လှည့်လိုက်၏။



"ကဲ ...ငါ့ညီ မင်းပြောတဲ့သက်သေခံပစ္စည်း ထုတ်ပြလိုက်ပါဦး"

ဝူးတာနန်က ခေါင်းညိတ်လိုက်သည်။

သူသည် စားပွဲပေါ်ရှိ ဂျုံဖြင့်ပြုလုပ်ထားသော မက်မန်းသီးတစ်လုံးအား အသာအယာလှမ်းယူလိုက်သည်။

ထိုမက်မန်းသီးသည် အုန်းသီးတစ်လုံးအရွယ်ခန့် ရှိသည်။

ဝမ်စိန်ကြည်က မင်းပေဝေဘက်သို့ လှည့်လိုက်၏။

"ဒီမက်မန်းသီးကြီးကို ဘယ်သူက လက်ဆောင်ပေးလိုက်တာလဲ"

တုံ့ခိုင်စန်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

မင်းပေဝေသည် တုံ့ခိုင်စန်းအား တစ်ချက်ကြည့်လိုက်သည်။

"တုံ့ခိုင်စန်းပါ"

ဝမ်စိန်ကြည်က ပြုံးလိုက်လေသည်။

သူသည် ဝူးတာနန်အား ပြုံးပြလိုက်၏။

"ကဲ ...ငါ့ညီ၊ မင်းပြောသလို ဖွဲ့ကြည့်စမ်းပါ"

ဝူးတာနန်သည် ဂျုံဖြင့်ပြုလုပ်ထားသော မက်မန်းသီးအား ထက်ခြမ်းဖွဲ့လိုက်ရာ မက်မန်းသီး၏အတွင်း၌ ယမ်းမှုန့်များကို တွေ့ ရှိရလေသည်။

မင်းပေဝေသည် ကြောင်အမ်းအမ်းဖြစ်သွားသည်။

"အထဲမှာ ယမ်းမှုန့်တွေပါလား"

သူသည် တုံ့ခိုင်စန်းဘက်သို့ လှည့်ကြည့်လိုက်၏။

"ခင်ဗျား ဘာတွေလုပ်ထားတာလဲ"

တုံ့နိုင်စန်းက မပြောဘဲ ခေါင်းငုံ့ထားသည်။

ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"သူက ပြဿနာရှုပ်ထွေးအောင်လုပ်ပြီး ယမ်းမီးများဖောက်ပြီး ဖျက်ဆီးဖို့ကြံစည်နေတာဗျ"

မင်းပေဝေက တုံ့နိုင်စန်းအား လှည့်ကြည့်လိုက်၏။

"မင်းက ဘာဖြစ်လို့ဒီလိုကြံစည်ရတာလဲဗျ"

ဝမ်စိန်ကြည်က ရယ်မောလိုက်သည်။

"သူက တုံ့နိုင်စန်းမဟုတ်ပါဘူး"

သူ၏စကားကြောင့် ညီပရိသတ်အားလုံးတို့သည် ကြောင်အမ်းအမ်း ဖြစ်ကုန်ကြသည်။

မင်းပေဝေသည် ဝမ်စိန်ကြည်အား လှည့်ကြည့်လိုက်၏။

သူ၏အကြည့်သည် နားမလည်နိုင်သောအကြည့် ဖြစ်လေသည်။

ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"ခင်ဗျားတို့က တုံ့နိုင်စန်းကို တွေ့ဖူးမြင်ဖူးတယ် မဟုတ်လား"

ဝမ်စိန်ကြည်၏စကားသည် မင်းပေဝေအဖို့ ပို၍ ကြောင်အမ်း ဖြစ်သွားစေသည်။

"တွေ့ဖူးမြင်ဖူးသားပဲ၊ အဲဒါ ဘာဖြစ်သလဲ"

"အခု သူ့ကိုကြည့်ပါ၊ သူ့ရဲ့မျက်နှာမှာ အရင်လိုမှဲ့ရှိသလား"



ဝမ်စိန်ကြည်စကားကြောင့် မင်းပေဝေသည် တုံ့နိုင်စန်း၏ မျက်နှာကို သေသေချာချာ ကြည့်လိုက်လေသည်။

ရုတ်တရက် သူ၏လက်တစ်ဖက်သည် တုံ့နိုင်စန်း၏ သွေးကြောအား ပိတ်လိုက်၏။

တစ်ဆက်တည်း သူသည် တုံ့နိုင်စန်း၏မျက်နှာပေါ်တွင် ကပ်ထားသော မျက်နှာဖုံးတုအထပ်အား ခွာချလိုက်လေသည်။

အဖြစ်အပျက်က လျင်မြန်လွန်းလှသည်။

သို့သော် ဖြစ်ရပ်အမှန်ကို သိရှိလိုက်သောအခါ ပြဿနာများသည် ပြေလည်သွားစေ၏။

ယခုဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အားလုံးတို့ကို ပရိသတ်များက ကောင်းစွာသိရှိ နားလည်သဘောပေါက်ထားလေသည်။

နယ်ချဲ့မန်ချူး၏ လက်ပါးစေတစ်ယောက်က သိုင်းသမားများ ပြိုကွဲသွားစေရန်၊ ပျက်စီးသွားစေရန် တုံ့နိုင်စန်းအသွင် ရုပ်ဖျက်၍ လုပ်ကြံနေခြင်း ဖြစ်၏။

ယင်းကိစ္စမှာ တုံ့နိုင်စန်းကိုယ်တိုင် ရောက်ရှိလာသောကြောင့် အလွန် မျက်လုံးလျင်သော ဝူးတာနန်က တွေ့မြင်သွားသဖြင့် ဝမ်စိန်ကြည်အား တီးတိုးပြောဆိုပြီး ဝမ်စိန်ကြည်က အချိန်မီ ဖော်ထုတ်လိုက်ခြင်း ဖြစ်၏။

နယ်ချဲ့မန်ချူးလက်ပါးစေမှာ တုံ့နိုင်စန်းအစစ်က ခရီးလွန်

နေသဖြင့် ရောက်လာလိမ့်မည်ဟု မထင်မိသောကြောင့် သူတို့၏ အကြံအစည် ပြိုကွဲပျက်စီးသွားရတော့၏။

○ ○ ○

တုံနိုင်စန်းသည် မိမိပါလာသော ဆေးလုံးဖြင့် ကွေ့စင်းလု၏ ကလေးငယ်အား တိုက်ကျွေးလိုက်ရာ ကွေ့စင်းလု၏ကလေးငယ် သည် ချက်ချင်းပင် သက်သာရာရသွား၏။

ကွေ့စင်းလုတို့ဇနီးမောင်နှံသည် ဝမ်စိန်ကြည်၏ မှန်ကန်သော စိတ်ထားကို တွေ့ရှိရသဖြင့် ယခင်ကကဲ့သို့ အထင်မလွဲတော့ဘဲ ကျေးဇူးတင်စကား ပြောလိုက်သည်။

ကွေ့စင်းလုသည် မင်းပေဝေအား တောင်းပန်လိုက်၏။

မင်းပေဝေမှာမူ မိမိ၏သားဖြစ်သူ မင်းချိန်းမှာ ဒဏ်ရာပြင်းထန်စွာ ရလိုက်သဖြင့် စိတ်မကောင်းဖြစ်နေ၏။

"ခင်ဗျားသားက သက်သာသွားလို့ ဝမ်းသာနိုင်ပေမယ့် ကျုပ် သားကတော့ သေမှာပဲ"

သူသည် ပြောရင်း အသံတိမ်ဝင်သွား၏။

သူသည် ပြောပြီးသည်နှင့် သားဖြစ်သူ မင်းချိန်းအား ဧည့်ခန်းသို့ သယ်ဆောင်သွားရန် အမိန့်ပေးလိုက်၏။

"ခဏနေပါဦး..."

ဝမ်စိန်ကြည်က ဟန့်တားလိုက်၏။



မင်းပေဝေက မျက်ရည်များကျလျက် ဝမ်စိန်ကြည်အား လှည့် ကြည့်လိုက်၏။

"ဘာလုပ်ဦးမလို့လဲ"

ဝမ်စိန်ကြည်သည် မင်းချိန်းအနီးသို့ လျှောက်သွားရင်း...

"ကျုပ် ကြည့်ပါရစေဦး"

သူသည် မင်းချိန်း၏ သွေးကြောများကို စမ်းသပ်ကြည့် လိုက်သည်။

မင်းချိန်း၏ သွေးကြောများ လည်ပတ်နေသေးသည်ကို တွေ့ လိုက်၏။

သူသည် ဝူးတာနန်ပေးလိုက်သော ဘူးကလေးအား ဖွင့်လိုက် ပြီး ဖားပြုပ်ဖြူတစ်ကောင်အား ကြေညက်အောင် ထုထောင်းပြီး အရည်ဖျော်၍ တိုက်ကျွေးလိုက်၏။

တစ်ခဏအကြာတွင် မင်းချိန်းသည် ပုံမှန်အသက်ရှူလာနိုင်၏။

နောက်ထပ် တစ်ခဏအကြာတွင် မင်းချိန်း ထထိုင်နိုင်ပြီ ဖြစ်၏။

မင်းပေဝေသည် မိမိ၏သား အသက်ဘေးမှ လွတ်မြောက် လာသည်ကို တွေ့ရသဖြင့် ဝမ်းသာပီတိဖြစ်သွား၏။

သူသည် ဝမ်းသာအဲလဲဖြင့် ဝမ်စိန်ကြည်အား ကျေးဇူးတင်၍ မဆုံးဘဲ ဖြစ်နေတော့၏။

"ဝမ်းသာလိုက်တာဗျာ၊ ကျုပ်ရဲ့ မွေးနေ့မှာ စိတ်ဆင်းရဲမှုနဲ့ ကြုံရမယ့်ဆဲဆဲ၊ အခုလို ဝမ်းသာစရာတွေကို တွေ့ရတဲ့အတွက်

ကျုပ် ဝမ်းသာပီတီဖြစ်မိပါတယ်၊ ဒါကြောင့် ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်များ ဆက်လက်ပြီး အားရပါးရ စားသောက်ကြပါလို့ မေတ္တာရပ်ခံပါတယ်ဗျာ"

မင်းပေဝေ၏ အားရပါးရ ဆိုလိုက်သော စကားကြောင့် ဧည့်ပရိသတ်များသည် ဝမ်းသာပီတိဖြစ်ကုန်ကြပြီး ပျော်ရွှင်စွာ ပြန်လည်စားသောက်ကြကုန်တော့၏။

○ ○ ○

နောက်တစ်နေ့ ...။

ကွေ့စင်းလုတို့လူစုများသည် မင်းပေဝေအား နှုတ်ဆက်၍ ထွက်ခွာသွားကြ၏။

ဝမ်စိန်ကြည်တို့လူစုလည်း မင်းပေဝေအား နှုတ်ဆက်စကား ပြောပြီး အထက်သို့ဆန်၍ ခရီးထွက်ခွာသွား၏။

ဝမ်စိန်ကြည်၏လူစုမှ ဝင်ချင်းချင်း၊ ထိန်ချင်းချို၊ ဆားထင်းကန်း၊ စွန်းကျုံးချင်းတို့အပြင် ဝူးတာနန်နှင့် ရိစမ်းတို့နှစ်ယောက် ပါဝင်လာပြန်၏။

သူတို့သည် သံသဗ္ဗောများအား သယ်ဆောင်၍ အေးဆေးစွာ ထွက်ခွာသွားကြလေ၏။

○ ○ ○

ဝမ်စိန်ကြည်တို့လူစုသည် ကောင်ပိမြို့ကလေးသို့ ရောက်ရှိလာသောအခါ နေဝင်ချိန် ဖြစ်လေသည်။



သူတို့သည် ခရီးပန်းလာကြသဖြင့် အိပ်ရာသို့ စောစောဝင်ကြသည်။

ထိုအချိန်မှာပင် အသံများ မြည်ဟိန်းစွာ ထွက်ပေါ်လာပြီး လူသံသူသံများသည် ဆူဆူညံညံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

တည်းခိုခန်းထဲသို့ လူစုများ ဝင်ရောက်လာသည်။

ဝမ်စိန်ကြည်တို့သည် အိပ်၍မရသဖြင့် ထွက်ကြည့်ကြရာ တည်းခိုခန်းထဲသို့ ဝင်ရောက်လာကြသော လူများမှာ အရပ်ထောင်ထောင်မောင်းမောင်း၊ နှာခေါင်းကြီးကြီး၊ မျက်လုံးပြာနှင့် လူမျိုးခြားများ ဖြစ်ကြသည်ကို တွေ့ရသည်။

အထူးသဖြင့် တည်းခိုခန်းရှေ့တွင် ကြီးမားသော အမြောက်ဆယ်ခု တန်းစီ၍ ထားသည်ကို တွေ့ရသည်။

အားလုံး အံ့သြသွားသည်။

ယင်းအမြောက်များသည် မည်သည့်နေရာသို့ သယ်ဆောင်သွားကြမည်ကို စိတ်ဝင်စားကြသည်။

အထူးသဖြင့် ...

ဝူးတာနန်၊ ထိန်ချင်းချိုတို့သည် အမြောက်များကို မမြင်ဖူးသဖြင့် သူတို့သည် အမြောက်များရှိရာသို့ သွားရောက်ပြီး အနီးကပ်ကြည့်ရှုသည်။

အမြောက်ကြီးသည် အလွန်ကြီးမား၍ လေးလံသည်။

ထို့ကြောင့် အမြောက်တစ်လက်ကို မြင်းရှစ်ကောင်ဖြင့် ဆွဲရသည်။

ထိန်ချင်းချိုက ဂူးတာနန်အား ပြုံးပြလိုက်သည်။

"မင်း ဘာမဆို ရအောင်ခိုးတယ်၊ အမြောက်တစ်လက်လောက် ခိုးပြပါလား"

ဆားထင်းကန်းက ခေါင်းခါယမ်းလိုက်သည်။

"မလုပ်ပါနဲ့ဗျာ ...၊ ဒီအမြောက်တွေဟာ နယ်ချဲ့မန်ချူးတပ်ကို ဖြိုခွဲဖို့ဗျ ..."

ထိန်ချင်းချိုက ပခုံးတစ်ချက် တွန့်လိုက်၏။

"ကဲ ...ဒါဆိုရင် တို့ အေးအေးဆေးဆေး ပြန်အိပ်ပါတော့မယ်"

သူတို့သည် မိမိအခန်းသို့ ကိုယ်စီကိုယ်ငှ ပြန်သွားကြသည်။

· စာစဉ် (၅) ပြီး၏။

မိုးကျော်သူ